ရတနာစံဦးတိုက်


ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

ကမ္မဋ္ဌာနာစရိယ


## ဝနဝါသီ အရှင်ဝါယာမိန္ဒ

# တောရစံပျော် မြတ်သူတော်

(ပထမပိုင်း)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



**ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ**

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)




သိက္ခာထပ် အကြိမ် (၂၀၀) ပြည့်

ရဟန်းဒါယကာဦးအောင်နိုင် + ရဟန်းဒါယိကာမ ဒေါ်စန်းစန်းယုမိသားစု၊ ထားဝယ်မြို့။



ရဟန်းဒါယကာ၊ ဒါယိကာမများ၊ ထားဝယ်မြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရဟန်းဒါယကာ ဦးမြင့်စိန် + ရဟန်းဒါယိကာမ ဒေါ်လှကြည်
(မြင်းကျား ဆေးပေါ့လိပ်၊ ပဲခူးမြို့)။



ရဟန်းဒါယိကာမများ (ပဲခူးမြို့)။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# လ ပမာကျင့်သုံးရာ

လသည် လဆန်းပတ်၌ တိုး၍တိုး၍ သာလာ၏။ ထို့အတူ ယောဂီသည် အကျင့်သီလဆောက်တည်ခြင်း၊ သတိပဋ္ဌာန်ပွားများခြင်း၊ နိုးကြားတက်ကြွခြင်း စသည်တို့၌ တိုး၍ သာလာစေရာ၏။

လသည် ကြယ်တာရာအပေါင်း၏ အကြီးအမှူးဖြစ်၏။ ထို့အတူ ယောဂီသည် ဆန္ဒာဓိပတိတည်းဟူသော မွန်မြတ်သော အကြီးအမှူးရှိသည် ဖြစ်ရာ၏။

လသည် ညဥ့်အခါ၌သာ ထွက်ပေါ်လာ၏ ။ ထို့အတူ ယောဂီသည် ဆိတ်ငြိမ်သူ ဖြစ်ရာ၏။

လသည် ကမ္ဘာဦးလူတို့၏ တောင်းတမှုကြောင့် ပေါ်ထွက်လာ၏။ ထို့အတူ ယောဂီသည် ဒါယကာတို့ က ကြည်ဖြူစွာ၊ ကြည်ညိုစွာ တောင်းပန်ပင့်လျှောက်ကြသဖြင့်သာလျှင် ဒါယကာတို့ထံ ချဥ်းကပ်သူဖြစ်ရာ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရတနာစံဦးတိုက်

ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ

# ကမ္မဋ္ဌာနာစရိယ

# ဝနဝါသီ အရှင်ဝါယာမိန္ဒ

# တောရစံပျော် မြတ်သူတော်

## ပထမပိုင်း

ဓမ္မဒါန

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# တောပျော်ရဟန်း၏
# ဘဝတစ်ကွေ့အတွေ့အကြုံနှင့် ကျင့်စဉ်
# (ပထမပိုင်း)

## မာတိကာ


| | | |
|---|---|---|
| ၁။ | သီဟာသုဓမ္မသိင်္ဂီ, သီရိသုဓမ္မသိင်္ဂီ ဒေါ်လှကြည် (ရဟန်းမယ်တော်)၏ အမှာစာ | ၁ |
| ၂။ | တောပျော်ရဟန်း (အရှင်ဝါယာမိန္ဒ)၏ ထေရုပ္ပတ္တိအကျဉ်း | ၁၆ |
| ၃။ | ဓမ္မအနှစ် | ၂၁ |
| ၄။ | စကားရတနာ | ၂၇ |
| ၅။ | ဓမ္မကြေးကြော်သံ အမိဌာန် | ၄၀ |
| ၆။ | ဘဝတစ်ကွေ့ အတွေ့အကြုံ | ၅၀ |
| ၇။ | သီလအခြေခံသော မေတ္တာရင်ခွင် | ၁၀၀ |
| ၈။ | ဝိပဿနာဆိုတာ | ၁၀၈ |
| ၉။ | ယောဂီများအတွက် ကျင့်သုံးဖွယ်ရာ ဝိပဿနာအခြေခံ | ၁၃၄ |
| ၁၀။ | တရားအားထုတ်ရန် စည်းကမ်းချက်များ | ၁၅၁ |
| ၁၁။ | အလှူရှင်များစာရင်း | ၁၅၇ |


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# နမောတဿ ဗုဒ္ဓ ဝီရဿ၊

## ၁။ သီဟာသုဓမ္မသိင်္ဂီ, သီရိသုဓမ္မသိင်္ဂီ ဒေါ်လှကြည် (ရဟန်းမယ်တော်) ၏ အမှာစာ

ကျွန်မသည် မမျှော်လင့်ဘဲ ကျွန်မ၏ ဆေးလိပ်ကိုယ်စားလှယ်ကို အကြောင်းပြုပြီး ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ရောက်ရှိခဲ့ပါသည်။ လုပ်ငန်းများ ပြီးစီးသည့်အခါ စစ်တွေ မြောက်ဦးရှိ မိတ်ဆွေများက ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းပုထိုးစေတီများ တည်ရှိရာ မြောက်ဦးမြို့ဟောင်းသို့ လိုက်ပါပို့ဆောင်ပေးကြပါသည်။ ဘုရားစေတီပုထိုးများကို ကြည်ညိုပူဇော်ဒါနပြုရသည်မှာ ကျွန်မအဖို့ ကြည်နူးအားရ ဖြစ်ရပါသည်။ တစ်ဆက်တည်းဆိုသလို ဘုရားစေတီပုထိုးများ တည်လုပ်ခဲ့သော ရှေးသာသနာပြု ရခိုင်မင်းများ၏ ကျေးဇူးဂုဏ်ကိုလည်း အောက်မေ့တသ ခံစားလိုက်ရပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဗဟုသုတ နှံ့စပ်ကြွယ်ဝသော မိတ်ဆွေများ၏ ကျေးဇူးကြောင့် မြောက်ဦးမြို့ရှိ ရှေးဟောင်းဘုရား စေတီတစ်ဆူချင်းစီ၏ သမိုင်းကြောင်းကို ကြားရ၊ နာရ၊ သိရ မျက်မြင်ဖူးမြော်ရပြီး မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်၊ မြတ်စွာဘုရားရှင် ဟော ကြားတော်မူခဲ့သော တရားတော်မြတ်၏ ဂုဏ်ကျေးဇူးတော်များကို ကြည်ညိုပြီး ပီတိတွေ တဖွားဖွားဖြစ်နေခိုက်၊ တောရဆောက်တည်နေသော ဆရာတော်လေးတစ်ပါးအကြောင်း သူတို့ထံမှ ကြားလိုက်ရပါသည်။

ဆရာတော်လေး၏ ဝိနည်းခိုရိပုံ၊ ကျင့်စဉ်တရားကို အထူးအားထား၍ ကျင့်ကြံပုံမှအစ အသက်တော် ငယ်ငယ်ရွယ်ရွယ်နှင့် သာသနာတော်ကို ထူးကဲစွာ ကြည်ညိုပုံတို့ကို ကြားရသည့် တစ်ခဏအတွင်းမှာပင် ထိုဆရာတော်လေးအား သွားရောက်ဖူးမြော်လိုစိတ်များ ကြီးစွာဖြစ်မိပါသည်။ မိတ်ဆွေများက ဆရာတော်လေး သီတင်းသုံးနေသော တောရသို့သွားရမည့်ခရီးမှာ ကြမ်းတမ်းခက်ခဲကြောင်း၊ များစွာပင်ပန်းမည်ဖြစ်ကြောင်း ပြောကြသော်လည်း ကျွန်မက "ပင်ပမ်းချင် ပင်ပန်းပေစေ၊ ဖူးချင်တယ်"ဟု ဆိုသည့်အတွက် သူတို့ လိုက်ပါပို့ဆောင်ပေးကြပါသည်။

တစ်ပါးကျောင်းငယ်ကလေးဖြင့် တောအုပ်ကြီးထဲမှာရှိသည့် တောင်ပေါ်တောင်ခြေတစ်နေရာတွင် တစ်ပါးတည်းနေသော ဆရာတော်လေးအား ဖူးတွေ့ရသည့်အခါ "ငါ့သားအရွယ်ကလေး

ပါလား၊ မိဘတွေနဲ့ ဝေးရာမှာ တစ်ဦးတည်း ဘာကြောင့်များ နေရပါလိမ့်၊ လူ့လောကမှာ မိတ်ဆွေတွေ အသိုင်းအဝိုင်းတွေကြားမှာ ပျော်ပျော်ကြီးနေဖို့ အင်မတန်ကောင်းတဲ့အရွယ်မှာ ဘာကြောင့်များ အခုလို ဆင်းရဲဒုက္ခခံနေပါလိမ့်”ဟု အတွေးလည်းများစွာ ဝင်မိပါသည်။ မေးခွန်းပေါင်းများစွာကိုလည်း ကျွန်မ၏ စိတ်အစဉ်မှာ မေးနေမိပြီး မလှုပ်မယှက် မင်သက်မိစွာ ငေးပြီး ဖူးမြော်နေမိပါသည်။

သည့်နောက် ဆရာတော်လေး၏ ဆုပေးပုံကို ရှိခိုးရခြင်း၏ အကျိုးတရား၊ မိန်းမသားတစ်ယောက်အနေနှင့် ယခုကဲ့သို့ ကြမ်းတမ်းသော ခရီးလမ်းကို ကျော်ဖြတ်လာခဲ့ရသည့် သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယစွမ်းအားတို့ ထူးကဲကြီးမားပုံမှာ ဗုဒ္ဓ၏သမီးတော်တစ်ပါးအဖြစ် ပါရမီပါလာခြင်းကြောင့်သာ ဖြစ်ပုံတို့ကို ပြောဟောလိုက်သည်မှာ ကျွန်မ၏ရင်ထဲကို ထိသွားပါသည်။

ထို့ကြောင့် ကျွန်မလည်း ဘာကိုမှ မစဉ်းစား မတွေးတောတော့ဘဲ ပဲခူးကို ကြွရောက်ဖို့ ပင့်ဖိတ်လျှောက်ထားလိုက်ပါသည်။ ဆိတ်ဆိတ်နေခြင်းဖြင့် ဆရာတော်ကလေးက လက်ခံလိုက်ပါသည်။

ကျွန်မ ပဲခူးကိုရောက်သည့်အခါ ကျွန်မ၏ခင်ပွန်းသည်နှင့် မိသားစုအားလုံးကို အားပါးတရ ပြောပြမိသည်။ သူတို့အားလုံးကလည်း ကျွန်မ၏ပြောပြချက်နှင့်ပင် အားရကျေနပ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြည်ညိုလေးစားသွားကြပါသည်။ ကျွန်မ၏ ပင့်ဖိတ်ခဲ့သည့် အတွက်လည်း သူတို့အားလုံး ဝမ်းသာနေကြပါသည်။ အလားတူ မိတ်ဆွေအပေါင်းအသင်းများကို ပြောပြသည့်အခါ သူတို့အားလုံး ကလည်း ဆရာတော်လေးအား ဖူးမြင်လိုကြပါသည်။

ရတနာသုံးပါးနှင့်စပ်၍ ကျွန်မ သိလို နားလည်လိုသည် များကို အချက်အလက် အထောက်အထားများဖြင့် အချက်ကျကျ ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြလေ့ရှိသော ကျွန်မ၏ ဘာသာရေး လမ်းညွှန် အကျိုးဆောင်ကြီးဖြစ်သည့် ဦးနေအောင် (နေရှင်နယ် ကျောင်းသားဟောင်း)အား ရှားရှားပါးပါးရလာသော ဆရာတော် လေး၏ ဓာတ်ပုံကိုပြပြီး မိမိ၏ အတွေ့အကြုံများကို ပြောပြ သည့်အခါ အကျိုးတော်ဆောင်ကြီးက ကျွန်မ အင်မတန်ကံထူးသူ ဖြစ်ကြောင်း၊ ထူးခြားသည့် ပုဂ္ဂိုလ်မြတ်တစ်ပါးနှင့် တွေ့ခဲ့တာ ဖြစ်ကြောင်း လူသူမနီးသည့် တောကြီးထဲမှာ တစ်ပါးတည်း ဧကစာရီကျင့်နေသည်မှာ ရှေးရှေးအရိယာအနွယ်ဝင် မထေရ်ကြီး များ လမ်းစဉ်အတိုင်း ကျင့်နေခြင်းဖြစ်ကြောင်း၊ ရဟန္တာဟု ကျော်ကြားခဲ့သော မိုးကုတ်ဆရာတော်ကြီး၊ ဘုန်းတော်ကြီး ဦးသီလ၊ စွန်းလွန်း ဆရာတော်ဘုရားကြီး၊ ဇေဘူဆရာတော် ဘုရားကြီး၊ တောင်ပုလု ဆရာတော်ဘုရားကြီးတို့ကဲ့သို့ အရိယာ လမ်းစဉ်ကို ကျင့်ကြံနေခြင်းဖြစ်ကြောင်း၊ ရှေးဘုန်းရှေးကံ ကြီးမား၍သာ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် တွေ့ကြုံရခြင်းဖြစ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြောင်း သုံးသပ်ပြောဆိုပါသည်။ ကျွန်မမှာ အားရပြီးရင်း အားရ၊ ကြည်နူးပြီးရင်း ကြည်နူးဆိုသလို ဖြစ်ခဲ့ရပါသည်။

ဆရာတော်လေး ပဲခူးကိုကြွလာသည့်အခါ ကျွန်မလည်း ကျွန်မ၏ ဘာသာရေးလမ်းညွှန် အကျိုးတော်ဆောင်ကြီးဖြစ်သော ဦးနေအောင်နှင့်တိုင်ပင်ကာ ဆရာတော်လေးအား ဟံသာဝတီ ခေတ် သာသနာမီးရှူးတန်ဆောင်ကို ထွန်းပြောင်အောင် ထွန်းညှိ ပူဇော်ခဲ့သော ဓမ္မစေတီမင်းကြီး၏ ကုသိုလ်တော် ရှေးဟောင်း စေတီပုထိုးများသို့ လိုက်လံပို့ဆောင် ကြည်ညိုစေခဲ့ပါသည်။ ထိုသို့ ပို့ဆောင်ရာ၌ ဓမ္မစေတီမင်းကြီး၏ ကုသိုလ်တော်ဖြစ်သည့် ကလျာဏီသိမ်တော်၊ နာရဏီသိမ်တော်များလည်းပါသည်။ နာရဏီ သိမ်တော်သို့ ရောက်သည့်အခါ "တောရ"အငွေ့အသက်ကို ပြည့် ပြည့်ဝဝ ရလိုက်သဖြင့် ဆရာတော်လေးသည် များစွာနှစ်သက် သဘောကျဟန်ရှိပါသည်။ တစ်လတိုင်တိုင် နာရဏီသိမ်တော်၌ တောရဆောက်တည်ကာ တရားအားထုတ်သွားပါသည်။

ထိုကာလအတွင်း ကျွန်မတို့မိသားစုလည်း ထူးကဲသော ကုသိုလ်ကြီးတစ်ခုကို အရယူလိုက်နိုင်ပါသည်။ ထိုကုသိုလ်တော် မှာ အခြားမဟုတ်ပါ။ ဆရာတော်လေးအား သာသနာ့သမိုင်းဝင် ဤ နာရဏီသိမ်တော်ကြီး၌ သိက္ခာထပ်ပူဇော်လိုက်ကြခြင်း ဖြစ် ပါသည်။ ဆရာတော်လေးအား သိက္ခာထပ်ပူဇော်ပွဲ၌ ကမ္မဝါစာ ချီးမြှင့်ပေးတော်မူကြသည့် ပဲခူးမြို့ရှိ မဟာထေရ်ကြီးများဖြစ်သော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မျက်နှာတော်ဆရာတော်၊ မဏ္ဍိုင်ဆရာတော်၊ ရွှေဂူဆရာတော်၊ နာရဏီဆရာတော်၊ကလျာဏီဆရာတော်၊ ဝိနယာရာမဆရာတော် တို့ကို ဖူးမြော်ကြည်ညိုရသည်မှာလည်း ကံထူးလှသည်ဟု ဆိုရပါမည်။

စားကောင်းသောက်ဖွယ်ရာများ စားရ သောက်ရသည့် အခါ ချစ်ခင်ရာ မိတ်ဆွေအပေါင်းအသင်း အိမ်နီးချင်းများကို ကျွေးချင်မွေးချင်ကြသည့် ကျွန်မတို့ မြန်မာလူမျိုးများ၏ ဓလေ့စရိုက်အတိုင်း ဆရာတော်လေးထံမှ တရားစကား အဆုံးအမများကို နာရ ကြားရသည့်အခါ ကျွန်မကဲ့သို့ မိတ်ဆွေအပေါင်းအသင်းများလည်း နားကြားစေချင်သည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့ပြန်ပါသည်။ ဤအတွက် ၇ ရက် သို့မဟုတ် ၁၀ ရက်တရားစခန်း ဖွင့်ပေးနိုင်လျှင် အဆင်အပြေဆုံးဖြစ်မည်ဟု တွေးမိပါသည်။

ခင်ပွန်းသည်ရော မိသားစုအားလုံးနှင့် တိုင်ပင်ကြည့်သည့်အခါ ကျွန်မ၏အကြံကို အားလုံးက ထောက်ခံကြပါသည်။ အကျိုးတော်ဆောင်ကြီး ဦးနေအောင်ကလည်း "အင်မတန်ကောင်းတဲ့ အစီအစဉ်ပဲ"ဟု ပြောပါသည်။ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဟုလည်း လှိုက်လှိုက်လှဲလှဲ ကတိပေးပါသည်။ တရားစခန်း ဖွင့်လှစ်မည့်နေရာကိုလည်း "နာရဏီသိမ်တော်" ကိုပင် ရွေးချယ်ကြပါသည်။ နာရဏီသိမ်ကျောင်း ဆရာတော်ကြီးကို သွားရောက်လျှောက်ထားသည့်အခါလည်း ဆရာတော်ကြီးက ဝမ်းမြောက်တော်မူပြီး လှိုက်လှိုက်လှဲလှဲ ခွင့်ပြုတော်မူပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤအစီအစဉ်ကို ဆရာတော်လေးကလည်း ရဟန်းမယ်တော် ဆန္ဒကိုလည်း ဖြည့်ရင်း၊ ရခိုင်ပြည်နယ်မှ ရဟန်းတစ်ပါးအနေဖြင့် ဝေးလံလှသော အောက်ပြည်အောက်ရွာ၊ တစ်ချိန်က မင်းနေပြည်တော်အဖြစ် ထင်ရှားခဲ့သော ပဲခူးမြေမှာ သာသနာပြုခွင့်ရလိုက်သည့်အတွက် တက်ကြွရွှင်လန်းစွာ လက်ခံချီးမြှင့်ပေးခဲ့ပါသည်။

အခက်အခဲတစ်ခုမှာ နာရဏီသိမ် ကျောင်းဝိုင်းအတွင်း ယောဂီယောကျ်ား မိန်းမများအတွက် ညအိပ် ညနေ နေထိုင်ရန် နေရာမပေးနိုင်ခြင်းဖြစ်သည်။ စုပေါင်းတရားမှတ်နိုင်သော နေရာသာရနိုင်ပြီး အိပ်ရန်နေရာကမူ အခက်အခဲဖြစ်နေပါသည်။ ကျွန်မဆန္ဒရှိသမျှကို မဖြစ်ဖြစ်အောင် လုပ်ပေးတတ်သော ခင်ပွန်းသည်က ယောဂီတွေကို သူက အိမ်မှကားကြီးများနှင့် ပို့ဆောင်ပေးမည်၊ ဆွမ်းကွမ်းကိစ္စလည်း အိမ်မှ အလုပ်သမားများဖြင့် ချက်ပြုတ်စီစဉ်ပေးမည်၊ နံနက်သွား ညနေပြန် တစ်နေ့ကုန် တရားရှုမှတ်စနစ် ကျင့်သုံးဖို့ အကြံပြုသည်။ သူ့အကြံအတိုင်း ကျွန်မတရားစခန်းဖွင့်ခဲ့ရာ အဆင်ပြေလှပါသည်။ တစ်နေ့ ၅ မိုင်ခရီးကို အသွားအပြန်လုပ်ကာ ပင်ပန်းစွာ ဖွင့်ခဲ့ရခြင်းဖြစ်ပါသည်။

တရားစခန်းဝင်ကြသည့် ယောဂီများမှာလည်း အသင့်အတင့် တရားအားထုတ်ဖူးသူနှင့် လုံးဝ အားမထုတ်ဖူးသူများ၊ အရွယ်မှာလည်း အသက်တစ်ဆယ့်ငါးနှစ်အရွယ်မှ ခုနစ်ဆယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျော်အရွယ်ထိ အရွယ်စုံပါသည်။ တရားဝင်သူများ အားလုံးလိုလို က ဆရာတော်လေး၏ တရားပြမှု ဟောကြားသည့် တရားအဆုံး အမများအပေါ် နှစ်သက်သဘောကျကြောင်း ပြောကြ ဆိုကြသံ များ ကြားရ သိရသည့်အခါ ကျွန်မမှာ တရားစခန်းဖွင့်ပေးရကျိုး နပ်လှသည်ဟု ခံစားရပြီး ဖော်ပြ၍ မတတ်နိုင်လောက်အောင် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။ အလားတူ ကျွန်မ၏ ပါရမီ ဖြည့်ဖက်များ ဖြစ်ကြသော ခင်ပွန်းသည်နှင့် မိသားစုအားလုံး၊ တပည့်လက်သား အလုပ်သမားများ အားလုံးကလည်း ပင်ပန်း သည်ဟု ညည်းညူခြင်း မရှိဘဲ၊ တက်ကြွရွှင်လန်းပြီး ဝမ်းသာ အားရ ဖြစ်နေကြသည်ကို မြင်ရ ကြားရသည့်အခါ ကျွန်မ၏ ဘာသာ သာသနာအပေါ်ထားရှိသော သဒ္ဓါတရားသည် တိုးပြီး ရင်း တိုးရင်း ဖြစ်ခဲ့ရပါသည်။

အမှန်အတိုင်းဆိုရပါမူ ကျွန်မ၏ မူလက ဗုဒ္ဓဘာသာ မဟုတ်ပါ။ အခြားဘာသာတစ်ခုမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်း ရောက်ရှိလာသူသာဖြစ်ပါသည်။အခြားဘာသာဝင်အဖြစ် ကျွန်မ ၏ဘဝ သုံးပုံ နှစ်ပုံခန့် ရပ်တည်အသားကျခဲ့ပြီးမှ ကူးပြောင်း ရောက်ရှိလာခြင်း ဖြစ်ပါသည်။

စူးစမ်းတတ်ခြင်း၊ကြောင်းကျိုးမှန်ကန်စွာ ချဉ်းကပ်လေ့လာ တတ်ခြင်း၊ ခိုင်မာသေချာလိုခြင်း စသော ကျွန်မ၏ ဗီဇဉာဉ်ဖြင့် ဗုဒ္ဓဘာသာကို နှစ်အတော်ကြာ လေ့လာခဲ့ပါသည်။ အကြောင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရား အကျိုးတရား ဆက်စပ်ပုံများကိုလည်း နားလည်နိုင်သမျှ နားလည်အောင် လေ့လာခဲ့ပါသည်။ တတ်သိသူများထံမှလည်း သင်ယူဆည်းပူးခဲ့သလို ဆရာတော်ကြီး ထေရ်ကြီးဝါကြီးများထံ ချဉ်းကပ်မေးမြန်း လျှောက်ထားသည့်အခါ လျှောက်ထားပါသည်။ အနီးကပ် သွန်သင်ပြသမည့် ဆရာမထားသေးဘဲ မိမိတတ်သမျှ မှတ်သမျှနှင့် စမ်းသပ်ကျင့်ကြံ ကြိုးကုတ်ခဲ့ဖူးသည်များလည်း ရှိပါသည်။ တစ်နည်းဆိုရပါက ခြံစည်းရိုးတည့်တည့်အပေါ် ရောက်နေသည့်ကာလဟု ဆိုရပါမည်။ ဟိုဘက် ဒီဘက် တစ်ဖက် ဖက်ကို အလွယ်တကူ ကျရောက်ခုန်ဆင်းနိုင်သော အခြေအနေ ဖြစ်ပါသည်။

ဤအခြေအနေတွင် ဆရာတော်လေးနှင့် တွေ့ရခြင်းဖြစ်သည်။ ဆရာတော်လေးက ကျွန်မအား စိတ်ရှည်ရှည်ဖြင့်သန် သည်းညည်းခံကာ နားမလည်သည်ကို နားလည်အောင်၊ မရှင်းလင်းသည် များကို ရှင်းလင်းအောင် မြတ်စွာဘုရားရှင်၏ တရားအဆုံးအမ ဓာတ်နိပါတ် အကိုးအကားများဖြင့် ရှင်းလင်းပြောကြားရုံမက "မြတ်ဗုဒ္ဓ၏ တရားတော်သည် အပြောမဟုတ်၊ လုပ်ကြည့်၊ ကျင့်ကြံကြည့်မှ ကိုယ်တိုင် သိရှိခံစားရသော တရားထူး တရား မြတ်များဖြစ်ကြောင်း၊ ယခုကျင့်လည်း ယခုသိနိုင်ကြောင်း" ပြော ပါသည်။

ဆရာတော်လေး၏ တိုက်တွန်းညွှန်ပြသည့်အတိုင်း တရား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှုမှတ် ကျင့်ကြံကြည့်သည့်အခါ ထူးကဲသော တရားအရသာကို ခံစားလိုက်ရပါသည်။ တစ်ကြိမ်ထက်တစ်ကြိမ် တစ်ရက်ထက် တစ်ရက် ပို၍ပို၍ တရားအရသာကို ခံစားရပြီး တရားသဘော ကိုလည်း နားလည်လာပါသည်။ ထို့ကြောင့်လည်း ကျွန်မမှာ ယုံကြည်မှုဆိုင်ရာ၊ ကိုးကွယ်မှုဆိုင်ရာ၊ ဘာသာ သာသနာဆိုင်ရာ တို့တွင် ဝေဝါးခြင်း မရှိတော့ပါ။ ကြည်လင်ပြတ်သားလာသည့် အလျောက် မြတ်စွာဘုရားရှင်၏ ဓမ္မအရိပ်မှာပဲ အမြဲတမ်းခိုဝင် နေချင်မိပါသည်။

မိမိကိုယ် မိမိလည်း ဗုဒ္ဓဘာသာဝင်စစ်စစ်အဖြစ် ခံယူပြီး မြတ်ဘုရား၏ သာသနာတော်ထွန်းကားရာ ထွန်းကားကြောင်း ပြန့်ပွားရာ ပြန့်ပွားကြောင်း ထောက်ပံ့ချီးမြှင့်မည်ဟု ပိုင်ပိုင် ဆုံးဖြတ်ပြီး တတ်စွမ်းသမျှ ပါဝင်ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ကျွန်မ၏ အတွေးအမြင်များ ကြည်လင်ပြီး ယုံကြည်မှု ကိုးကွယ်မှု ဆိုင်ရာ၌ ပြတ်သားရှင်းလင်းလာခဲ့သည်။ ဆရာတော်လေး၏ ကျေးဇူးသည် အဓိကကျသော အထောက်အပံ့ကောင်းကြီး ဖြစ် ပါသည်။

ကျွန်မ ညွှန်းဆိုနေသော ဆရာတော်လေးဆိုသည်မှာ ရခိုင် ပြည်နယ်၊ မြောက်ဦးမြို့(မြို့ဟောင်း) ရတနာမာရ်အောင် တောရ ရိပ်သာ ဆရာတော် အရှင်ဝါယာမိန္ဒ ဖြစ်ပါသည်။ သူတို့ဒေသမှာ တော့ "ရတနာမရ်အောင်ဆရာတော်"ဟု ခေါ်ကြမည် ထင်ပါ သည်။ ကျွန်မတို့ ပဲခူးသူ ပဲခူးသား ယောဂီများကမူ "မြောက်ဦး ဆရာတော်လေး" ဟူ၍သာ သိမှတ်ခေါ်ဝေါ်ကြပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်လေးကိုအကြောင်းပြု၍ တစ်နှစ်လျှင်အနည်းဆုံး (၂)ကြိမ်ခန့် တရားစခန်းဖွင့်နိုင်ရန် "ဓမ္မဝတ်ရည်" ဟူသော ဓမ္မာရုံတစ်ခုကို နာရဏီသိမ်ကျောင်းဆရာတော်ကြီးထံမှ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ကာ ထိုဓမ္မာရုံတွင် တရားစခန်းကို ဆက်လက် ဖွင့်ပေးခဲ့ပါသည်။ ယောဂီဦးရေ များပြားသည့်အကြိမ်များတွင် နေရေး၊ စားရေး၊ ရေ၊ မီး သပ္ပါယ မျှတစေရန်ရည်ရွယ်ပြီး အခြားသော နေရာဌာနများတွင် တရားစခန်း ပြောင်းရွှေ့ဖွင့်ပေးခဲ့ရသည့်အခါလည်း ရှိခဲ့ပါသည်။

ဤသို့ဖြင့် နာရဏီသိမ်တောရကျောင်းတွင် (၂၁)ကြိမ်။

ကျိုက်ပဒိုင် ရွှေတိဂုံလေး စေတီဘုရားကျောင်းတွင် (၃) ကြိမ်။

ဥဿာမြို့သစ်၊ ကံထူးဓမ္မရိပ်သာတွင် (၁)ကြိမ် စုစုပေါင်း (၂၅)ကြိမ်ကို ပဲခူးမြို့မှ ဓမ္မမိတ်ဆွေများ၏ ဝိုင်းဝန်းပါဝင်ပူးပေါင်းမှုဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ဆရာတော်အားလည်း တစ်ကြိမ်ထက်တစ်ကြိမ် ကြည်ညိုသူတွေ တိုးလာပြီး သိက္ခာတင်ပေးသူတွေလည်း အလုအယက် ဖြစ်လာပါသည်။ ဤသို့ မြင်ရ တွေ့ရသည့်အခါ ကျွန်မမှာ ဝမ်းသာရခြင်း ကြည်နူးရခြင်းကြီးစွာ ဖြစ်ရပါသည်။

ပဲခူးတွင် တရားစခန်းဖွင့်သည့် နောက်ဆုံးအကြိမ်တွင် ဆရာတော်က "ယခုတရားစခန်းသည် ပဲခူးမှာ နောက်ဆုံးအကြိမ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်နိုင်ကြောင်း၊ ပြင်းပြင်းပြပြဖြစ်နေသည့် ဆန္ဒတော်အတိုင်း တစ်ပါးတည်း တောရဆောက်တည်နေလိုကြောင်း” မိန့်ကြားသွားပါသည်။ တကယ်လည်း ထိုတရားစခန်းသည် ပဲခူးတွင်ဖွင့်သော ဆရာတော်၏ နောက်ဆုံးအကြိမ် တရားစခန်းဖြစ်ခဲ့ပါသည်။

သည့်နောက်မှာတော့ ဆရာတော်နှင့် ကျွန်မ အဆက်အသွယ် ပြတ်သလို ဖြစ်သွားပါသည်။ တောထွက်သွားပြီလိုလို ကြားရပါသည်။ အချို့ကလည်း မြန်မာနိုင်ငံအရပ်ရပ် ဂန္ဓာရီ လှည့်နေသလိုလို ပြောကြပါသည်။ ဟိုမှာတွေ့ခဲ့သလိုလို၊ ဒီမှာ တွေ့ခဲ့သလိုလိုလည်း ပြောကြပါသည်။

၂၀၀၇ ခုနှစ်မှာတော့ ကျွန်မထံ မထင်မှတ်ထားသော အထုပ်တစ်ထုပ် ရောက်လာခဲ့ပါသည်။ ထိုအထုပ်ထဲတွင် ဆရာတော်ကိုယ်တိုင်ရေးသည့် “တောပျော်ရဟန်းတစ်ပါး၏ ဘဝတစ်ကွေ့ အတွေ့အကြုံနှင့် ကျင့်စဉ်” စာမူကြမ်းကြီး ပါလာပါသည်။ ထိုစာမူကို ဆရာတော်၏ ယောဂီဟောင်းများဖြစ်ကြသော စာရေးဆရာ ဦးအောင်သန်း(မောင်စေတနာ)၊ ဦးနေအောင် (ဓမ္မအကျိုးတော်ဆောင်)တို့မှ လိုအပ်သလို တည်းဖြတ်ပြီး စာအုပ်အဖြစ် ထုတ်ဝေပေးပါရန် တာဝန်ပေးအပ်ချက်လည်း ပါလာပါသည်။ ဓမ္မဒါနစာအုပ် ထုတ်ဝေရန်အတွက် ထားဝယ်မြို့မှ လှူဒါန်းလိုက်ကြသော ဓမ္မဒါန အလှူတော်ငွေများမှာလည်း တစ်ပါတည်း ပါလာပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တကယ်တော့ ဆရာတော်၏စာအုပ်တွင် ကျွန်မအနေဖြင့် အမှာစာ မရေးချင်ပါ။ ရေးလည်း မရေးရဲပါ။ သို့သော် ကျွန်မ၏ အကျိုးတော်ဆောင်ကြီး ဦးနေအောင်၊ စာရေးဆရာ ဦးအောင်သန်း (မောင်စေတနာ)၊ ဦးကျော်(မောင်ယာဉ်လှိုင်း–ပျဉ်းမငြိုင်)တို့က ဆရာတော်ကို ရခိုင်ပြည်နယ်က ပင့်ဆောင်ပြီး အောက်ပြည် အောက်ရွာတွင်သာမက မြန်မာနိုင်ငံအရပ်ရပ်သို့ သာသနာ့တန်ဆောင် ထွန်းလင်းစေရာ၌ အဓိကနေရာမှ ပါဝင်သူဖြစ်သဖြင့် အမှာစာရေးသင့်ကြောင်း အကျိုးအကြောင်းပြ၍ အကြိမ်ကြိမ် ဝိုင်းဝန်းဖျောင်းဖျ တောင်းပန်ကြသဖြင့် ရေးရခြင်းဖြစ်ပါသည်။

ဆရာတော်၏ အလုပ်နှင့်ပတ်သက်၍ ကျွန်မ အထူးမိတ်ဆက်ပေးဖို့ လိုမည်မထင်ပါ။ တရားစခန်းများတွင် ဟောကြားသော ဟောစဉ်တရားများကို ဓမ္မဒါနစာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေပြီးဖြစ်သော–

(၁) ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားတော် ၁၉၉၇ ခုနှစ်၊
(၂) အရိယာဖြစ်ရန် နည်းလမ်းညွှန်တရားတော် ၁၉၉၉ ခုနှစ်၊
(၃) ဈေးသည်ပမာ ကျင့်ဖွယ်တရားတော် ၂၀၀၀ ပြည့်နှစ်၊
(၄) ဒီလိုကျင့်မှ နိဗ္ဗာန်ရ တရားတော် ၂၀၀၁ ခုနှစ်၊
(၅) အကာပယ်ပစ် အနှစ်ကိုရှာတရားတော် ၂၀၀၃ ခုနှစ်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၆) သူ့ကျွန်မခံ ပယ်တော်လှန်၊ သစ္စာလေးပါးတရားတော် ၂၀၀၆ ခုနှစ်၊

စသည့် စာအုပ်များကို ဖတ်ရှုလေ့လာပြီးသူတိုင်း နှစ်ခြိုက်သဘောကျကြပါသည်။ ယခုစာအုပ်မှာ ထိုကဲ့သို့ ဟောတရားမျိုးမဟုတ်ဘဲ တောရ ရဟန်းတစ်ပါးအနေဖြင့် ဆရာတော်က သူ၏ဘဝခရီးတစ်ကွေ့ အတွေ့အကြုံများကို ကိုယ်တိုင်ရေးပြထားသဖြင့် ပို၍စိတ်ဝင်စားကြမည် ဖြစ်ပါသည်။

ဤစာအုပ် ထုတ်ဝေနိုင်ရေးအတွက် ဓမ္မဒါန အလှူတော်ငွေများ ထည့်ဝင်ကြသော ထားဝယ်မြို့မှ ဆရာတော်၏ ရဟန်းဒါယကာများ၊ ယောဂီတပည့်များ၊ ပဲခူးမြို့မှ ရဟန်းဒါယကာ၊ ဒါယိကာမများတို့ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အထူးအားဖြင့် ဆရာတော်၏ စာမူကြမ်းကို သဒ္ဓါတရားရှိသူ ယောဂီသူတော်စင်အပေါင်းတို့ အမြဲတမ်း လက်ကိုင်ပြုထားနိုင်လောက်အောင် သုတ်သင်တည်းဖြတ် ချောမွေ့ပြုပြင် ပြင်ဆင်ပေးကြသော စာရေးဆရာ ဦးနေအောင်(ထွဏ်းနေအောင်–ပဲခူး)၊ ဦးအောင်သန်း (မောင်စေတနာ)၊ ဦးကျော် (မောင်ယဉ်လှိုင်း–ပျဉ်းမမြိုင်)တို့ စေတနာ သဒ္ဓါတရား ထက်သန်စွာ အကြိမ်ကြိမ်အထပ်ထပ် ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်လျက် လုံ့လကြိုးကုတ်အားထုတ်ကြိုးစားခဲ့သည်များကို မှတ်တမ်းမတင်ဘဲ မဖော်ထုတ်ဘဲ ထားခဲ့လျှင် ကျွန်မအနေဖြင့် နောင်တကြီးစွာရဖို့ပင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှိပေသည်။ ထိုဆရာများ၏ ဉာဏဒါနကိုလည်း ကျေးဇူးတင်ရပါသည်။ အလားတူ စာအုပ်ပုံစံချောဖြစ်အောင် ကွန်ပျူတာစီခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းကို ပါဝင်လုပ်ကိုင်ပေးသော ရန်ကုန်မြို့မှ စာရေးဆရာ ဦးသူရဇော်ကိုလည်း ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**သီဟသုဓမ္မသိင်္ဂီ, သီရိသုဓမ္မသိင်္ဂီ**
**ဒေါ်လှကြည် (ရဟန်းမယ်တော်)**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၂။ အရှင်ဝါယာမိန္ဒ (တောပျော်ရဟန်း)၏ ထေရုပ္ပတ္တိအကျဉ်း

### ဓာတ်ချက်ကြွေ မွေးရပ်မြေ

အရှင်ဝါယာမိန္ဒ (တောပျော်ရဟန်း)သည် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့အပိုင် (မဟီရာနဒီ)ခေါ် မအီချောင်း၊ မအီမြို့၌ ခမည်းတော် ဦးစိန်အောင်၊ မယ်တော် ဒေါ်ဖြူစိန်တို့မှ ကောဇာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သော သားရတနာဖြစ်ပါသည်။

ဦးစိန်အောင် + ဒေါ်ဖြူစိန်တို့မှ—

၁။ မောင်လှကျော်အောင်

၂။ မောင်လှထွန်းအောင်

၃။ မောင်လှကြိုင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၄။ မောင်လှသိန်းအောင်

၅။ မောင်လှသိန်းရွှေ

၆။ မတင်သိန်း

၇။ မတင်သောင်း ဟူ၍ သားသမီးရတနာ ၇ ယောက် ထွန်းကားခဲ့ရာ ဆရာတော်လောင်းလျာမှာ တတိယမြောက် သားရတနာ ဖြစ်ပါသည်။

## ရှင်ရဟန်းဘဝရောက်ခဲ့ရ

ဆရာတော်လောင်းလျာသည် လောကီစာပေများကိုလေ့လာပြီးနောက် သက်တော် (၁၉)နှစ်အရွယ်သို့ ရောက်သောအခါ "ဝတ်ကြောင်ပုဆိုး ကောင်းကျိုးမပေး"ဆိုသော စကားကို ရင်ဝယ်ထားကာ လောကီကိစ္စအဝဝကို ကြောက်ရွံ့တုန်လှုပ်၍ ကြီးမားသော သံဝေဂဖြစ်ကာ မိဘနှစ်ပါးတို့ထံ ရဟန်းပြုခွင့်ပြုရန် အတင်း တောင်းပန်ပြီး မိဘတို့၏ ခွင့်ပြုချက်ဖြင့် သာသနာ့ဝန်ထမ်း ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆရာတော်၏ ဥပဇ္ဈာယ် ဆရာတော်မှာ ပဒါဆရာတော်ကြီး ဖြစ်သည်။

## သာသနာ့အလုပ် ဇောက်ချလုပ်

ဆရာတော်သည် ပရိယတ္တိစာပေများကို—

(၁) မအီမြို့ ဉက္ကံဆောင်ဆရာတော် ဘဒ္ဒန္တ ဂန္ဓသာရ ထံ၌ လည်းကောင်း။

(၂) ရန်ကုန်မြို့ ကျိုက္ကဆံဘုရား အနောက်ဝေဝကျောင်း ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရ (သာသနာ့ဓဇ သိရိ ပဝရ ဓမ္မာစရိယ)ထံ၌လည်းကောင်း၊

(၃) ကျောက်ဖြူမြို့ ယပ်လှဲပရိယတ္တိစာသင်တိုက် ပဓာန နာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တ စက္ကိန္ဒ (သာသနာ့ဓဇ ဓမ္မာစရိယ)

(၄) ကျောက်ဖြူမြို့ မြို့မအလယ်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပညာဝံသ(သာသနာ့ဓဇဓမ္မာစရိယ၊ကျောက်ဖြူ ဆရာတော်)၊

(၅) ကျောက်ဖြူမြို့၊ ဇေယျာသီရိကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝရသာမိ (ဓမ္မာစရိယ)၊ (ယုဇန၊ ကျောက်ဖြူ)၊

(၆) ရန်ကုန်မြို့ မင်္ဂလာရာမကျောင်းတိုက်၏ ဂဏ ဝါစက နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသာရာဘိဝံသ (သ-စ-အ ဓမ္မာစရိယ၊ ပါဠိ ပါရဂူ)တို့ထံတွင် မူလတန်း၊ အငယ်တန်း၊ အလတ် တန်း၊ အကြီးတန်း စသော အခြေခံပရိယတ္တိတို့ကို သင်ယူလေ့လာခဲ့သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပရိယတ္တိစာပေများကို သင်ယူလေ့လာရင်း တစ်ဖက်က လည်း ပဋိပတ္တိဆိုင်ရာ အကျင့်မြတ်တရားများကို–

(၁) မိုးကုတ်ရိပ်သာ၊

(၂) မဟာစည်ရိပ်သာ၊

(၃) စွန်းလွန်းရိပ်သာ၊

(၄) လယ်တီရိပ်သာ၊

(၅) သဲအင်းဂူရိပ်သာ၊

(၆) ကသစ်ဝိုင်ရိပ်သာ၊

(၇) ဉာဏစာဂီရိပ်သာ၊

(၈) မိုးညှင်းရိပ်သာ၊

(၉) ဖားအောက်ရိပ်သာ၊

(၁၀) မူလမင်းကွန်းရိပ်သာ၊

(၁၁) မင်းရပ်ချောင် ဝိပဿနာရိပ်သာ(ထားဝယ်) စသော ရိပ်သာ စသည်တို့တွင် ကျင့်ကြံပွားများ အားထုတ်ခဲ့သည်။ သည့်နောက် ပဋိပတ္တိ မြတ်အကျင့်ကို သီးခြားအားထုတ်လိုသော ဆန္ဒ ပြင်းပြတော်မူသဖြင့် ဆရာတော်သည် သပိတ်တစ်လုံး သုံးထည်သင်္ကန်းကို ဆောင်လျက် ဓုတင် (၁၃) ပါးတို့ကိုလည်း အခါကာလ အားလျော်စွာ ဆောက်တည်ကျင့်သုံး၍ တောအရပ် ရပ် တောင်အထပ်ထပ် လှည့်လည်သီတင်းသုံးရာမှ ၁၃၄၉ ခုနှစ်၊ ဝါဆို လဆန်း ၁၀ ရက်နေ့တွင် မြောက်ဦးမြို့သို့ ကြွရောက်ပြီး တောရ တစ်ဖန် ဆောက်တည်ပြန်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## တပည့်တကာ ဝိုင်းဝန်းလာ

ဆရာတော်သည် မြို့နှင့် တစ်မိုင်ခန့်ဝေးသော ရတနာမာရ်အောင် စေတီအနီး၌ တရားအားထုတ်နေရာဝယ် မြို့တွင်းရှိ ဒကာ၊ ဒကာမများနှင့် ရပ်ဝေးရပ်နီးမှ လာရောက်၍ တရားအနည်းငယ် နာရခြင်းကြောင့် တပည့်တော်တို့မြို့၌ ရိပ်သာတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးပါရန် အခါခါ တောင်းပန်ကြခြင်းကြောင့် ၁၃၅၀ ခုနှစ်မှစ၍ ရိပ်သာတစ်ခုကို စတင်ထူထောင်လျက် ရတနာစံဦးရိပ်သာ၊ ရတနာမာရ်အောင် ကမ္မဋ္ဌာန်းဌာနဟုအမည်သမုတ်ကာ ဦးစီးပဓာနနာယက ဆရာတော်အဖြစ် တရားဟော တရားပြခြင်း၊ အနယ်နယ် အရပ်ရပ်သို့ ကြွရောက်၍ ဝိပဿနာတရားတို့ကို ကိုယ်တိုင်ဆောက်တည် ပွားများခြင်း၊ ယောဂီ ဝေနေယျတို့အားလည်း တရားဟောခြင်း၊ တရားပြခြင်းဖြင့် သာသနာပြုလျက်ရှိပါသည်။

## ၃။ ဓမ္မအနှစ်

### မတွေ့မကောက်

လမ်းဖြောင့်တရား တွေ့ပါသားနှင့် အများမူးတိုင်း သင်မမူးနှင့်၊ အများရူးတိုင်း သင်မရူးနှင့်၊ ထူးသည့်အခါ ခုချိန်မှာလျှင် ဝိပဿနာ ဘာဝနာကို မြဲသတိထား ခါခါပွားမှ သွားမည့်သံသရာ အစဉ်ပါမည် အစဉ်သိထား မြတ်ဘုရားက ရင်ဝလှံစူး ဦးထိပ်မီးလောင် မရှောင်မဟုတ် သည်အလုပ်ကို အားထုတ်ရန် သဘောဉာဏ်ဖြင့်နှော၍သော် သတ္တိယာဝိယဩမဋ္ဌောဟု ဟောကြားမိန့်မှာ ရှိခဲ့ပါ၏။

### အကျိုးလိုလားတဲ့သူဟာ

ရဟန်းတို့ မိမိရဲ့အကျိုးစီးပွားကို ကောင်းကောင်းရှုမြင်သူဟာ အပ္ပမာဒဆိုတဲ့ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ၊ သူတစ်ပါးရဲ့ အကျိုးစီးပွားကိုလည်း ကောင်းကောင်းရှုမြင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လိုသူဟာ အပ္ပမာဒဆိုတဲ့ သတိနဲ့ ကိစ္စအားလုံးကို ပြုလုပ်သင့်သည်သာ၊ မိမိ သူတစ်ပါး နှစ်ဦးသားတို့ရဲ့ အကျိုးစီးပွားကို ကောင်းကောင်းလိုလားသူသည် ကိစ္စအားလုံးကို သတိဖြင့် ပြုလုပ်သင့်သည်သာတည်း။

**(မြတ်ဗုဒ္ဓ နိဒါနဝဂ္ဂသံယုတ်၊ ဒသဗလဝဂ္ဂ ဒုတိယ ဒသဗလသုတ်)**

## အောင်မြင်ခြင်းဟူသည်

ချစ်သားတို့– တခြားသူကို အောင်နိုင်ခြင်းဟာ မမြင့်မြတ်၊ မိမိကိုယ်ကို အောင်နိုင်ခြင်းဟာ မြင့်မြတ်တယ်။ မိမိကိုယ်ကို ယဉ်ကျေးအောင်ပြုလုပ်ပြီး ကိုယ်နှုတ်စိတ်တွေကို အမြဲစောင့်စည်းနေတဲ့ သူရဲ့အောင်နိုင်မှုကို နတ်၊ မာရ်နတ်၊ ဂန္ဓဗ္ဗနတ်၊ ဗြဟ္မာတွေဟာ ရှုံးသွားအောင် မပြုလုပ်နိုင်ကြပါဘူး။

**(ဓမ္မပဒ၊ ၄၊ သဟဿဝဂ်၊ အနတ္တပုစ္ဆာကဗြဟ္မာဏဝတ္ထု)**

## သေမဲ့အစာ မစားချင်ပါနဲ့

"ညီငယ် စူဠလောဟိတ၊ ဒီမုနိကဝက်ဟာ အစားကောင်းတွေကို စားနေရတယ်၊ ငါလည်း မုနိကလို ဘယ်တော့မှ အစားကောင်းဖြင့် ချမ်းသာရပါ့မလဲလို့ မုနိကရဲ့ဘဝကို မတောင့်တနဲ့၊ မုနိကဟာ သေမယ့်အစာတွေ စားနေတာ၊ ညီငယ်ဟာ ဖွဲမြက်ကောက်ရိုးကို ကြောင့်ကြမဲ့စွာ စားသောက်ပါ။ အဲဒါဟာ အသက်ရှည်ခြင်းရဲ့ အကြောင်းပဲကွယ့်"

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူကြွယ်တစ်ဦးအိမ်မှာ မုနိကဝက်ကို နွားနှစ်ကောင်က မြင်တယ်၊ မကြာခင် မြို့သားတစ်ယောက်ရဲ့သမီး မင်္ဂလာပွဲ အတွက် ချေ့ခံရန် မုနိကဝက်အသတ်ခံရတယ်။ ဘုရားအလောင်း တော် မဟာလောဟိတက ညီစူဠလောဟိတကို "ဟော–ညီငယ် မြင်ရဲ့လား၊ သင်ဟာ မုနိကကို မြင်ပြီမဟုတ်လား၊ သူ့အစား အစာထက် တို့အစားအစာက အပြစ်ကင်းပါတယ်။ ဒါကြောင့် ဝိနည်းစည်းကမ်းနဲ့ မညီဘဲ အလုပ်တွေလုပ်ပြီး လာဘ်ပေါ်နေတဲ့ သံဃာတွေ အစားအစာကို အားမကျနဲ့၊ သေစာတွေ အဆိပ်တွေ ကွယ့်"လို့ ဆုံးမတယ်။ **(ဇာတက ကုဂုဏ်ဝဂ် – မုနိကဇာတ်)**

## မြင်အောင်ရှု၊ မုန်းအောင်ရှု၊ ဆုံးအောင်ရှု

ခေါင်း၌ဦးဦ ဤဆံဖြူဖြင့် ခမူမကြာ သင့်ခန္ဓာကို သေစာချ သွင်း သေစာရင်းနှင့် သေမင်းမှတ်လာပြီးတာကိုး (မဃဒေဝ မင်းကြီး) ငါတို့ ချစ်ရာ ဤခန္ဓာ ဇာရာလာလို့ ပျက်တော့မည်။ သေမင်းတမန် ခေါ်လာပြန်၊ အမှန်လိုက်ရမည်။

## ရှာမှရှား

လောကီလူအများဟာ ပညာမျက်စိ ကန်းနေကြတယ်။ အဲဒီ လောကီလူများထဲက လူအနည်းစုသာ ဝိပဿနာမျက်စိ ရှိကြတယ်။ ပိုက်ကွန်ထဲမှာ မိနေတဲ့ ငှက်တွေထဲက တစ်ကောင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တလေသာ လွှတ်သလို လောကီ (လူများစွာထဲက လူအနည်းငယ်
လောက်သာ လူ၊ နတ်၊ ဗြဟ္မာ၊ နိဗ္ဗာန်ကို ရောက်ကြတယ်။
အများစုက အပါယ်သို့ သွားကြရတယ်။

**(ဓမ္မပဒ–လောကဝဂ္ဂ ပေသကာရဓီတာဝတ္ထု)**

## ဆရာ ဆိုတာ

ရှေးရှုမေတ္တာ ဂရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း
ဝမ်းတွင်မသို ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ
ဆရာဟူလော့။ **(မဃဒေဝလင်္ကာ)**

## သူလုပ်တဲ့ကံ သူစီမံ

ငှက်ပျောသီးက ငှက်ပျောပင်ကို သတ်တယ်။ ကျူပင်
ဝါးပင်ကို ကျူသီး ဝါးသီးက သတ်တယ်။ အသထိုရ်မြင်းမကို
ကိုယ်ဝန်က သတ်တယ်။ လာဘ်ပူဇော်သက္ကာရအကျော်အစောက
ယုတ်ညံ့သူကို သတ်တယ်။ **(ဒေဝဒတ္တဝတ္ထု)**

## တိုက်တွန်းပေးကြ

ရဟန်းတို့၊ သင်တို့ဟာ မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုး
သွေးသား တော်စပ်သူတွေကို သနားခဲ့ရင်၊ သူတို့ကလည်း နား
ထောင်လိုက်နာမယ် ထင်မှတ်ခဲ့ရင်၊ သတိပဋ္ဌာန်လေးပါးကို ပွား
များဖို့ အထူးတလည် တိုက်တွန်းကြ၊ တိုက်တွန်းထိုက်တယ်။

**(မဟာဝဂ္ဂအမတဝဂ်၊ မိတ္တသုတ်)**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အနာနဲ့ဆေး တည့်အောင်ပေးကြ

ချစ်သားတို့၊ ရာဂကိုပယ်ဖို့ အသုဘကို ပွားထိုက်၏။ ဒေါသကိုပယ်ဖို့ မေတ္တာကို ပွား၊ ဝိတက်ကိုပယ်ဖို့ အာနာပါနကို ပွား၊ မာနကိုပယ်ဖို့ အနိစ္စကို ပွားထိုက်၏။ **(မေဃိယသုတ်)**

## ကဲ့ရဲ့ ချီးမွမ်း

လောကကြီးမှာ ကဲ့ရဲ့ခြင်းမခံရသူ၊ ချီးမွမ်းခြင်းမခံရသူ ရှေးကလည်းမရှိ၊ ယခုလည်းမရှိ၊ နောင်လည်း ရှိလိမ့်မည်မဟုတ်။ အတုလဆိုတဲ့ ဥပါသကာဟာ သမာပတ်ဝင်စားလို့ စကားမပြော လိုက်တဲ့ အရှင်ရေဝတကိုလည်း ကဲ့ရဲ့တယ်၊ အဘိဓမ္မာတရားကို အများကြီးဟောလိုက်တဲ့ အရှင်သာရိပုတ္တရာကိုလည်း ကဲ့ရဲ့တယ်၊ အလွန် နားလည်လွယ်အောင် တရားအတိုဟောလိုက်တဲ့ အရှင် အာနန္ဒာကိုလည်း ကဲ့ရဲ့တယ်၊ ချစ်သားတို့- မကောင်းကျိုးတွေ ဟာ တောင်ကျရေလို ဒလဟော လိုမ့်ဆင်းတယ်မိန့်။

**(ဓမ္မပဒ ကောဓဝဂ္ဂ အတုလ ဥပါသကာဝတ္ထု)**

## ဘုရားမြင်ဖို့ တရားကျင့်စို့

"ချစ်သား ဝက္ကလိ၊ ငါဘုရားရဲ့ ဒီအပုပ်ကောင် အတ္တဘော ခန္ဓာကိုယ်ကြီးကို ဖူးမြော်နေလို့ ဘာအကျိုးရှိမှာလဲ၊ တရားကို မြင်သူဟာ ငါဘုရားကို မြင်တယ်၊ ငါဘုရားကို မြင်သူဟာ တရားကို မြင်သောသူပဲ"ဟု မိန့်။ **(ဝက္ကလိထေရ်ဝတ္ထု)**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## အမဲကံ အဖြူကံ

ရဟန်းတို့ ကောင်းတဲ့သူဟာ ကောင်းတဲ့အမှုကို ပြုဖို့လွယ်တယ်။ မကောင်းတဲ့သူဟာ ကောင်းတဲ့အမှုပြုဖို့ ခက်တယ်။ မကောင်းတဲ့သူဟာ မကောင်းမှုပြုဖို့ လွယ်တယ်။ အရိယာသူတော်ကောင်းတွေဟာ မကောင်းမှုကို ပြုဖို့ခက်တယ်။

**(ဓမ္မပဒ ယမဝဂ္ဂ၊ ဒေဝဒတ္တဝတ္ထု)**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၄။ စကားရတနာ

### တောင်ဟူသည်

ရွေ့လျားခြင်း၊ ယိမ်းယိုင်ခြင်း၊ တုန်လှုပ်ခြင်းမရှိပေ။ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း လောကဓံတရားနှင့် ကြုံတွေ့ရသည်ရှိသော် မိမိ၏ စိတ်အာရုံကို မရွေ့လျားစေရာ။ မယိမ်းယိုင်စေရာ၊ မတုန်လှုပ်စေရာ။

တောင်ထိပ်၌ ရှိသောသူသည် တောင်အောက်မြေပြင်၌ ရှိနေသူတို့ကို ကြည့်မြင်နိုင်၏။ ထို့အတူ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည် ပညာတည်းဟူသော တောင်ထွဋ်ပေါ်သို့တက်၍ တွေဝေမိုက်မဲလျက် ရှိသူတို့၏ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ကြည့်နိုင် မြင်နိုင်ပေသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မြေကြီးပမာ

မြေကြီးသည် ငရုတ်ပင်၊ အကျော်ပင်၊ တောင်ဇလပ်၊ စန္ဒကူးပင် စသော အမွှေးနံ့သာများဖြင့် လောင်းချသည်ဖြစ်စေ၊ သည်းခြေ သလိပ် ပြည် သွေးချွေး နှပ် တံတွေးနှင့် ကျင်ကြီး ကျင်ငယ် အသွယ်သွယ်ကို မတုန်မလှုပ်ပေ။ ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် လာဘ်ရခြင်း၊ မရခြင်း၊ ဂုဏ်သတင်းကျော်ဇောခြင်း၊ မကျော်ဇောခြင်း၊ ဂုဏ်သတင်းညှိုးမှိန်ခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ ခြင်း၊ ချမ်းသာဆင်းရဲ စသော လောကဓံ အကောင်းအဆိုးနှင့် တွေ့ကြုံရသော်လည်း မတုန်လှုပ်ရာ။

မြေကြီးသည် အဆင်းတန်ဆာ ဆင်ယင်မနေဘဲ အမွှေး နံ့သာ လိမ်းကျံမနေဘဲ မိမိ၏ မြေသင်းနံ့ဖြင့် အထက်ဝန်းကျင် လွှမ်းမိုး၍ မြေကြီးသည် အပြတ်အခြား အကျိုးအပေါက်မရှိဘဲ တစ်ခဲနက် ထူထဲ၏။ ထို့အတူ ယောဂီသည် အပြတ်အကြား အကျိုးအပေါက်မရှိသော သီလရှိသည် ဖြစ်ရာ၏။

မြေကြီးသည် မြို့ရွာနိဂုံး၊ ဇနပုဒ်၊ တောတောင် သစ်ပင်၊ မြစ်၊ တစ်ဖက်ဆည်ကန် တိရစ္ဆာန်အပေါင်း လူအပေါင်းကို ထမ်းဆောင်နေရသော်လည်း ငြီးငြင်ပင်ပန်းမှု မရှိပေ။ ထို့အတူ ယောဂီသည်လည်း တရားဒေသနာတော်တို့ကို သွင်သန်ဆုံးမခြင်း ဖြင့် မငြီးငြင် မပင်ပန်းရာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြေကြီးသည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်၏။ ထို့အတူ ယောဂီသူမြတ်သည် အလုံးစုံသော သတ္တဝါ သင်္ခါရတို့၌ ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်ရာ၏။

## ရေပမာ

ရေသည် ကောင်းစွာတည်၏။ သဘာဝအားဖြင့် စင်ကြယ်၏။ ထို့အတူ ယောဂီသည်လည်း ဟန်ဆောင်ခြင်း၊ ဝါကြွားခြင်း၊ လှုံ့ချင် ပေးချင်အောင် အရိပ်အမြွက်ပြဆိုခြင်း၊ ဖိနှိပ်ပြောဆိုခြင်းတို့ကို ပယ်၍ ကောင်းစွာ တည်ရာ၏။ သဘာဝအားဖြင့် စင်ကြယ်သော အကျင့်သီလရှိ၏။

ရေသည်အေးမြ၏။ ထို့အတူ ယောဂီသူမြတ်သည် သတ္တဝါအားလုံးကို သည်းခံသူ ချစ်ခင်သူ သနားသူ စီးပွားကို ရှာမှီးသူ အစဉ်စောင့်ရှောက်သူ ဖြစ်ရာ၏။

ရေသည် မစင်ကြယ်သည်ကို စင်ကြယ်အောင် ဆေးကြောတတ်၏။ ထို့အတူ ယောဂီသည် ဆရာသမားတို့နှင့်လည်းကောင်း၊ ဆရာသမားတို့နှင့် ထပ်တူလေးစားအပ်သော ပုဂ္ဂိုလ်တို့နှင့်လည်းကောင်း ငြင်းခုံခြင်းကို မပြုရာ။

ရေသည် လူအများတို့ တောင့်တအပ်၏။ ထို့အတူ ယောဂီသူမြတ်သည်လည်း အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ဆိတ်ငြိမ်ရာ၌ နေထိုင်ခြင်းတို့ဖြင့် လူအပေါင်းတို့၏ တောင့်တကြည်ညိုသူ ဖြစ်ရာ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရေသည် တစ်စုံတစ်ယောက်ကိုမျှ အကျိုးမဲ့အောင် မပြုလုပ်ပေ။ ထို့အတူ ယောဂီသည်လည်း သူတစ်ပါးတို့နှင့် ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ဘက်ပြောဆိုခြင်း၊ မညီမညွတ်ပြောဆိုခြင်း၊ အချည်းနှီး အကျိုးမဲ့သော အကြောင်းအရာတို့ကို ကြံစည်ခြင်း စသော မကောင်းမှုတို့ကို ကိုယ်နှုတ်စိတ် သုံးပါးတို့ဖြင့် မပြုရာ။

## မီးပမာ

မီးသည် မြက် ထင်း သစ်ခက် သစ်ရွက်တို့ကို လောင်ကျွမ်းစေ၏။ ထို့အတူ ယောဂီသည်လည်း ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ (ကောင်းမကောင်းအကုန်)တို့ကို ခံစားတတ်ရန် ကိလေသာတို့ကို ဉာဏ်ဖြင့် လောင်ကျွမ်းစေရာ၏။

မီးသည် သနားခြင်း ကြင်နာခြင်းမရှိပေ။ ထို့အတူ ယောဂီသူမြတ်သည် ကိလေသာအားလုံးတို့၌ သနားခြင်း ကြင်နာခြင်း မပြုရာ။

မီးသည် အအေးကိုပယ်ဖျောက်တတ်၏။ ထို့အတူ ယောဂီသူမြတ်သည် ဝီရိယဖြင့် ကိလေသာတို့ကို ပယ်ဖျောက်ရာ၏။

မီးသည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်၏။ ထို့အတူ ယောဂီသူမြတ်သည် သတ္တဝါ သင်္ခါရတို့၌ ချစ်ခြင်း မုန်းခြင်း ကင်းလွတ်သောစိတ်ဖြင့် နေထိုင်ရာ၏။

မီးသည် အမှောင်တိုက်ကို ပယ်ဖျောက်၍ အလင်းရောင်ကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထွန်းပြတတ်၏။ ထို့အတူ ယောဂီသူမြတ်သည် အဝိဇ္ဇာအမှောင်ကို ပယ်ဖျောက်၍ ဉာဏ်ပညာကို ထွန်းလင်းစေရာ၏။

## လေပမာ

လေသည် ကောင်းစွာ သီးပွင့်ကြသော တောအုပ်အတွင်းသို့ ငြိတွယ်ကင်းစွာ ထိရောက်တိုက်ခိုက်၏။ ထို့အတူ ယောဂီသူမြတ်သည် ကိလေသာမှ လွတ်မြောက်သော ဖိုလ်စိတ်တို့၏ အာရုံ၌ မွေ့လျော်ရာ၏။

လေသည် မြေ၌ပေါက်နေသော သစ်ပင်အပေါင်းကို လုံးထွေး တိုက်ခိုက်၏။ ထို့အတူ ယောဂီသည် တောရဆောက်တည်လျက် သင်္ခါရတရားတို့ကို စိတ်ဖြင့် ကိလေသာတို့ကို ဖုံးလွှမ်းတိုက်ခိုက်၏။

လေသည် အထက်ကောင်းကင်၌ ကျက်စား၏။ ထို့အတူ ယောဂီသည် သီလတည်းဟူသော အမွှေးနံ့သာကို သယ်ဆောင်ရာ၏။

လေသည် အနံ့ကိုသယ်ဆောင်၏။ ထို့အတူ ယောဂီသည် သီလတည်းဟူသော အမွှေးနံ့သာတို့ကို သယ်ဆောင်ရာ၏။

လေသည် အမြဲတမ်းစွဲနေသော နေရာဟူ၍ မရှိပေ။ ထို့အတူ ယောဂီသည်လည်း အမြဲတမ်း စွဲကပ်ထားသော နေရာမရှိသဖြင့် လူတို့နှင့် ရောနှောဆက်ဆံခြင်း ကင်းပြီး အာရုံအားလုံးတို့၌ ကပ်ငြိတွယ်တာမှု ကင်းလွတ်ရာ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ကောင်းကင်ပမာ

ကောင်းကင်သည် မည်သို့မျှ ဆုပ်ကိုင်ဖမ်းယူ၍ မရရှိပေ။ ထို့အတူ ယောဂီသည်လည်း ကိလေသာတို့က မည်သို့မျှ ဆုပ်ကိုင် ဖမ်းယူ၍ မရနိုင်သူ ဖြစ်ရာ၏။

ကောင်းကင်သည် ဘုရားရဟန္တာ ဈာန်ရ ရသေ့၊ နတ်ဗြဟ္မာတို့နှင့် ငှက်သတ္တဝါတို့၏ လှည့်လည်သွားလာရာဖြစ်၏။ ထို့အတူ ယောဂီသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့၌ စိတ်ကို လှည့်လည်ကျက်စားရာ၏။

ကောင်းကင်သည် ကောင်းကင်သို့ ရောက်နေသူအတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ဖြစ်၏။ ထို့အတူ ယောဂီသည် အလုံးစုံသော ဘဝပဋိသန္ဓေတို့၌ စိတ်ကို ထိတ်လန့်တုန်လှုပ်စေရာ၏။

ကောင်းကင်သည် ဘာကိုမှ ငြိကပ်တွယ်တာမှု မရှိပေ။ ထို့အတူ ယောဂီသည်လည်း ဒါယကာ၊ ဒါယိကာမတို့၌လည်းကောင်း၊ ဂိုဏ်းအဖွဲ့အစည်းတို့၌လည်းကောင်း၊ လာဘ်လာဘတို့၌လည်းကောင်း၊ ကျောင်း အိမ်ရာနေရာတို့၌ လည်းကောင်း၊ ပစ္စည်းအသုံးအဆောင်များနှင့် အလုံးစုံသော ကိလေသာတို့၌လည်းကောင်း ငြိကပ်တွယ်တာမှု မရှိသူဖြစ်ရာ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## လပမာ

လသည် လဆန်းပက်၌ တိုး၍တိုး၍ သာလာ၏။ ထို့အတူ ယောဂီသည် အကျင့်သီလ ဆောက်တည်ခြင်း၊ ဝတ်ကြီးဝတ်ငယ် ပြုခြင်း၊ တရားစာပေသင်ယူခြင်း၊ တရားထူးသိမြင်ခြင်း၊ တစ်ပါးတည်းသာ ကိန်းအောင်းခြင်း၊ သတိပဋ္ဌာန်ပွားများခြင်း၊ ဣန္ဒြေကို စောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်ရှိခြင်း၊ နိုးကြားတက်ကြွခြင်း စသည်တို့၌ တိုးတက်၍သာ လာစေရာ၏။

လသည် ကြယ်တာရာအပေါင်း၏ အကြီးအမှူးဖြစ်၏။ ထို့အတူ ယောဂီသည် ဆန္ဒအဓိပတိတည်းဟူသော မွန်မြတ်သော အကြီးအမှူး ရှိသည်ဖြစ်ရာ၏။

လသည် ညဉ့်အခါ၌သာ ထွက်ပေါ်လာ၏။ ထို့အတူ ယောဂီသည် ဆိတ်ငြိမ်သူ ဖြစ်ရာ၏။

လသည် ကမ္ဘာဦးလူတို့၏ တောင့်တမှုကြောင့် ပေါ်ထွက်လာ၏။ ထို့အတူ ယောဂီသည် ဒါယကာတို့က ကြည်ဖြူစွာ၊ ကြည်ညိုစွာ တောင်းပန်ပင့်လျှောက်ကြသဖြင့်သာလျှင် ဒါယကာတို့ထံ ချဉ်းကပ်သူ ဖြစ်ရာ၏။

## နေပမာ

နေသည် ရေကို ခန်းခြောက်စေ၏။ ထို့အတူ ယောဂီသည် အလုံးစုံ ကိလေသာတို့ကို ခမ်းခြောက်စေရာ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေသည် အမိုက်မှောင်ကို ပယ်ဖျောက်၏။ ထို့အတူ ယောဂီသည် ဒုစရိုက်အမှောင် ဟူသမျှကို ပယ်ဖျောက်ရာ၏။

နေသည် အမြဲတမ်း လှည့်လည်နေ၏။ ထို့အတူ ယောဂီသည် အမြဲတစေ သင့်လျော်ရာသာလျှင် နှလုံးသွင်းနေရာ၏။

နေတွင် နေရောင်ခြည်တည်းဟူသော ပန်းကုံးရှိ၏။ ထို့အတူ ယောဂီသည် ကမ္မဋ္ဌာန်းအာရုံတည်းဟူသော ပန်းကုံးရှိရာသည် ဖြစ်ရာ၏။

နေသည် လူအပေါင်းအား ကောင်းစွာ ပူးနွေးစေလျက် လှည့်လည်၏။ ထို့အတူ ယောဂီသည် အကျင့်သီလ ဝတ်ကြီးဝတ်ငယ် ဈာန် ဝိမောက္ခ၊ သမာဓိ၊ သမာပတ်၊ ဗောဓိပက္ခိယတရားတို့ဖြင့် နတ်နှင့်တကွသော လူအပေါင်းတို့ကို ကောင်းစွာ ပူနွေးစေရာ၏။

နေသည် ရာဟု အသူရိန်နတ်ကြီးကို ကြောက်ရွံ့လျက် လှည့်လည်၏။ ထို့အတူ ယောဂီသည် မိစ္ဆာဒိဋ္ဌိတည်းဟူသော လမ်းခွဲသို့ သွားနေကြသော သတ္တဝါတို့ကို မြင်၍ ကြီးစွာသော ထိတ်လန့်ခြင်းဖြင့် မိမိစိတ်ကို ထိတ်လန့်စေရာ၏။

နေသည် အကောင်းအဆိုးကို ထင်စွာပြတတ်၏။ ထို့အတူ ယောဂီသည် လောကီ လောကုတ္တရာ တရားတို့ကို ထင်ရှားစွာ ပြရာ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## သမင်ပမာ

သမင်သည် နေ့အခါတွင် တောထဲ၌လှည့်လည်၏။ ညဥ့်အခါတွင် လွင်တီးခေါင်(လွင်ပြင်)၌ လှည့်လည်၏။ ထို့အတူ ယောဂီသည်လည်း နေ့အခါ တောတောင်သစ်ပင် သစ်ရိပ်တို့၌ (ရုက္ခမူစုတင်)ဖြင့် နေရာ၏။ ညဥ့်အခါ လွင်တီးခေါင်(လွင်ပြင်)တွင် (အဗ္ဘောကာသိတစုတင်)ဖြင့် နေရာ၏။

သမင်သည် မိမိထံ လှံဖြစ်စေ၊ မြားဖြစ်စေ ဝင်လာသောအခါ လှည့်ပတ်၍ ပြေးသွား၏။ လက်နက်အနီးသို့ ကိုယ်ကို အရောက်မခံပေ။ ထို့အတူ ယောဂီသည် မိမိထံသို့ ကိလေသာများ ပြေးဝင်လာသောအခါ လှည့်ပတ်၍ပြေးသွားရာ၏။ ကိလေသာ အနီးသို့ မိမိစိတ်ကို အရောက်မခံရာ။

သမင်သည် မိမိအား လူတို့ မမြင်စေလိုသဖြင့် ထိုထိုအရပ်သို့ ပြေးဝင်ပုန်းအောင်း၏။ ထို့အတူ ယောဂီသူမြတ်သည်လည်း ခိုက်ရန်ဖြစ်တတ်ကုန်သော၊ ငြင်းခုံလေ့ရှိကုန်သော၊ သီလမရှိကုန်သော၊ ပျင်းရိကုန်သော အပေါင်းအဖော်တို့၌ မွေ့လျော်တတ်ကုန်သော လူအပေါင်းတို့က မိမိအား မမြင်မတွေ့စေလိုသဖြင့် လွတ်ရာ ကျွတ်ရာသို့ ပြေးဝင်ပုန်းအောင်းရာ၏။

## ခြသေ့ံပမာ

ခြသေ့ံသည် ခြေထောက် လေးချောင်းဖြင့် အလွန်ရဲရင့်စွာ လှည့်လည်သွားလာ၏။ ထို့အတူ ယောဂီသည် ဆန္ဒ၊ ဝီရိယ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စိတ္တာ၊ ဝိမံသ ဣဒ္ဓိပါဒ်လေးပါးတို့ဖြင့် အလွန်ရဲရင့်စွာ လှည့်လည်ရာ၏။

ခြင်္သေ့သည် အလွန်လှပ၍ နှစ်သက်ဖွယ် ကောင်းသော လည်ဆံမွေးရှိ၏။ ထို့အတူ ယောဂီသူမြတ်သည် စင်ကြယ်သန့်ရှင်း၍ နှစ်သက်ဖွယ်ကောင်းသော သီလနှင့် ပြည့်စုံရာ၏။

ခြင်္သေ့သည် အသက်ပင် သေဆုံးပါစေ၊ တစ်စုံတစ်ဦးသော သတ္တဝါကိုမျှ ဦးမညွှတ်ပေ။ ထို့အတူ ယောဂီသည် ပစ္စည်းလေးပါးတို့ဖြင့် ပြတ်လတ်ရှားပါး၍ ငတ်ချင် ငတ်ပါစေ၊ မည်သူ့ကိုမျှ ဦးမညွှတ်ရာ။

ခြင်္သေ့သည် သားကောင်တစ်ကောင်ကို ရလျှင် အစဉ်အတိုင်း စား၏။ ကျရာအရပ်မှာသာ စား၏။ အသားကောင်း အသားဆိုး ရွေးချယ်မနေပါ။ ထို့အတူ ယောဂီသည် ဆွမ်းဘောဇဉ်ကို အစဉ်အတိုင်းသာ စားရာ၏။ ဆွမ်းလှူသူနှင့် ဆွမ်းဘောဇဉ်ကို မရွေးချယ်ရာ။ ခန္ဓာကိုယ်မျှတရေးအတွက် ဆွမ်းလုတ်ယူကာ တစ်နေရာမှာသာ စားသောက်ရာ၏။

ခြင်္သေ့သည် အစာကို သိုမှီးသိမ်းဆည်း၍ မထားပေ။ တစ်ကြိမ်စားထားပြီးသော အရပ်သို့ နောက်တစ်ကြိမ် မချဉ်းကပ်တော့ပေ။ ထို့အတူ ယောဂီသူမြတ်သည် အစာအာဟာရကို သိုမှီးသိမ်းဆည်းခြင်း မပြုဘဲ စားသောက်ရာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ကျားသစ်မပမာ

ကျားသစ်မသည် တစ်ကြိမ်သာလျှင် ကိုယ်ဝန်ဆောင်၏။ တစ်ကြိမ်ဆောင်ပြီးလျှင် နောက်ထပ် ကျားသစ်ဖိုအနီးသို့ မကပ်တော့ပေ။ ထို့အတူ ယောဂီသူမြတ်သည် သံသရာ၏ ဘေးဆိုးကို ရှုမြင်၍ ဒုတိယဘဝ၌ ပဋိသန္ဓေမနေအပ်ဟူ၍ သင့်လျော်သောအားဖြင့် နှလုံးသွင်းရာ၏။

## ကျားသစ်ဖိုပမာ

ကျားသစ်ဖိုသည် အသွားရခက်သော မြက်တော၊ သစ်တော၊ တောင်ဝှန်းတို့၌ မှီခိုပုန်းအောင်း၍ သားကောင်တို့ကို ဖမ်းယူ၏။ ထို့အတူ ယောဂီသူမြတ်သည် ဆိတ်ငြိမ်သော တော၊ သစ်ပင်ရိပ်၊ တောင်၊ ချောက်ကြား၊ တောခေါင်း၊ သုသာန်၊ တောအုပ်၊ လွင်တီးခေါင်၊ သဘာဝကျောက်ဂူ လိုဏ်ဂူ စသည့် တစ်ယောက်တည်း ကိန်းအောင်းနိုင်သော နေရာတို့၌ နေထိုင်ရာ၏။ ဆိတ်ငြိမ်ရာ၌ နေထိုင်၍ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီသည် မကြာမီမှာပင် အဘိညာဉ်ခြောက်ပါးကို ရလေရာ၏။

ကျားသစ်ဖိုသည် သားကောင်တစ်ကောင်ကို ဖမ်းရာတွင် လက်ျာနံပါးဖြင့် လဲကျသော သားကောင်ကို မစားပေ။ ထို့အတူ ယောဂီသူမြတ်သည် သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသော ဘုရားရှင် ကဲ့ရဲ့တားမြစ်ထားသော အနေသနမှုတို့ဖြင့် ရရှိသော ဘောဇဉ်ကို မစားသုံးရာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ခေါက်ရှာငှက်ပမာ

ခေါက်ရှာငှက်သည် ပျံသန်းရင်း သူတစ်ပါးတို့အတွက် ဘေးရှိသည်၊ မရှိသည်ကို တွန်သံမြည်၍ အသိပေးတတ်၏။ ထို့အတူ ယောဂီသူမြတ်သည်လူအပေါင်းတို့အား အပါယ်လေးပါး ကျရောက်မည့်ဘေးကိုလည်းကောင်း၊ နိဗ္ဗာန်တည်းဟူသော ဘေးကင်းရာကိုလည်းကောင်း ပြဆိုရာ၏။

## တောအုပ်ပမာ

တောအုပ်သည် မစင်ကြယ်သော လူအပေါင်းကို ဖုံးအုပ်ပေး၏။ ထို့အတူ ယောဂီသူမြတ်သည် သူတစ်ပါး၏ အပြစ်များ ချွတ်ယွင်းချက်များကို မပြောကြားပါဘဲ ဖုံးအုပ်ပေးရာ၏။

တောအုပ်သည် လူနေထူထပ်ခြင်းမှ ကင်းဆိတ်၏။ ထို့အတူ ယောဂီသူမြတ်သည် အရိယာတို့၏ ဥစ္စာမဟုတ်ကုန်သော ယုတ်ညံ့သော ကုသိုလ်တို့မှ ကင်းဆိတ်ရာ၏။

တောအုပ်သည် အရိယာသူတော်ကောင်းတို့၏ အမြဲတမ်း မှီဝဲအပ်သော နေရာဖြစ်၏။ ထို့အတူ ယောဂီသူမြတ်သည်လည်း အရိယာသူတော်ကောင်းတို့၏ အမြဲတမ်း မှီဝဲအပ်သော ပုဂ္ဂိုလ်သူမြတ် ဖြစ်ရာ၏။

တောအုပ်သည် ငြိမ်သက်၍ စင်ကြယ်သန့်ရှင်းပါ၏။ ထို့အတူ ယောဂီသူမြတ်သည်လည်း ငြိမ်သက်၍ စင်ကြယ်သန့်ရှင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူဖြစ်ပြီး တပ်မက်ခြင်း၊ မာန်ထောင်လွှားခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းတို့မှ ကင်းစင်ရာ၏။ **(မိလိန္ဒပညာကျမ်းမှ)**

အရှင်နာဂသိမ်သည် မိလိန္ဒမင်းကြီးအား ဥပမာမြောက်မြားစွာ ပြ၍ မိစ္ဆာဒိဋ္ဌိအယူကို ပယ်ဖျောက်ပေးခဲ့၏။ ဤအရှင်သည် မိမိဆောင်ယူထားသော ဤတရား အဆုံးအမများကို ယောဂီသူတော်စင်တို့အကျိုးအတွက် မျှဝေဖြန့်ဖြူးပေးလိုက်ပါ၏။

ဓမ္မစကား မြတ်တရားကို ဟောကြားပို့သ နှလုံးလှဖြင့် ကောင်းစွာကျိုးပြု စွမ်းဆောင်ပြုသည် သာဓု–သာဓု–သူ့ကောင်းမှု။

တရားအသိ၊ ကိန်းအောင်းရှိက
ရှိသည့်တရား၊ ထပ်ဆင့်ပွားလျက်
ပြန့်ပွားစေမှု၊ သာသနာပြုသည်
သာဓု–သာဓု– သူ့ကောင်းမှု။    ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ၅။ ဓမ္မကြွေးကြော်သံ အဝိတ္တာန်

ဤအရှင်သည် ဤဘဝကိုပင် ဘဝသံသရာ နောက်ဆုံးဘဝဖြစ်ပြီဟု ကြွေးကြော်နိုင်ရန် ဖခင် မြတ်ဗုဒ္ဓ၏ အဆုံးအမ မြတ်ဓမ္မစွမ်းအားများကို ရင်ထဲ နှလုံးသားထဲထည့်လျက် နေ့၊ လ၊ ရက်ရှိတိုင်း အားရပါးရ ကျင့်ကြံပွားများ အားထုတ်နေသည်။ ခိုင်မာသော စိတ်ဓာတ်၊ တိကျသော ဆုံးဖြတ်ချက်၊ ရဲရင့်သော ဖွဲ့သတ္တိကို ရှေ့တန်းတင်လျက် ကိလေသာတို့နှင့် နီးစပ်ရောပြွမ်းသော ကျောင်းရိပ်သာ ဆရာတော်တည်းဟူသော လှောင်အိမ်မှ ရုန်းထွက်ခဲ့သည်။ အရှင်ဝါယာမိန္ဒ ဟူသော ရုပ်နာမ်အစုသည် ဘဝကံလမ်း အကျိုးပေးတွေကို မျက်နှာလွှဲ စွန့်ခွာလျက် မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ဉာဏ်လမ်းဆီသို့ ရှေးရှုကာ မြတ်ဗုဒ္ဓ၏ သားတော်ပီပီ အတောင်သာလျှင် ဝန်ရှိသော ငှက်ကဲ့သို့၊ ဦးချို တစ်ချောင်းတည်းရှိသော ကြံ့၊ မြွေးမှလွတ်သည့် ငါးပမာ လွတ်လပ်စွာသော ဘဝကို တည်ဆောက်လျက်၊ ရှေးရှေးအရိယာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူပေါ်စင်တို့၏ စိတ်ဓာတ်ကို မွေးမြူလျက် တောစခန်း တောလမ်းမှာ ပျော်ဝင်ခဲ့သည်။

## စွန့်မှ စွမ်းပေါ်

သုဇာတာ သူဌေးသမီးရဲ့သား အရှင်ယသကတော့ "ဥပဒ္ဒုတံဝတတော ဥပဿဋ္ဌတာတော"တဲ့။ အို–အရှင်တို့၊ ကိလေသာတို့သည် နှိပ်စက်လေစွတကား၊ အို–အရှင်တို့၊ ကိလေသာတို့သည် ညှဉ်းဆဲအပ်လေစွတကားဟု သူ့ဇနီးနှင့် ကချေသည်တို့ပုံပျက်ပန်းပျက် အိပ်ပျော်နေတာတွေ၊ ဘဝနှောင်အိမ်ရဲ့ အဖြစ်တွေကို မြင်လျက် ထွက်ပြေးခဲ့၍ သံသရာဘဝတည်းဟူသော ဒုက္ခအပေါင်းတို့မှ လွတ်မြောက်ပြီး အရဟတ္တမဂ်ချမ်းသာဖြင့်နေခဲ့လေပြီ။ သံသရာအဆုံးကို ကူးမြောက်သွားနိုင်ခဲ့ပြီ။

အရှင်မဟာကဿပ ကြည့်ပြန်တော့ ကုဋေပေါင်း မြောက်မြားစွာကို စွန့်ခွာလျက် လူမသိအောင် ရှောင်ပုန်းထွက်လာခဲ့ကာ တရားထူးတွေကို မရအရ ယူဆောင်၊ ဓုတင်တစ်ဆယ့်သုံးပါးလုံးကို ဆောင်သော ဘဝပါရဂူဖြစ်ကာ နိဗ္ဗာန်စခန်းကို ကြွလှမ်းခဲ့သည်။

ရှေးအရိယာနွယ်ဝင် သူတော်စင်တွေဟာ လောကကိုနောက်ခိုင်းပြီး တစ်ဘဝဆင်းရဲမှုကို မကြောက်တော့ဘဲ တစ်သံသရာလုံး၏ ဒုက္ခကိုကြောက်ရွံ့ကာ ရုန်းထွက်ပြီး၊ စွန့်စားခဲ့ကြသဖြင့် ချမ်းသာရာကို ရသွားကြပြီး လောကမှာ အမြတ်ဆုံး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်သည့် အမတသုခကို ရသွားကြပြီ။ စွန့်စွန့်စားစား တကယ့် အာဇာနည် ယောကျာ်းများဖြစ်သည်။

## အတိတ်ရာဇဝင်နှင့် အမြင်ရဲရင့်သူတို့၏ စံအိမ်

ရာဇဝင်တစ်ခုရှိသည်။ နောင်ရိုးတိုက်ပွဲမှာ ဘုရင့်နောင်၏ စိတ်ဓာတ်ကို လေ့လာလျှင် သိပ်အားကျဖို့ကောင်းသည်။ ဘုရင့်နောင်သည် ရန်သူ့နယ်မြေတစ်ဘက်ကမ်းကို မရောက်အရောက် စစ်သည်ဗိုလ်ပါတို့နှင့် ခိုင်ခံ့သော ဖောင်ကို ဖွဲ့စည်းပြီး ကူးခဲ့သည်။ ရန်သူနေသော စခန်းကိုရောက်သည်နှင့် စိတ်ဓာတ်ကို မြှင့်တင်ပြီး လုံ့လ ဝီရိယတင်းတင်းနှင့် နောက်ပြန်မကြည့်မိအောင် ဖောင်ကို ဖျက်ဆီးပစ်ခဲ့သည်။ စိတ်ကိုလည်း တစ်ခုတည်းသော ဦးတည်ချက်၊ ပြတ်သားသည့်စိတ်ဓာတ်၊ ရဲရင့်သော ဖွဲသတ္တိကို မွေးမြူပြီး အင်အားကြီးမား များပြားလှသည့် တစ်ဖက်ရန်သူကို အောင်နိုင်ခဲ့သည်။ ထို့နည်းတူစွာ အာဇာနည်ပုဂ္ဂိုလ်တိုင်းသည် ဘဝကို စွန့်ရဲရမည်။ တကယ်လုပ် အဟုတ်ရစေရမည်။ လောကီ အလုပ်ဖြစ်စေ ရည်ရွယ်ချက်ပြည့်ဝရမည်။ လေ့လော်ရင်း တက် မကျိုးစေရ၊ သံသရာတစ်ဘက်ကမ်းဆီသို့ မရောက်မချင်း ဗိုလ် ငါးပါး ရှေ့တန်းတင်ကာ တုံးဆိုတိုက်၊ ကျားဆိုကိုက် နောက် မဆုတ်တမ်း ကံသတ္တိစွမ်းအားကို ယုံကြည်လျက် ဉာဏ်သတ္တိ စံအိမ်ကို မရောက်အရောက် ကူးမြောက်အောင် ကြိုးစားအားထုတ် သင့်ကြပေသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## တရားအားထုတ်ခြင်းဆိုသည်မှာ

မိမိစိတ်ကလေးကို အနှောင်အဖွဲ့ကင်းပြီး နေချင်သဖြင့် မဂ္ဂင်ရှစ်ပါး အကျင့်ကို ကျင့်ခြင်း၊ ဤအကျင့်ကို ကျင့်ပြီး ရှုပ်ထွေးပွေလိမ် မွန်းကျပ်နေသည့် စိတ်သည် ကြည်လင်သန့်ရှင်းလျက် ငြိမ်းအေးသော စွမ်းအားနှင့် ပြည့်ဝသွားသည့် အသစ်တခမ္မခါတ်၏ နယ်ပယ်သို့ ကူးပြောင်းခြင်းမှာ တရားအားထုတ်ခြင်း၏ အဓိကရည်ရွယ်ချက် ဖြစ်သည်မဟုတ်လား။

## အားကိုးရာအစစ်သို့

"ဆင်းရဲကြီးကို ကြောက်တဲ့သူဟာ ဆင်းရဲကလေးကို သည်းခံရမယ်။ တကယ့်ချမ်းသာကြီးကို လိုလားသူဟာ ချမ်းသာကလေးကို စွန့်လွှတ်နိုင်ရမယ်၊ အပါယ်ဆင်းရဲကြီးကို ကြောက်သူဟာ ခန္ဓာဆင်းရဲမှု ဝေဒနာကို သည်းခံခြင်းဖြင့် အနိုင်ယူရမယ်။ အရဟတ္တမဂ်ဖိုလ်အထိ ရောက်လိုသူဟာ တစ်ဘဝချမ်းသာမှုတွေကို မတောင့်တဘဲ တစ်ဘဝ တစ်သံသရာလုံးကိုငဲ့ပြီး စွန့်စားရဲတယ်။ ကိလေသာရန်သူကို သတ်ရဲတယ်၊ ဖြတ်ရဲတယ်၊ မတုန်လှုပ်ရဘူး။ ရရှိလာတဲ့ ဘုန်းနဲ့ လာဘ်လာဘ အခြံအရံကို အချိန်မရွေး စွန့်ရဲတယ်။ လောကကြီးကို အနတ္တမြင်တယ်။ မိမိနှင့် ဘာမျှမသက်ဆိုင်ဟု မြင်ကြတယ်။ သီလ သမာဓိ ပညာမှတစ်ပါး ဘာကိုမှ အားမကိုးတော့ဘူး။ နေ့စဉ် နိဗ္ဗာန်ကိုသာ စိတ်ညွှတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေကြတယ်” အားကိုးရာမှန်သွားကြသူများ ဖြစ်သည်။ အားကျ ထိုက်သူများလည်း ဖြစ်ကြသည်။

## ပန်းတိုင်

“သံဝေဂအသိနဲ့ ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့ ကိုယ့်ဘဝ အဖြစ်ကို အသိဝင်ပြီး မနစ်မျောရအောင် ကြံဆောင်မယ်ဆိုရင် အချိန်က နေမဝင်သေးဘူး။ ဇွဲမလျှော့ ဉာဏ်မျက်စိကိုတပ်လျက် စိန်နဲ့ ဆန်ကွဲ ဘာလို့ မလဲရမှာလဲ။ အသက်နဲ့ သစ္စာ မတွေဝေဘဲ ကိလေသာကြောင့် မည်းနစ်နေတဲ့စိတ်ကို ဗိုလ်ငါးပါးနဲ့ ပြောင် အောင် တိုက်ဆေးပြီး အမှောင်ကိုခွင်း အလင်းကို မရောက် ရောက်အောင် သွားရင် တစ်နေ့ ပန်းတိုင်ရောက်မှာပဲ” ထိုကဲ့သို့ အဓိဋ္ဌာန်လိုက်သည်။

## တိုက်တွန်းချက်

ဤအရှင်၏ ဓမ္မဆိုင်ရာ ဘဝဆိုင်ရာ စာအုပ်ကို ဖတ်နေ ရသူ ဓမ္မမိတ်ဆွေ အသိပေးပါရစေ–

“သံသရာခရီးသည်တွေဟာ မိမိတို့ရဲ့ဘဝကို အမြတ်တနိုး ရှိသင့်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ခရီးက ဆက်စရာများနေ တော့ ဒုဂ္ဂတိခရီးနှင့် သုဂ္ဂတိခရီးဆိုတဲ့ နှစ်သွယ်ကို တစ်ခုခုတော့ လျှောက်လှမ်းရတော့မယ်။ အခုလည်း ခရီးတစ်ဝက်ကျိုးလာပြီ။ ဘဝနေဝင်ချိန် နီးလာပြီ။ သုဂ္ဂတိဘဝ တစ်ခန်းရပ်တော့မယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားမကိန်းသေးတော့ ခရီးဆက်နေရဦးမယ်။

"ကြမ်းတမ်းတဲ့ ဒုဂ္ဂတိခရီးလမ်းကိုရောက်မသွားဖို့ ကြိုတင်ပြင်ဆင်ရတော့မယ်၊ ခရီးတစ်ခု ထွက်တော့မယ်ဆိုရင် ပြင်ဆင်သင့်တာကို ပြင်ဆင်ပြီး ယူသင့် ယူထိုက်တဲ့ ရိက္ခာပစ္စည်းတွေလမ်းခရီးမှာ အစစ အရာရာ အဆင်ပြေချောမွေ့စေဖို့ မိမိကိုယ်တိုင်ကလည်း ပြင်ဆင်၊ သားသမီး ဆွေမျိုးတွေကိုလည်း ပြင်ဆင်ခိုင်းသလိုမျိုးပဲ။ ဒီအချိန်မှာလဲ အခွင့်ကောင်း ကာလကောင်း ဘဝကောင်း ဌာနကောင်းတဲ့ နေရာမှာ တို့ရောက်နေကြပြီမဟုတ်လား။ သာသနာထွန်းကားနေတဲ့ မြန်မာနိုင်ငံမှာ ပြုလုပ်စရာ ဒါန သီလ ဘာဝနာဆိုတဲ့ တရားတွေ ပွင့်လင်းနေတယ်။ နိဗ္ဗာန်တံခါး ဖွင့်ပေးနေပြီဆိုတော့ ဒါကို ကာလကောင်း ဝိမုတ္တိခေတ်ကာလလို့ ဆိုကြတယ်"

"တရားအားထုတ်တယ် ဆိုတာဟာ သူ့ခေတ် သူ့ကာလနဲ့ တိုက်ဆိုင်မှ အားထုတ်လို့ရတာ၊ ဘဝကို ကြည့်ပြန်တော့ကိုယ့်သန္တာန်မှာ ရတနာသုံးပါးကို ကြည်ညိုလေးစားတတ်တဲ့ သဒ္ဓါ စေတနာတွေက နှလုံးသားထဲမှာ အပြည့်ပါလာလေတော့ ဘဝကလည်း ကောင်းပါဘိ၊ သူတော်ကောင်းတရားတွေ ကျင့်ရန်နေရာတွေ၊ တောရိပ် တောင်ရိပ်တွေကလည်း သူ့ဌာနနဲ့သူမှီပေါက်နေသလို ပြည့်ပြည့်ကိုစုံလို့၊ အခွင့်အရေးကို လက်မလွှတ်ပါစေနဲ့၊ အလောင်းတော်မှန်လို့ ဖုသ္သရထား ဆိုက်လာနေတာပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ငြိမ်းချမ်းမှု ဘဝပန်းတိုင်ကိုရောက်ဖို့ အခွင့်အရေးကို အပြည့်အဝ ယူပစ်လိုက်ကြပါ။ ရောဂါအနာ ကျရောက်နေမှ အဆိုးလောကခံကို မရှုမလှ ခံရချိန်ကျမှ ဇရာဒုဗ္ဗလ အိုမင်းရင့်ရော်ချိန်ရောက်ပါမှ တရားအားထုတ်မယ်ဆိုရင် အလာကောင်းပေမယ့် အခါနှောင်းသွားပါပြီ။ ရေခန်းခြောက်ခါနီးမှ ရေကန်နားရောက်လာတဲ့ ကြိုးကြာငှက်အိုကြီးလို အစာရှာရင်း ရေခန်းပြီး ပျံသန်းစရာမရှိဘဲ သေပွဲဝင်သွားရဘိသကဲ့သို့ ဖြစ်လိမ့်မယ်”

## ကြိုတင်ပြင်ဆင် မသေခင်

“ကုသိုလ်လုပ်တယ်ဆိုတာ ကျန်းမာပြီး သဒ္ဓါတရားပေါ်နေတဲ့အချိန်မှာ လုပ်ထားရတယ်။ ကျန်းတော့ ကျန်းမာပါရဲ့၊ ဒါပေမဲ့ သဒ္ဓါတရားက ဖြစ်ပေါ်မလာရင် ကုသိုလ်လုပ်ခွင့် မရဘူး။ သဒ္ဓါတရားတော့ ဖြစ်ပါရဲ့၊ ဒါပေမဲ့ ကုသိုလ်ပြုရမယ့်နေရာကို မသွားနိုင်၊ မရောက်နိုင် ရောဂါအနာဆိုတဲ့ ကံကြမ္မာဆိုးက လက်ဦးသွားပြန်တော့ အခက်တွေ့ရပြန်တယ်။ ဒီလိုနဲ့ သေခါနီး နောင်တဆိုတဲ့ နှလုံးမသာယာတဲ့စိတ်နဲ့ မကောင်းတဲ့ဘဝကို လျှောက်လှမ်းရတော့မယ်။

ဘဝရဲ့ အစ အလယ် အဆုံး သတိနဲ့ကပ်ကြည့်။ ကုသိုလ် အကုသိုလ် ဘယ်ဟာက အလေးသာနေသလဲ။ အကုသိုလ်က များနေရင် “ဒုဂ္ဂတိပရာယနော ဟောတိ”တဲ့။ ချမ်းသာကင်းတဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပါယ်ဘုံသို့သာ လားရောက်ဖို့ရှိကြောင်း ဘုရားရှင်က မိန့်တော်မူထားတယ် မဟုတ်လား။

ကုသိုလ်တရားတို့ဖြင့် ကြိုတင်ပြင်ဆင်မှုတွေ ပြည့်ဝနေပြီဆိုရင် ဘုရားရှင်က ဝိသာခါ၊ အနာထပိဏ်သူဌေးတို့ကို အိပ်လို့သာနေတော့ကွယ်။ မင်းတို့ ဘယ်တော့မှ အပါယ်လေးဘုံကို မရောက်တော့ဘူး။ သုဂတိမှ နိဗ္ဗာန်သာလျှင် လဲလျောင်းဖွယ်ရှိကြောင်း မိန့်ဖူးတယ်။ သူတို့မှာ ဒါနကလည်း ပြည့်စုံတယ်၊ သီလကလည်း လုံခြုံ၊ ဝိပဿနာစွမ်းအားကလည်း ပြည့်စုံနေတော့ ဘဝအာမခံချက် အပြည့်ရသွားပြီ၊ သေမင်းကို စိန်ခေါ်ရဲပြီ။

ဒါကြောင့် လူဖြစ်စေ၊ ရဟန်းဖြစ်စေ ယခုရရှိထားတဲ့ လူ့ဘဝ လူ့အဖြစ်ကလေးကို မြတ်ဗုဒ္ဓ၏ အဆုံးအမ ဓမ္မစွမ်းအားတို့ဖြင့် ပြည့်ဝအောင် သိမ်းဆည်းထားကြပါကုန်စို့။ ဒီလိုမှ အားထုတ်မှု မရှိခဲ့ရင် သံသရာသစ်ငုတ်ဘဝ ရောက်ပြီ၊ သာသနာနဲ့ အလွဲကြီး လွဲကြပါလိမ့်မယ်ဟု သတိပေးပါရစေ။

## သတိနဲ့နေရင် သတိနဲ့ သေမှာပါ

"သံသရာတစ်ဖက်ကမ်းကို ကူးမြောက်လိုတဲ့သူဟာ အပ္ပမာဒ ဆိုတဲ့ သတိကို အမြဲကိုင်ထားရမယ်။ 'အပ္ပမာဒေါ အမတံ ပဒံ' သေခြင်းကင်းတဲ့ နိဗ္ဗာန်ကို လိုလားသူတိုင်းဟာ ဒါမှမဟုတ် အပါယ်တံခါး ပိတ်လိုသူတိုင်းဟာ အရာရာတိုင်းမှာ သတိနဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေမယ်၊ သွားမယ်၊ စားမယ်၊ အိပ်မယ်ဆိုတဲ့ သတိရှိနေရင် နောက်ဆုံး သေခါနီးမှာ အမြတ်ဆုံးသေခြင်းနဲ့ သေရလိမ့်မယ်။ ဒါကြောင့်လည်း ရှေးသူတော်ကောင်းတွေက သတိသည် အများ အကုသိုလ်ကို တံခါးပိတ်ပေးထားသလို ကုသိုလ်အမှန် တရား မှန်သမျှမှာ အထက်တန်းကျတဲ့ မဂ်ကုသိုလ် ဖိုလ်ကုသိုလ်ကိုပါ တံခါးဖွင့်ပေးပြီး အရဟတ္တမဂ်ဖိုလ်အထိ ရောက်စေတဲ့ စွမ်းအား သတ္တိတွေ ပြည့်ဝပြီး မသေရာအမှန် မြတ်နိဗ္ဗာန်ကို ကူးမြောက် နိုင်ကြောင်း မိန့်ကြားတော်မူခဲ့ကြသည် မဟုတ်ပါလား"

၁။ ပတ္တမြားရတနာ
ထွက်နေရာ
တို့မှာ ရောက်ခဲ့ပြီ။

၂။ ဓားသွေးကျောက်သား
ပတ္တမြား
ဘာများ ကောက်ကြမည်။

၃။ အခွင့်ရမှ
ရအောင်ယူ
မြတ်သူ ဖြစ်သင့်သည်။

၄။ သိဉာဏ်ချိန်ဆ
လိုတိုင်းတ
မှချရနိုင်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၅။ သေရမည် ဒိဋ္ဌမို့ စိတ်ချ၍စောင့်နေ
အနိစ္စရောက်နေလျှင်
တစ်ယောက်ဆွေ မကယ်ဘူး။
၆။ မသေခင် မြတ်ဘာဝနာကို
ထပ်ခါခါပွားဖို့ စိတ်ကူး။
၇။ စိတ်ထားငယ်နုတ် နောက်မဆုတ်နှင့်
အားထုတ်ရန်းကန် တိုးမြှင့်ကြပေါ့။
၈။ နက်ဖြန်သဘက် တစ်ရက်ရက်သည်
သင့်အတွက် ပန်းတိုင်ရောက်လိမ့်မည်။

❖ နိဗ္ဗာန်ချမ်းသာကြီးကို မြင်နေမှတော့ ချမ်းသာကလေးကို ပြတ်ပြတ်စွန့်။

❖ အပါယ်လေးပါးဆင်းရဲကြီးကို မြင်နေမှတော့ ခန္ဓာဆင်းရဲ ကလေးတွေကို ကြိတ်မှိတ်သည်းခံကြ ဟူသော ရှေးရှေး ဆရာတော်ကြီးများ၏ သတိပေးဆုံးမစကားများကိုလည်း ရင်ထဲရောက်အောင် ဆောင်ထားကြပါကုန်စို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ၆။ ဘဝတစ်ကွေ့အတွေ့အကြုံ

## (ပထမပိုင်း)

လောကမှာရှိသည့် သတ္တဝါတိုင်းသည် မိမိတို့ ရထားသည့် ဘဝကို တွယ်တာကြ၊ ချစ်ခင်ကြသလို ရသည့်ဘဝမှာလည်း ပျော်နေတတ်ကြသည်။ မည်သည့်အာရုံနှင့် တွယ်တာ ချစ်ခင်၍ ပျော်နေကြသနည်းဆိုလျှင် ကိလေသာဆိုသည့် အာရုံလှောင်အိမ်နှင့် ပျော်ရွှင်နေကြခြင်းသာ ဖြစ်သည်။

မြတ်စွာဘုရားရှင်က–

သုညာဂါရံ ပဝိဋ္ဌဿ သန္တစိတ္တဿ ဘိက္ခုနော အမာနုသီ ရတီဟောတိ၊ သမ္မာဓမ္မံဝိပဿတော ဟူ၍ ဟောခဲ့သည်။

အနက်က– သုညာဂါရံ၊ ဆိတ်ငြိမ်နေရာ တောရကမ္မဋ္ဌာန်းကျောင်းသို့။ ပဝိဋ္ဌဿ၊ ဝင်လျက်။ သန္တစိတ္တဿ၊ ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍။ သမ္မာ၊ ကောင်းစွာ။ ဓမ္မံ၊ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ဝိပဿတော၊ ဝိပဿနာရှုသော။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘိက္ခုနော၊ သံသရာကို ဘေးဟုရှုတတ်သော ယောဂီမြတ်အား။
အမနုဿီ၊ လူသာမန် နတ်သာမန်တို့ မခံစား မတွေ့ထိနိုင်သော။
ရတီ၊ ဝိပဿနာ ပီတိသုခတို့ဖြင့် စိတ်၏ကြည်လင်ခြင်းသည်။
ဟောတိ၊ ဖြစ်ပါပေ၏။

အထက်ပါ ဂါထာ၏သဘောကို အနှစ်သာရတွေ့အောင် နှလုံးသွင်းကြည့်လျှင် သိမြင်နိုင်ပါသည်။ မိမိတို့ ရရှိထားသည့် ဘဝခန္ဓာကိုယ်ကို အမြတ်ဆုံး စံပျော်နိုင်ဖို့ ဆိတ်ငြိမ်အေးချမ်းဖွယ် ကောင်း၍ ကိလေသာအာရုံနည်းပါးသော တောရစ်နေ မထေရ် အရှင်မြတ်တို့သည် မိမိတို့၏ ကမ္မဋ္ဌာန်းအာရုံကို သတိကပ်ပြီး ဉာဏ်ဖြင့် စောင့်ကြည့်သည့်အခါ မည်သည့် ချမ်းသာနှင့်မျှ မတူသော ချမ်းသာသုခကို ရရှိခံစားကြရသည်။ ဝိပဿနာပီတိ သုခ ဆိုသည့် ခန္ဓာ၏ ဖြစ်ပျက်နေမှုတွေကို အေးချမ်းသောအာရုံ ဖြင့် လှမ်းကြည့်နေချိန် မြင်တွေ့နေချိန် မည်သည့်အေးငြိမ်းမှု နှင့်မျှ မတူကြောင်း သိရှိခံစားကြရပေသည်။

ထို့ကြောင့်လည်း ကိလေသာအာရုံတို့ဖြင့် ဝေးကွာသော တောရကမ္မဋ္ဌာန်းကျောင်းကလေးမှာသော်လည်းကောင်း၊ သစ်ပင် ရိပ်အောက်မှာသော်လည်းကောင်း၊ ရုပ်နာမ်ဓမ္မကို အပ္ပမာဒ သတိ နှင့် ဉာဏ်ကိုအဖော်ပြုပြီး ပျော်စံနေကြသော တောရစ်ပျော် အရိယာနွယ်ဝင် သူတော်စင်တို့သည် မိမိတို့ ရရှိထားသောဘဝ ကို အမြတ်ဆုံး အသိထူး အာရုံထူးတို့ဖြင့်သာ မွေ့လျော်ပျော် ပိုက်ပြီး ချမ်းသာနေသူများ ဖြစ်ပေသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"အဟောထာ သုခံ၊ အဟောသုခံ"

ဓမ္မ၏ အလင်းရောင်ကို ခံစားလိုသူများသည် မြတ်ဗုဒ္ဓ၏ အဆုံးအမ အကျင့်စခန်း အကျင့်လမ်းကို ဆရာကောင်းထံ နည်းနာခံ၍ ကျင့်သုံးနေထိုင်သင့်ကြောင့် စကားကောင်းဖြင့် ပမာဏပျိုး နှိုးဆော်လိုက်ရပါသည်။

## အထောက်အပံ့ကောင်း

သာသနာပြု ပုဂ္ဂိုလ်သူမြတ်တို့သည် အထောက်အပံ့ အကူအညီ မရရှိဘဲ အောင်မြင်ရိုးထုံးစံ မရှိချေ။ မြတ်စွာဘုရားရှင်သည် ဗိမ္ဗိသာရမင်း၊ ကောသလမင်း၊ အနာထပိဏ်၊ ဝိသာခါ စသော ပစ္စည်းပြည့်စုံသူ၊ သဒ္ဓါတရားပြည့်စုံသူများ၏ အထောက်အပံ့ကို ရယူ၍ သာသနာတော်တစ်ခုလုံးကို ဓမ္မအလင်းရောင် ဆောင်ခဲ့ရသည် မဟုတ်ပါလား။

ထို့အတူ ဤအရှင်မှာလည်း သာသနာပြုရာ၌ စောင့်ရှောက်ပေးကြသော မိခင် (၃) မျိုးတို့တွင်–

၁။ ဝမ်းနှင့်လွယ်ပြီး မွေးသည့်မိခင်၊

၂။ နို့ချိုတိုက်ကျွေးပြီး မွေးသည့်မိခင်၊

၃။ အရိပ်တကြည့်ကြည့်နှင့် စောင့်ရှောက်ပြီး မွေးသည့် မိခင် ဟူ၍ရှိရာ သုံးနံပါတ်ဖြစ်သည့် အစစအရာရာ အရိပ်ကလေး တကြည့်ကြည့်နှင့် စောင့်ရှောက်လျက်ရှိသော ကျေးဇူးရှင် ဒုတိယ မိခင်တစ်ဦး ရှိသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထိုမိခင်မှာ ဗုဒ္ဓဘာသာဝင် အရင်းအစစ်မဟုတ်၊ ဘာသာခြားတစ်ဦး ဖြစ်သည်။ သို့သော် ဤအရှင်နှင့်တွေ့စက ဗုဒ္ဓဘာသာ ပရိဝုဏ်ထဲသို့ စတင်ခြေချနေပြီဖြစ်သည်။ အတွေးအခေါ် အမြော်အမြင်ကြီးမားသည့် ပရိယတ္တိပိုင်းဆိုင်ရာ ကျွမ်းကျင်နှံ့စပ်တော်မူကြသည့် ဆရာတော် မထေရ်ကြီးများကို အိမ်သို့ ပင့်ဖိတ်ပြီး ဗုဒ္ဓဘာသာအကြောင်းကို စူးစမ်းမေးမြန်းကာ တစ်စတစ်စ ဗုဒ္ဓ၏ ဓမ္မများကို လက်တွေ့စူးစမ်း လေ့လာနေချိန်ဖြစ်သည်။ ထိုအချိန်တွင် ထိုဒကာမကြီးသည် ဤအရှင်၏ တောရဝါးကျောင်းကလေးကို ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ရောက်လာပုံကလည်း ရိုးရိုးလေးပါ။

လုပ်ငန်းစီးပွားကိစ္စနှင့်လာရင်း ဒေသခံ မိတ်ဆွေများ၏ လိုက်လံပို့ဆောင်ပေးမှုကြောင့် ရောက်လာခြင်းဖြစ်သည်။

သူက ရောက်တုန်းရောက်ခိုက် ဤအရှင်မှာလည်း ရိပ်သာတည် လုပ်နေတုန်း ကြုံကြိုက်သည်နှင့် တတ်စွမ်းသလောက် လှူသည်။ ဤအရှင်ကလည်း တရားအနည်းငယ် ဟောပေးခဲ့သည်။ အတိတ်ကုသိုလ်ကံ ဆွဲအားတွေကြောင့် ဖြစ်မည်ထင်သည်။ ဤအရှင်အား သားကဲ့သို့လည်းကောင်း ကြည်ညို ချစ်ခင်ပြီး သူမ၏ ဒေသဖြစ်သော ပဲခူးမြို့ကို ကြွဖို့ပင့်ပါသည်။

သို့သော် ဤအရှင် မကြွဖြစ်ပါ။

နောက်ထပ်တစ်ခေါက် ရောက်လာပြီး ပင့်ပြန်သည်။ ဤအရှင်ကလည်း "အကြောင်းညီညွတ်ရင် ရောက်မှာပါ" ဟုသာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မိန့်ကြားခဲ့သည်။ သည့်နောက်တော့ ဤအရှင်သည် ပဲခူးမြို့သို့ ကြွရောက်ဖြစ်သွားသည်။

ပဲခူးတွင် ယာယီသီတင်းသုံးနေခိုက် ဒကာမကြီးကလည်း သူသိလိုသည်များကို ဆက်တိုက်မေးခဲ့သည်။ ဤအရှင်ကလည်း တတ်နိုင်သမျှ ဖြေကြားပေးခဲ့သည်။

သည့်နောက်တော့ ထိုဒကာမကြီးသည် သဒ္ဒါတရားတွေ တအားစေ့ဆော်လိုက်သည်ဖြစ်မည်။ "သိက္ခာထပ်ခွင့်ပြုပါ"ဟု ခွင့်တောင်းသည်။

ဤအရှင်ကလည်း ခွင့်ပြုလိုက်သည်။

ပဲခူးမြို့မှာရှိသည့် သမိုင်းဝင် အဓိကရသိမ်တော်ကြီးဖြစ်သော ကလျာဏီသိမ်တော်ကြီးမှာ ပဲခူးမြို့မှ အကျိုးတော်ဆောင် ဦးနေအောင်၊ ဒေါ်မြင့်သိန်း၊ ဒေါ်သန်းဌေး မောင်နှမတစ်စုတို့ အပါအဝင် သိက္ခာထပ်ပွဲ ကျင်းပဖြစ်ကြသည်။

ထိုစဉ်ကတည်းကစပြီး ဤအရှင်သည် နှစ်စဉ် တစ်နှစ် တစ်ကြိမ် ပဲခူးသို့ကြွပြီး တရားလည်းဟော၊ တရားစခန်းလည်း ဖွင့်ဖြင့် သာသနာပြုခွင့်ရခဲ့သည်။ ပဲခူးမှာ တရားစခန်းအကြိမ်ပေါင်း (၂၅)ကြိမ် ဖွင့်ပေးနိုင်ခဲ့သည်။ ဖွင့်ခဲ့သည့် တရားစခန်းတိုင်းသည်လည်း ထိုဒကာမကြီး၏ အထောက်အပံ့ကြောင့် အဆင်ပြေအောင်မြင်ရခြင်းဖြစ်သည်။

ထိုဒကာမကြီးမှာ "ဒေါ်လှကြည်" ဖြစ်ပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မေးမြန်းစူးစမ်း ဘဝလမ်း

ဒကာမကြီး ဒေါ်လှကြည်က မေးမြန်းစူးစမ်းသဖြင့် ဤအရှင်သည် မိမိ၏ ငယ်ဘဝအကြောင်းအရာများကို ပြောပြဖြစ်ခဲ့သည်များ ရှိခဲ့သည်။

ရံဖန်ရံခါ ဒကာမကြီးအား ပြောကြားမိခဲ့သည်များကို ပြန်လည် နှလုံးသွင်း ဆင်ခြင်ဖြစ်သည်။

ဤအရှင်မှာ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်ရှိသည်။

ယောကျ်ားလေး ၅ ယောက်၊ မိန်းကလေး ၂ ယောက်၊ ဤအရှင်က တတိယမြောက် သားဖြစ်သည်။

ဤအရှင်၏ မယ်တော်က ဤအရှင်အား လွန်စွာချစ်ပုံရသည်။ ဤအရှင် မွေးပြီးနောက် စီးပွားတက်၍ ပြစ်မည်ထင်သည်။ ငယ်ငယ်က ဤအရှင်ကို သူတို့ ဖူးဖူးမှုတ်ခဲ့ဟန်ရှိသည်။ လူတွေ့တိုင်း ဂုဏ်ယူပြီးပြောနေသည့် စကားများကိုလည်း ဤအရှင် မကြာမကြာ ကြားဖူးနေသည်။

တစ်နေ့ ဦးဩဘာသကိုယ်တော် ကျောက်ဖြူအရှင် ဥတ္တရဝံသကို မယ်တော်ကြီးက "သူ့ကို ကိုယ်ဝန်ဆောင်ထားစဉ်တုန်းက ပျောက်နေတဲ့ ရွှေတစ်ကျပ်သားကို ပြန်ရတယ်။ လယ်ယာမြေတွေ သုံးခုလောက် ဝယ်နိုင်တယ်။ အဲဒါ ထူးခြားတယ်။ နောက်ပြီး သူ့ကို ကိုယ်ဝန်ရတဲ့အချိန်ကစပြီး သူ နှစ်နှစ်သားအထိ အသားငါးဆိုတာကို စားလို့မရဘူး၊ စားရင် အန်တယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြီးတော့ မွေးတော့မယ့်နေ့အထိ သိသိသာသာနာတာမရှိဘူး။ မွေးတဲ့နေ့ကျမှ မွေးခန်းထဲဝင်တော့မှ နည်းနည်းလေးနာတာ။ နောက်တော့ သတိမေ့မြောသွားသလို ဖြစ်သွားတယ်။ သတိမေ့သွားတဲ့အချိန်မှာ ခေါင်းရင်းကနေ ဝတ်ဖြူစင်ကြယ်နဲ့ လူတစ်ယောက်၊ ခြေရင်းတံခါးပေါက်က လူတစ်ယောက် လှံကိုင်ပြီး စောင့်နေတာ တွေ့ရတယ်။ နားထဲမှာ ကလေးငိုသံလိုလို ကြားလိုက်တယ်။ မျက်စိဖွင့်ကြည့်တော့ ဝတ်ဖြူစင်ကြယ်နဲ့လူရော၊ ခြေရင်းက လှံကိုင်ပြီးစောင့်တဲ့လူရော မရှိတော့ဘူး။ အဲဒါတော့ ထူးတယ်ထင်တာပဲ" ဟူ၍ လျှောက်ထားသံကို အမှတ်မထင်ကြားနာ မှတ်သားလိုက်ရဖူးသည်။

နောက်ပြီး ဤအရှင် မှတ်မိနေတာ တစ်ခုရှိသည်။

ဤအရှင် ခုနစ်နှစ်သားအရွယ်က ခွေးကိုက်ခံရဖူးသည်။

ခွေးကိုက်သည့်ဒဏ်ရာကြောင့် ခြောက်ရက်တိုင် သတိမရတစ်ချက်၊ ရတစ်ချက်မှာ ငရဲပြည်ကို ရောက်သွားရဖူးသည်။

ဤအရှင်ကို လူကြီးကြီးနှစ်ယောက်က ခေါ်သွားခြင်းဖြစ်သည်။ သွားရသည့်လမ်းက အသဲယားစရာကောင်းသည်။ သံဆူးသံချွန်တွေအပေါ်က ဖြတ်သွားရသည်။ အကုသိုလ်များသည့်လူဆိုလျှင် ဤဆူးချွန်များ၏ ဝါးမျိုခြင်းကို ခံရမှာတဲ့။ လူတွေက ကိုယ်တုံးလုံးနဲ့ ရှေ့ကပြေး၊ ရောမခွေးကြီးတွေက နောက်က လိုက်ပြီး ကိုက်ဖြတ်စားသောက်နေတာကိုလည်း မြင်ရသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤအရှင်က ကြောက်ပြီးအော်တော့ ထိုလူကြီးတွေက "မကြောက်နဲ့ ကလေး၊ အဲဒါတွေက အကုသိုလ်များခဲ့တဲ့ လူတွေဖြစ်လို့ကွ" ဟု ပြောသည်။

တစ်နေရာမှာတော့ ပွက်ပွက်ဆူနေသည့် ဒယ်အိုးကြီးထဲကို လူတွေပစ်ထည့်ပြီး ကြော်နေတာကို တွေ့ရသည်။ နောက်တစ်နေရာမှာတော့ မိန်းမကြီးတစ်ယောက် ဆံပင်ဖားလျားနှင့် ပြေးနေသည်။ သူ့နောက်က မည်းမည်းအကောင်ကြီးတစ်ကောင်က ပြေးလိုက်ပြီး ဝါးစားပစ်လိုက်သည်။ အရိုးသာကျန်သည်။ ကျန်သည့် အရိုးကို အနားမှာရှိသည့် တွင်းနက်ကြီးတစ်တွင်းထဲ ကန်ချလိုက်သည့်အခါ လူပြန်ဖြစ်ပြီး ပြေးရပြန်သည်။ မည်းမည်းအကောင်ကြီးကလည်း လိုက်ဖမ်းပြန်သည်။

တစ်နေရာမှာတော့ သူ့ခြေထောက်နှစ်ချောင်းကို မိုးပေါ်ထောင် အသားတွေကို ဓားနှင့် ခြစ်ချနေသည်ကို တွေ့ရသည်။ မကြည့်ရဲ၍ မျက်စိပိတ်ထားရသည့်အခါလည်း ရှိသည်။ အော်သံ ဟစ်သံ ညည်းတွားသံတွေကလည်း အော်ဂလီဆန်စရာ ကောင်းလှသည်။

ဤသို့ဖြင့် နောက်ဆုံး ခန်းမဆောင်ကြီးတစ်ခုထဲသို့ရောက်သွားသည်။ ဤအရှင်ကို လက်ပြန်ကြိုးတုတ် ဒူးထောက်ပြီး ထိုင်ခိုင်းထားသည်။ ရှေ့တည့်တည့် ပလ္လင်ပေါ်မှာ ထိုင်နေသည့် လူက "ဟေ့၊ မင်းတို့ လူမှားပြီးခေါ်လာမိပြန်ပြီနဲ့တူတယ်၊ ငါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခေါ်ခိုင်းတာ ကလေးမဟုတ်ဘူးကွ၊ လူကြီး–လူကြီး၊ ဒီကလေးကို ခပ်မြန်မြန် ပြန်ပို့လိုက်ကြ”ဟု စိတ်ဆိုးပြီး ပြောသည်။ ဤအရှင်ကို ဖမ်းပြီးခေါ်လာခဲ့သည့် လူနှစ်ယောက်လည်း စိုးရိမ်ကြောက်ရွံ့နေပုံရသည်။ ဤအရှင်ကို ချက်ချင်းပြန်ပို့သည်။

အသွားတုန်းက ကြာသလောက် အပြန်ကျတော့ မြန်သည်။

အိမ်အနားရောက်တော့ ဤအရှင်တို့ အိမ်ခြံဝိုင်းထဲမှာ လူတွေအများကြီး ရုံးစုရုံးစုလုပ်နေတာ တွေ့ရသည်။ ဤအရှင်ကို ဖမ်းခေါ်သွားသည့် လူကြီးတွေက “ဟဲ့– ကလေး မင်းအိမ်မင်း ဝင်ပေတော့”ဟု ပြောပြီး ဤအရှင်ကို ထားပစ်ခဲ့သည်။

အိမ်ထဲမှ လူတစ်ယောက် ဤအရှင်ကို လာဆွဲခေါ်သွားသည်။ အမေက ငိုနေသည်။ အစ်ကိုကြီးတို့ အစ်ကိုလေးတို့လည်း ငိုနေကြသည်။ ဆွေမျိုးတွေလည်း ငိုနေကြသည်။ အချို့လူကြီးတွေက ခေါင်းစပ်ဖို့ စီမံနေကြသည်။ လက်ဆွဲပြီးခေါ်လာသည့် သူက အလောင်းတစ်ခုကိုပြပြီး “အဲဒါ မင်းခန္ဓာကိုယ်ပဲ ဝင်ပေတော့”ဟု ပြောသည်။

“ကျွန်တော့်ခန္ဓာကိုယ်က အကြီးကြီး၊ ဟိုက သေးသေးလေး၊ ဘယ်လိုဝင်လို့ရမှာတုံး”ဟု ဤအရှင်က ပြန်မေးတော့–

“ဟာကွာ၊ တယ် စကားများတဲ့ကောင်ပဲ”ဆိုပြီး တွန်းလွှတ်လိုက်သည်ကို နောက်ဆုံး မှတ်မိသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ရေဆာတယ်၊ ရေဆာတယ်"ဟု အော်ပြီး ညည်းညူမိလိုက်သည်။

ဤအရှင်ဘေးနားကို လူတွေ ဝိုင်းလာကြသည်ကို တအံ့တသြ တွေ့လိုက်ရသည်။

ဤအဖြစ်အပျက်သည် ယနေ့တိုင်အောင် မှတ်မိနေဆဲဖြစ်သည်။

ဤအဖြစ်အပျက်ကို ဒကာမကြီးက မေးမြန်းစူးစမ်းစဉ်က မှတ်မှတ်ရရ ပြန်ပြောင်းပြောမိသည်။

## သာသနာ့ဘောင်ကို ဝင်စ

ဤအရှင်သည် ငယ်ငယ်တုန်းက သာသနာ့ဘောင်ထဲ ရောက်ပုံရောက်နည်းကိုလည်း ပြန်ပြီး အမှတ်ရနေသည်။

ဤအရှင်ကို ၁၅ နှစ်သားမှာ ရှင်ပြုပေးသည်။ ကိုရင်ဘဝနှင့် တစ်ဝါဆိုပြီး သီတင်းကျွတ်သည့်အခါ အမေက အတင်းလူထွက်ခိုင်းသည်။ မထွက်ချင် ထွက်ချင်နှင့် ဤအရှင် လူထွက်ခဲ့ရသည်။ သူတို့က လူဝတ်ကြောင်နှင့်ပဲ နေစေချင်ပုံရသည်။ သာသနာ့ဘောင်မှာ နေစေချင်ဟန် မရှိ။

အမေ့အယူအဆက တစ်မျိုးဖြစ်သည်။

"ဘုန်းကြီးဘဝဆိုတာ အောက်ကျတယ်တဲ့။ သူများလှူမှ စားရ ဝတ်ရတာတဲ့၊ မျက်နှာငယ်ရတယ်တဲ့"

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားရှင်၏ တပည့်သာဝကကြီးတစ်ပါးဖြစ်သည့် ရှင်သာရိပုတ္တရာ မထေရ်ကြီး၏မိခင်နှင့် တူသည်။

အပူစားချင်ပေမယ့် အအေးစားရ၊ အအေးစားချင်ပေမယ့် အပူစားနေရလို့ ဖြစ်မှာဆိုပြီး သူ့သား ရဟန်းမဝတ်ရန် အကြိမ်ကြိမ် တားခဲ့ပြန်သည်။ သို့သော်လည်း တားမရခဲ့ပေ။ နောက်ဆုံးမှာတော့ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဘုရားရှင်၏ တပည့်သာဝကတွေအနက် ပညာအရာမှာ ဧတဒဂ်ရသည့် ရဟန္တာမထေရ်ကြီး ဖြစ်သွားခဲ့သည်။

## ဓမ္မသံဝေဂရဖို့ ကောင်းလှသည်

"လူတွေဟာ ဘဝချမ်းသာနဲ့ ဓမ္မချမ်းသာကို မရွေးချယ်တတ်ကြပါကလား၊ ဒုက္ခဆိုသည့် ဘဝထဲကိုပဲ ဆွဲသွင်းတတ်ကြပါကလား"

တောသူတောင်သားတို့၏သဘာဝ ဤအရှင်၏ မိခင် (အမေ)သည် သူမွေးထားသည့် သားသမီးအားလုံးနှင့် သိုက်သိုက်ဝန်းဝန်း နေချင်ပုံရသည်။ ကိုယ့်ဒုက္ခကိုယ် တမင်ရှာနေခြင်းဖြစ်သည်ဟု ဤအရှင်က မြင်သည်။ သားတွေ သမီးတွေ အချိန်တန်အရွယ်ရောက်လာသည့်အခါ သားတွေအတွက် ချွေးမရှာမည်။ သမီးတွေအတွက် သမက်ရှာမည်။ ဒုက္ခရောက်ရာရောက်ကြောင်းကိုပဲ လုပ်နေတယ်ဆိုတာ သိချင်မှ သိမည်။ တော်ကြာ ချွေးမ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နှင့် မတည့်၊ သမက်နှင့် မတည့်ဖြစ်မည်။ ပထမတော့ ဟုတ် သလိုလိုနှင့် နောက်တော့ စိတ်ဆင်းရဲစရာတွေ မျိုးစုံတွေ့ရမည်။

ဣအရှင် ၁၈ နှစ်သားကျော်မှာ သူငယ်ချင်းတွေ အတင်း ခေါ်သဖြင့် အရက်သောက် လိုက်သွားဖြစ်ခဲ့ဖူးသည်။ သူတို့တွေ က အတင်းတိုက်သဖြင့် သောက်ခဲ့ရဖူးသည်။ အနံ့ကလည်း စူးစူးဝါးဝါး၊ အရသာက တပူပူ တခါးခါး၊ လည်ချောင်းထဲ ပူထူပြီး ဝင်သွားသည်။ ဝမ်းထဲ အရက်ဝင်သွားပြီး သိပ်မကြာ စိတ်ထဲ ငိုချင်ချင်ဖြစ်လာသည်။ မူးလိုက်သည်မှာလည်း ခေါင်ချာ စိုင်းနေသည်။ အရက်သောက်ရမလားဆိုပြီး အမေကလည်းဆဲ၊ ထုလည်း ထုသည်။

ညကျတော့ အိပ်မက်ထဲ ဝတ်ဖြူစင်ကြယ်နှင့် လူကြီးနှစ်ဦး ရောက်လာသည်။ "နောက်တစ်ခါ အရက်သောက်တာတွေ့ရင် မင်းကို ငရဲပြည် ပို့ခိုင်းမယ်"ဟု ပြောသွားကြသည်။

ငရဲပြည်ဆိုလိုက်၍ ဣအရှင်သည် တုန်လှုပ်သွားသည်။ ငယ်ငယ်က ရောက်ခဲ့ဖူးသည်ကို ပြန်လည် အမှတ်ရ၍ဖြစ်သည်။

ဣအရှင် အသက် (၁၉)နှစ် ပြည့်သည့်အခါ အဖေနှင့် အမေတို့က အိမ်ထောင်ချပေးဖို့ စီစဉ်ကြသည်။

ဣအရှင်က နားမထောင်ချေ။

မှန်ရာကို ဝန်ခံရလျှင် ဣအရှင်သည် အိမ်ထောင်ပြုရမှာ ကို ကြောက်နေသည်။ ဣအရှင်၏အထက် အစ်ကိုလင်မယား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဖြစ်ကို ကြည့်ပြီး စိတ်လည်းပျက်သည်။ သူတို့လင်မယားက တော်ကြာ တည့်ပြန်ပြီ၊ တော်ကြာ ဘာမှမဟုတ်တာလေးနှင့် ရန်ထဖြစ်ချင် ဖြစ်သည်။ စိတ်ဆင်းရဲဖို့ကောင်းသည်။ သူတို့ အတွက်နှင့် ဤအရှင်လည်း ကြားက ဒုက္ခရောက်ရသည်။ အစ်ကို က ရိုက်လျှင် ဤအရှင်က အစ်မ (မရီး)ဘက်ကလိုက်ပြီး ကာ ကွယ်ပေးတတ်သည်။ ကာကွယ်ပေးရင်း အရိုက်ခံလိုက်ရသည့် အဖြစ်မျိုး အကြိမ်ကြိမ် ကြုံရသည်။

သူတို့အဖြစ်ကိုကြည့်ပြီး–

"ငါ မိန်းမရရင်လည်း ဒီလိုပဲနေမှာပဲ"ဟု တွေးပြီး အိမ်ထောင်ပြုရမှာကို ကြောက်နေခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အမေက အိမ်ထောင်ပြုဖို့ တိုက်တွန်းတိုင်း ဤအရှင်က ခေါင်းခါခဲ့ခြင်း ဖြစ်သည်။

## ကြောက်စိတ်တွေဝိုင်း၍

ဤအရှင်၏ မိဘတွေက တောင်သူလယ်သမားများဖြစ်သဖြင့် ဤအရှင်လည်း ငယ်စဉ်က လယ်တောထဲဝင်ခဲ့ရဖူးသည်။ ညီလေးနှင့် နှစ်ယောက်ဖြစ်သည်။

တစ်နေ့ စပါးခင်းဝင်စားသည့် နွားတွေကို ဤအရှင်၏ ညီလေးက စားနှင့်လိုက်ပေါက်သည်။ သူ့ကြောင့် နွားထွေထိခိုက် ဒဏ်ရာရလျှင် ခက်ရချည့်ရဲ့ဟု စိုးရိမ်ပြီး လယ်တောထဲကို သူ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အား မခေါ်တော့။ ဤအရှင် တစ်ယောက်တည်းသာ ဆင်းလိုက်တော့သည်။ တစ်နေ့ နွားတွေ စပါးခင်းထဲ ဝင်စားစဉ် ဤအရှင်က ခြောက်လှန့်သည့်သဘောနှင့် ကျောက်ခဲလေးတစ်လုံးကောက်ပြီး ပစ်ပေါက်လိုက်သည်။ မတော်တဆ နွားကလေးတစ်ကောင်၏ မျက်စိကို သွားမှန်ပြီး မျက်စိထဲက သွေးတွေယိုကျလာသည်။ မိမိကြောင့် ဖြစ်ရသည်ဆိုပြီး ဤအရှင်သည် စိတ်မကောင်းခြင်းကြီးစွာဖြစ်ခဲ့ရသည်။ ထိုနွား၏ လည်ပင်းကို ဖက်ပြီး ငိုလည်းငိုမိသည်။

နောက်ပြီး ထိုနွား၏အဖြစ်ကို သတိရတိုင်း ဤအရှင်သည် ထိတ်လန့်နေမိသည်။ မိမိတော့ ငရဲကြီးပြီ၊ ငရဲကြီးပြီး ချက်ချင်းပဲ ငရဲပြည်ကို ရောက်ရတော့မလိုလို ခံစားရသည်။

သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဆောင်မှာ သတို့သားအရံ လုပ်ခဲ့ဖူးသည်ကိုလည်း မှတ်မိနေသည်။ သတို့သားအရံပီပီ ရှိသည့်လက်ဝတ်လက်စားတွေ အကုန်ထုတ်ဝတ်ရသည်။ ဆွဲကြိုးလည်း ပါသည်။ လက်စွပ်တွေလည်း ပါသည်။ အဝတ်အစားတွေကလည်း သေတ္တာအောက်ဆုံးထပ်မှာ ခေါက်သိမ်းထားသည့် ကောင်းပေ့ဆိုသည့် အဝတ်သစ်၊ အစားသစ်တွေဖြစ်သည်။

မင်္ဂလာဆောင်လာကြသည့် အမျိုးသမီးလေးတွေက မိမိကို ကြည့်ပြီး တီးတိုးတီးတိုးနှင့် ရှုပိုးထိုးနေကြသည်။ မိမိက သူတို့ကို မကြည့်ရဲ။ ထူးထူးဆန်းဆန်း အတွေးတွေကလည်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝင်လာသည်။ ထိုအမျိုးသမီးလေးများသည် မိမိကို ငရဲပြည်ပို့မယ့် သူတွေ ဖြစ်သည်ဟု။

မိမိကိုယ်ပေါ်မှာ ဆင်ထားသည့် လက်ဝတ်လက်စား ရွှေငွေတို့ကို ကြည့်ပြီးတော့လည်း တစ်မျိုးတစ်မည် ဖြစ်ပြန်သည်။ ဤပစ္စည်းတွေက ရန်သူကို မျက်စပစ်နေသော အရာများပါက လား။ သူခိုး ဓားပြတွေ မျက်စိကျတတ်သော ပစ္စည်းတွေမဟုတ်ပါလား။ ပစ္စည်းကိုယူပြီး လူကိုသတ်တာ ဒါတွေကြောင့်ပဲမဟုတ်လား။

သည်လိုနှင့် တစ်ရက်မှာတော့ ဤအရှင်သည် မိမိကိုယ်မိမိ ပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးဖြတ်ချက်ချလိုက်သည်။ ရဟန်းဘောင်ထဲ ဝင်တော့မည်ဟူ၍။

မိမိ၏ ဆုံးဖြတ်ချက်ကို ပထမဦးဆုံး ပြောမိသည်မှာ ညီလေးကိုဖြစ်သည်။ "ငါ့ညီ၊ အစ်ကိုလေး လူဝတ်နဲ့ မနေတော့ဘူး၊ သာသနာ့ဘောင်ထဲဝင်တော့မယ်။ နက်ဖြန် အဖေနဲ့ အမေကို ပြောပြီး ဝင်တော့မယ်"

တကယ်တမ်း ဤအရှင် ရဟန်းဘောင်ဝင်တော့မည်ဆိုတော့ ညီလေးက ငိုသည်။ ညီအစ်ကိုနှစ်ယောက် အတူနေ၊ အတူစား၊ အတူအိပ် သိပ်ချစ်ကြသည်မဟုတ်လား။ သူငိုတော့ ဤအရှင်လည်း မထိန်းနိုင် ငိုဖြစ်ခဲ့ရသည်။

အမေ့ကို ဖွင့်ပြောတော့ အမေက ခွင့်မပြု။ ငိုလည်း ငိုသည်။ အမေငိုနေသည်ကို မြင်ရပြန်တော့ စိတ်ထဲတော်တော်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မကောင်း ဖြစ်ရသည်။ မိမိ၏ ဆန္ဒကိုလည်း အလျှော့မပေးချင်၊ နောက်ဆုံး တစ်ဝါလောက်ပဲဖြစ်ဖြစ် ဝတ်ခွင့်ပြုပါဟု ပြောရသည်။ တစ်ဝါလောက်ပဲဆိုတော့ အမေက "စဉ်းစားမယ်"ဟု ပြောသည်။

ဆရာတော်ကိုလည်း ဤအရှင် သွားလျှောက်သည်။

ဆရာတော်က "မင်း ဖြစ်ပါ့မလားကွာ၊ မင်းက ပေါ်ကြော့နေတဲ့ကောင် ဥစ္စာ"ဟု ဆိုသည်။ အမေ့ကိုလည်း–

"ဟဲ့–ညီမ" (ဆရာတော်က ဤအရှင်၏အမေကို ညီမဟု ခေါ်သည်။)

"နင့်သား ဘုန်းကြီးလုပ်မယ်ဆိုတာ ဟုတ်ပါ့မလား။ အိမ်မှာ ကြော့ကြော့နေတဲ့ကောင်က ဘုန်းကြီးဝတ်လို့ ဖြစ်ပါ့မလား" ဟုလည်း ပြောသည်။

အမေကလည်း–

"ဖြစ်မဖြစ်တော့ မသိပါဘူး။ တပည့်တော်မထံမှာတော့ တစ်ဝါလောက် ဝတ်ပါရစေဆိုလို့ တပည့်တော်လည်း ခွင့်မပြုချင်ဘဲ ခွင့်ပြုလိုက်ရတာ"ဟု ပြန်လျှောက်သည်။ ဤတွင် အဖေက ကြားဝင်ပြီး ပြောပေးသည်။

"ဝတ်ပါစေဘုရား။ သူတအား စိတ်ထက်သန်နေတာဖြစ်တော့ သူ့ဆန္ဒအတိုင်းပဲ ဝတ်ပေးလိုက်ပါ ဘုရား"

ဤသို့ဖြင့် ဤအရှင်၏ ဆန္ဒသည် ပြည့်ဝခဲ့ရသည်။ ၁၃၄၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ဤအရှင်အား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှင်ပြုကြသည်။ ၁၃၄၀ ပြည့်၊ တပေါင်းလဆန်း ၈ ရက်နေ့မှာ ဤအရှင်က ရဟန်းခံ၊ ညီလေးကို ရှင်ပြုနှင့် ရဟန်းခံရှင်ပြုပွဲ တစ်ကြိမ် ထပ်မံကျင်းပကြသေးသည်။

ထိုအချိန်မှစ၍ ဤအရှင်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်၌ ပရိယတ်၊ ပဋိပတ် ခုနှစ်ဖြာကို ကျင့်သုံးခွင့် ရခဲ့ခြင်းဖြစ်သည်။

## ရဟန်း နှစ်ပါး

မှန်ရာကို ဝန်ခံရလျှင် ဤအရှင်သည် ရဟန်းအဖြစ်ကို ရသည်နှင့် စိတ်ထဲအပျော်ကြီး ပျော်ခဲ့ရသည်။ ဤအပျော်မျိုး တစ်ခါမှ မတွေ့ဖူးဟုထင်သည်။ ဘာကြောင့်ပျော်ရသနည်းဟု တစ်ခါတစ်ခါ စဉ်းစားမိသည်။

"ဘဝအဆင့်မြင့်ပြီး အပါယ်တံခါးကို ငါ ပိတ်လိုက်နိုင်ပြီ၊ နောက်ထပ် အကုသိုလ်ကံတွေ လုပ်ဖို့မရှိတော့ဘူး"ဟု တွေးပြီး ပျော်ခြင်းများလား။

ဤအရှင် သတိပြုမိသလောက် မြတ်စွာဘုရား၏သာသနာ တော်ထဲ ဝင်ရောက်သူ နှစ်မျိုးနှစ်စား ရှိသည်။ သဒ္ဓါပဗ္ဗဇိတနှင့် ဘယာပဗ္ဗဇိတ ဟူ၍ဖြစ်သည်။

သဒ္ဓါပဗ္ဗဇိတ ဆိုသည်မှာ စားဝတ်နေရေး ဘာမျှ ပူပန် သောက မရှိဘဲ သံသရာမှ လွတ်မြောက်လိုသည့်စိတ်၊ ဆင်းရဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခြင်းဆိုသည့် ဒုက္ခတရားကို မြင်ပြီး စည်းစိမ်ဥစ္စာတွေအပေါ် တပ်မက်စရာအဖြစ် မမြင်တော့ဘဲ သံဝေဂတရားတွေ ရင်ဝယ် ပိုက်ကာ တရားထူး တရားမြတ်ကို ရအောင်ကျင့်မည်ဆိုသည့်စိတ် နှင့် ရဟန်းပြုလာသူတွေကို ခေါ်သည်။

ဘယာပဗ္ဗဇိတ ဆိုသည်က စားဝတ်နေရေး အဆင်မပြေ၊ အလုပ်အကိုင်တွေ အဆင်မချော၊ စီးပွားပျက်၊ အိမ်ထောင်ရေး ကစဉ့်ကလျားဖြစ်၊ သားသမီးတွေက ဦးနင်းဦးထောင်၊ ပုံနင်း ပုံထောင်၊ အဲသလို သောကအထွေထွေနဲ့ ရောက်လာကြသူတွေ ကို ဆိုလိုသည်။ အချို့က အသက်အရွယ်ငယ်ငယ်မှာ ရောက် သည်။ အချို့ကမူ အရွယ်လွန်မှ ရောက်ကြသည်။ သာသနာ ထဲသာ ရောက်သည်။ ပရိယတ်ဆိုင်ရာ စာပေတွေကို သင်ယူ ချင်စိတ် မရှိ၊ ဝိနည်းဆိုသည်ကိုလည်း နားမလည်။ ဆရာသမား စကားကိုလည်း မနာခံ၊ တစ်ဝါနှစ်ဝါလောက် ရတယ်ဆိုရင်ပဲ ကျောင်းထိုင်ဘုန်းကြီး ဖြစ်ချင်ကြပြီ။ လာဘ်လာဘကို မက်မော သည်။ မသင့်ပါဘူးလို့ ဆရာသမားက တားရင်၊ ပြောရင် ဆရာသမားကို ရန်သူလို မှတ်လာသည်။ တပည့် ဒါယကာ၊ ဒါယိကာမတွေကို စည်းရုံးသည်။ ဆရာနဲ့ ဒကာ ရန်တိုက်သည်။ ဒကာအချင်းချင်း၊ ဒကာမအချင်းချင်း စိတ်ဝမ်းကွဲအောင်လုပ်သည်။

ဝိနည်းနားမလည်တော့ ကျောင်းဆောက်တယ်။ အာပတ် သင့်တယ်ဆိုတာ နားမလည်ကြ၊ ကြောက်လည်း မကြောက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြချေ။ ဒကာ၊ ဒကာမတွေရဲ့ သည်းခြေကြိုက် တရားစကား တစ်ခွန်း နှစ်ခွန်းလောက် ပြောတတ်တာကိုပဲ မိမိကိုယ်မိမိ အထင်ကြီးပြီး လွတ်ချင်တိုင်းလွတ်၊ မြောက်ချင်တိုင်းမြောက် ဖြစ်နေကြသည်။ စာတတ်ပေတတ် ဆရာသမားများကတောင် သူလောက် မတတ်ဘူး ထင်လာကြသည်။ အဲဒါတွေဟာ ဘယာပဗ္ဗဇ္ဇိတကို အကြောင်းခံပြီး ဖြစ်လာကြခြင်းများ ဖြစ်သည်။

## ကိလေသာစင်ဖို့ ကြိုးစား

ရဟန်းမယ်တော်ဖြစ်သည့် ဒေါ်လှကြည်က တစ်ရက်မှာ ဤအရှင်အား တရားစကား မေးမြန်းလျှောက်ထားသည်။

"ဦးပဥ္ဇင်း ပြောပြောနေတဲ့ ကိလေသာဆိုတာ ဘာပါလဲဘုရား"တဲ့။

"ကိလေသာဆိုတာကို စာလိုပြောရင်တော့ မိမိစွဲမှီ၍ဖြစ်သော၊ သတ္တဝါကို ပူလောင်စေတတ်တဲ့ တရား၊ နှိပ်စက်တတ်တဲ့ တရားပဲ။ အဲသလို ပူလောင်စေတတ်၊ နှိပ်စက်တတ်တဲ့ လက္ခဏာ ရှိလို့လည်းပဲ ကိလေသာကို 'တရားပူ'လို့ ခေါ်ကြတယ်။ အဲဒီ ကိလေသာဆိုတဲ့ တရားပူကို အကျဉ်းအားဖြင့် ၁၀ ပါး ခွဲထားတယ်။ အဲဒါတွေကတော့-

၁။ လောဘ (လိုချင်တပ်မက်ခြင်း သဘောတရား)

၂။ ဒေါသ (ပြစ်မှားဖျက်ဆီးခြင်း သဘောတရား)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၃။ မောဟ (တွေဝေမိုက်မဲခြင်း သဘောတရား)
၄။ မာန (မောက်မာခက်ထန်ခြင်း သဘောတရား)
၅။ ဒိဋ္ဌိ (မမှန်မကန်ရှုမြင်ခြင်း သဘောတရား)
၆။ ဝိစိကိစ္ဆာ (သဘာဝမှန်ကို မဆုံးဖြတ်နိုင်ခြင်း သဘောတရား)
၇။ ထိန (ထုံထိုင်းခြင်း သဘောတရား)
၈။ ဉဒ္ဓစ္စ (ပျံ့ပျံ့လွင့်လွင့်ဖြစ်ခြင်း သဘောတရား)
၉။ အဟိရိက (မကောင်းမှု၌ မရှက်တတ်ခြင်း သဘောတရား)
၁၀။ အနောတ္တပ္ပ (မကောင်းမှုကိုမထိတ်မလန့်ခြင်း သဘောတရား)

အဲဒီ ကိလေသာတရားဆိုးတွေဟာ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ နာမ်သန္တာန်၊ ရုပ်သန္တာန်၌ ထာဝရစွဲမှီပြီး မပြတ်ဖြစ်နေတယ်။ စကားကို လွယ်လွယ်ပြောရင်တော့ ကိလေသာဆိုတာ ကြည်လင်အေးချမ်းနေတဲ့ စိတ်ကို မကြည်လင်အောင်၊ အမှောင်ကျအောင်၊ ဆင်းရဲအောင်ပြုလုပ်တဲ့ အာရုံကို ကိလေသာလို့ခေါ်တယ်။ လိုရင်းပြောရရင် ဖြူစင်သန့်ရှင်းနေတဲ့ စိတ်ကနေ၊ မည်းညစ် နွမ်းကျသွားအောင် ပြုလုပ်တဲ့ တရားကို ကိလေသာလို့ခေါ်တယ်။ အခု တရားစကား နားထောင်နေချိန်မှာ ဒကာမကြီး စိတ်မချမ်းသာဘူးလား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ချမ်းသာပါတယ် ဘုရား"

"ဒီက ဦးပဥ္စင်းဟောပြနေတဲ့ အသံနဲ့ ဒကာမကြီးနားမှာ ရှိတဲ့ နားပသာဒ အကြည်ဓာတ်နဲ့တိုက်တော့ ကြားသိစိတ်ဖြစ်တယ်။ ကြားရုံတင်မပြီးဘဲ ဒီကအသံ၊ ဒကာမကြီးရဲ့နား၊ ကြားသိစိတ် သုံးခု တိုက်ဆိုင်ရင် တွေ့ထိမှုဆိုတဲ့ ဖဿ၊ သူ့ကို သောတသမဿလို့ ခေါ်တယ်။ နားက တွေ့ပြီးတော့ ခံစားတယ်။ တရားအသိကလေးနဲ့ ခံစားရတော့ သုခဝေဒနာဆိုတဲ့ ခံစားမှု ဖြစ်တယ်။ ချမ်းသာနေတယ်။ ဘယ်အာရုံဆီမှ စိတ်ကမရောက်ဘူး။ တရားအသိစိတ်ကလေး တစ်ခုတည်းနဲ့ စူးစူးစိုက်စိုက် နားထောင်နေတာဟာ ကိလေသာ အစားမထိုးနိုင်လို့ပဲပေါ့။ ဒီကြားထဲ ကိလေသာဆိုတာ ဝင်လာရင် စိတ်ပင်ပန်းပြီး ဆင်းရဲတဲ့ ဒေါမနဿဝေဒနာ ပေါ်လာမယ်"

အခွင့်ရတုန်း ဤအရှင်သည် အကျင့်ပိုင်းဆိုင်ရာ သဘောတရားကိုလည်း မိန့်ကြားပေးလိုက်၏။

"တရားအာရုံနဲ့နေချိန်မှာ ကိလေသာမဝင်တော့ ပဋိစ္စသမုပ္ပာဒ် ပြတ်နေတယ် ဒကာမကြီး၊ ကိလေသာတရားဆိုးတွေ ဝင်လာပြီဆိုရင် ပဋိစ္စသမုပ္ပာဒ် လည်ပြီ။ ဒါကြောင့် မသိလျှင် ပတ်တယ်၊ သိလျှင် ပြတ်တယ်လို့ ဆိုတယ်။ မိမိရဲ့ ခန္ဓာကို သတိနဲ့ စောင့်ကြည့်နေရင် ကိလေသာမဝင်နိုင်ဘူး။ အပ္ပမာဒ ဆိုတဲ့ သတိနဲ့ ကပ်မကြည့်ရင် ကိလေသာတွေ ဝင်ပြီး အကုသိုလ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေ ဝင်တော့တာပေါ့။ အကုသိုလ် ဝင်ပြီဆိုတာနဲ့ အပါယ်ဒယ်အိုး နှုတ်ခမ်းကို ရောက်ပြီလို့သာ မှတ်ပေတော့"

"ဦးပဥ္စင်းတို့ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ဟာ လက်တွေ့ ကျင့်မှ သိရတဲ့ တရားထူး တရားမြတ်နော်။ များများ အားထုတ်လေ များများသိလေဆိုတဲ့ တရားနော်။ အားထုတ်တဲ့ အခါ တရားအရသာပေါ်အောင် အားထုတ်မှ တကယ်သိရတာ။ ရေမကူးတတ်တဲ့လူဟာ ရေထဲဆင်းရမှာ ကြောက်နေတတ်ပေမယ့် ရေကူးလည်း နည်းနည်းလေးတတ်လာရော ရေထဲကူးပြီးရင်း ကူးရင်း ဖြစ်တော့တာပဲ။ တရားအားထုတ်တာလည်း အဲသလိုပဲ၊ မဂ္ဂင်အာရုံကောင်းလာရင် စိတ်ထဲမှာ ကျေနပ်နေတယ်။ ခန္ဓာ အကြောင်းတွေ သိလာတယ်။ မကောင်းတဲ့ ခန္ဓာကိုယ်ကြီးကို မကောင်းမှန်း သိလာတယ်။ နောက်ထပ် ဒီခန္ဓာကိုယ်ကြီးရအောင် ဆုမတောင်းချင်တော့ဘူး။ ခန္ဓာရဲ့ ဆင်းရဲမှုကို မြင်လာလေ၊ ခန္ဓာဝန်ကို ကြောက်လာလေပဲ။ အဲသလိုဖြစ်လာတယ်"

"အခု ဒကာမကြီး အထိုင်ကြာလာတဲ့အခါ ခြေထောက်တွေ ညောင်းလာမယ်၊ နာလာမယ်။ ဒါဟာ ရုပ်ခန္ဓာရဲ့ ဖောက်ပြန်မှုပဲ။ အဲသလို ဖောက်ပြန်နေတာကို မရွေ့မပြောင်းဘဲ သတိကပ်ပြီးကြည့်၊ ဝီရိယတင်ကြည့်၊ ဉာဏ်ကပ်ပြီး တဖြတ်ဖြတ် ရွေ့လျားမှု၊ ပိုနာမှု၊ လျော့သွားမှု၊ ခံစားမှု အမှုအရာတွေ ပြောင်းလဲပြီး မမြဲတဲ့ ဖြစ်မှု ပျက်မှုကို တွေ့လာမယ်။ ထွက်လေ ဝင်လေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကို မှန်မှန်ရှုပြီး ကြည့်ရမယ်။ ချမ်းသာတဲ့စိတ်ကလေးနဲ့ ပေါ်ရာ ပေါ်ရာကို ဉာဏ်နဲ့ သတိကပ်ကြည့်ရင် ခန္ဓာမှာ စက္ကန့်တိုင်း၊ မိနစ်တိုင်း ဖြစ်ပြီး ပျက်နေတာကို မြင်လာမယ်"

ဤအရှင်၏ ဟောပြောဆုံးမသွန်သင်မှုကြောင့် ဒကာမကြီး ဒေါ်လှကြည်၏ နှလုံးသားတွင် တရားများ ကိန်းလာသည်ဟု သိရ မြင်ရသည့်အခါ ဤအရှင်သည် ကျေနပ်ရ၏။

အမှန်ဝန်ခံရလျှင် ဤအရှင်သည် အကျင့်ပိုင်းကို ပို၍ အားသန်၏။

## ရဟန်းဘဝ၊ အကျင့်နှင့်စ

ဤအရှင် ရဟန်းဘဝကိုရောက်ပြီး သုံးရက်မြောက်နေ့ မှာပဲ အကျင့်ပိုင်းဆိုင်ရာကို စ၍ အားထုတ်ဖြစ်ခဲ့သည်။ ဤအရှင် တို့ကျောင်း၏ သိမ်နားမှာရှိသည့် သပြေပင်ကြီး တစ်ပင်အောက် မှာ စပြီး တရားမှတ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ မှတ်ဖြစ်ခြင်းမှာ လည်း ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ကျေးဇူး ကြောင့် ဖြစ်သည်။

တစ်နေ့တွင် ဤအရှင်သည် လမ်းဘေးတစ်နေရာမှ စာအုပ် ကလေး တစ်အုပ် ကောက်ရ၏။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဒုလ္လဘကထာ ဖြစ်သည်။ စာအုပ်ထဲမှာ ဝင်လေ ထွက်လေကို မှန်မှန်ရှုရှိုက်ပြီး သတိကပ်ကာ ဖြစ်ပျက် ရှုပုံပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထိုစာပိုဒ်များကို ဖတ်ပြီး တရားထိုင်မှတ်ခြင်း ဖြစ်သည်။ ဝင်လေ ထွက်လေ တစ်ခုတည်းကိုသာ စိတ်ကပ်ပြီး မှတ်နေခြင်း ဖြစ်သည်။ ဆွမ်းစားပြီး နေ့လယ် ၁၂ နာရီအချိန်မှစပြီး မှတ်ရာ ညနေ ၆ နာရီထိုးသွားသည်။ သိပ်ပြီးချမ်းသာသည့် အဖြစ်ထူးကို တွေ့လိုက်ရသည်။ ချမ်းသာလွန်းသဖြင့် ထိုင်ရာမှပင် မထချင်၊ ကျောင်းသားလေးတွေ၏ ခေါ်သံကြားလိုက်ရ၍သာ အထိုင် ဖြုတ်လိုက်ရခြင်းဖြစ်သည်။ မဖြစ်စဖူး အဖြစ်ထူးဟု ဆိုရမည်။ စိတ်က ကြည်လင်ပြီး တက်ကြွနေသည်။ တစ်ကိုယ်လုံးပေါ့ပြီး ချမ်းသာနေသည်ကိုလည်း ခံစားရသည်။

ဤအရှင်၏ မိခင်(မယ်တော်)က ဤအရှင် ရဟန်းဘဝမှာ မြဲသွားမှာကို စိုးရိမ်နေပုံရသည်။ ထို့ကြောင့်လည်း မကြံစည်အပ်သည်ကို ကြံစည်ခဲ့သည်။ သူသဘောကျနေသည့် (တစ်နည်းအားဖြင့်) ဤအရှင်နှင့်ပတ်သက်၍ ချွေးမတော်ချင်နေသည့် မိန်းကလေးကို ဤအရှင်ရှိရာသို့ မကြာခဏ တွန်းလွှတ်နေပုံရ၏။ ထိုမိန်းကလေးသည် ဤအရှင်နားသို့ အကြောင်းမရှိ အကြောင်းရှာ ရောက်ရောက်လာတတ်သည်။

ကြာလျှင်ခက်မည်ဟု စိုးရိမ်ပြီး ဤအရှင်သည် မြွတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်တွင် ထိုင်ကာ သစ္စာဆိုလိုက်သည်။

❖ မြွတ်စွာဘုရား၊ တပည့်တော်သည် ယာဝဇီဝံ အသက်ထက်ဆုံး ရဟန်းဘဝဖြင့် နေထိုင်ပါမည်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

❖ ရှေးရှေးအရိယာတို့ လမ်းစဥ်အတိုင်း ကျင့်သုံးနေထိုင်ပါမည် ဘုရား။
❖ တစ်ဦးတည်းဧကန် ကျင့်သုံးနေထိုင်သွားပါမည် ဘုရား။
❖ အကယ်၍ ဤသစ္စာသုံးပါးတွင် တစ်ပါးပါးကို ချိုးဖောက်မိပါက အဆိပ်ပြင်းထန်သော သတ္တဝါများ ကိုက်၍ သေရပါစေ အရှင်ဘုရား။

ဤသစ္စာစကားကို ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် သစ်ပင်ထက်မှ တောက်တဲ့သုံးကောင် တစ်ပြိုင်တည်း အော်လိုက်သံကို ဤအရှင်သည် ကြားလိုက်ရသည်။ စိတ်ထဲလည်း အရမ်းကျေနပ်သွားမိသည်။

## စိတ်ကိုနိုင်အောင် ဆုံးမ

ဤအရှင်သည် မိမိနားလည်သလို မိမိကိုယ်ကို မိမိပြန်၍ ဆုံးမနေမိသည်။

- လောကကို စိတ်နာရမယ်။
- ကိုယ့်ဘဝကို ကိုယ်ကယ်တင်ရမယ်။
- လူဟာ မိမိကိုယ်ကို ကောင်းအောင်လည်း ပြုတတ်တယ်။ ဆိုးအောင်လည်း ပြုတတ်တယ်။ ဒါပေမဲ့ မကောင်းမှုတွေထဲမှာ နစ်သွားကြတဲ့သူက များတယ်။ အဲဒီလို လူတွေထဲမှာ ငါ မပါရဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"စိတ်ကို ပိုင်အောင် နှိပ်ကွပ်ဆုံးမနိုင်ဖို့ လိုတယ်။ စိတ်ဆိုတာက တောမျောက်လိုပဲ။ အငြိမ်မနေဘူး။ ဟိုခုန် ဒီကူး အမြဲလုပ်နေတတ်တာ။ အဲဒီစိတ်ကို သတိလေးကပ်ပြီး ထိန်းချုပ်ပေးရမယ်။ သတိလွတ်တာနဲ့ ကိလေသာခြံထဲ ဝင်ချင်တတ်တယ်။ ဒါကြောင့် ဘုရားရှင်က "စိတ္တေနနိယတော လောကော" လောကမှာ စိတ်သာလျှင် ခေါင်းဆောင်တဲ့။ ပြီးတော့ စိတ္တဒန္တံ သုခါဝဟံ၊ စိတ်ကို ဆုံးမ၍ရသူသည် ချမ်းသာသည်တဲ့။ ရှေးရှေး အရိယာ သူတော်စင်တွေဟာ စိတ်ကို ပြုပြင်ဆုံးမနိုင်ကြလို့ ရဟန္တာအထိ ဖြစ်ကြ ရောက်ကြရတယ်"

စိတ်ကို ဆုံးမ၊ ချမ်းသာရ
စိတ်တစ်လုံးထိန်း၊ အားလုံးငြိမ်း
စိတ်တစ်လုံးပိုင်၊ မသေနိုင်
စိတ်ကိုပြုပြင်၊ နိဗ္ဗာန်ဝင် တဲ့။ ဤအတိုင်း ဘုရားရှင်က ဟောကြားခဲ့သည်။

တရားနှလုံးကိန်းသွား၍ပဲလား မသိ၊ ဤအရှင်သည် တစ်နေ့ထက်တစ်နေ့ မှတ်အား ပိုကောင်းလာ၏။ အချိန်တိုး၍ တိုး၍လည်း မှတ်နေမိသည်။ မှတ်အားကောင်းသလောက် ချမ်းသာမှုကိုလည်း တိုး၍တိုး၍ ခံစားနေရသည်။

ဒုက္ခဝေဒနာတွေက ခဏသာပေါ်လာပြီး ပျောက်သွားသည်။ သဒ္ဓါတရားက အားကောင်းနေ၍လားမသိ၊ ငြိမ်းပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချမ်းသာနေသည်။ စာပေအတွေ့အကြုံမရှိ၍ မည်သို့ဖြစ်မှန်း မသိခဲ့။ နောက်မှ သိရသည်မှာ သမာဓိအား ကောင်းပြီး ချမ်းသာမှုကို ခံစားနေရခြင်းဖြစ်သည်။

ဤအရှင် တရားမှတ်ကောင်းနေလျှင် သုံးရက်မြောက်နေ့မှာ အပင်ပေါ်က မည်းမည်းအကောင်ကြီး တစ်ကောင်လျောဆင်းလာပြီး ဤအရှင်၏ ကျောကုန်းပေါ် ပြုတ်ကျလာသည်။ မျက်စိဖွင့်ကြည့်တော့ ဘာမျှမရှိ၊ ဆက်ထိုင်သည့်အခါ ကြက်သီးမွေးညင်းထပြီး တရားမှတ်မရအောင် ဖြစ်ခဲ့ရသည်။ ညနေဘက်တွင် ဆရာတော်ကို ဤအကြောင်းလျှောက်မိသည်။

ဆရာတော်က ထူးထူးထွေထွေ မိန့်ကြားခြင်းမရှိ—

"မင်း တရားမထိုင်နဲ့၊ ပုတီးစိပ်၊ တရားထိုင်ရင် ရူးတတ်တယ်" ဟူ၍သာ မိန့်ကြားသည်။ နောက်နေ့ အမေ ဆွမ်းလာပို့သည့်အခါ ဆရာတော်က အမေ့ကို ပြောပြနေသည်။

"ဟဲ့– ညီမ၊ မင်းသားက တရားထိုင်ထိုင်နေတယ်။ မနေ့က ဟိုသပြေပင်ကြီးအောက်မှာ သွားထိုင်တော့ မည်းမည်းအကောင်ကြီးတစ်ကောင် သူ့ကျောပေါ် ခုန်ချသတဲ့။ လန့်ပြီး ငါ့ဆီလာတယ်။ ငါကတော့ တရားမထိုင်နဲ့၊ ရူးလိမ့်မယ်လို့ ပြောလိုက်တယ်။ နင့်သားက တဇွတ်ကန်း၊ ပြောလို့ရမှာမဟုတ်ဘူး၊ တရားအားထုတ်ဖို့ပဲ ပြောနေတယ်။ အားယားနေရင် တရားချည်း ထိုင်နေတာပဲ၊ ဝေယျာဝစ္စလုပ်ဖို့တောင် စိတ်ကူးမရှိဘူး"

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော့်စကားကြောင့်ဖြစ်မည်။ အမေက ဤအရှင်နား ကပ်ပြီး—

"ဦးပဍ္ဍင်း၊ တရားထိုင်တယ်ဆိုတာ အရမ်းလုပ်လို့ မရဘူး လို့ ပြောသံကြားဖူးတယ်။ ဆရာသမားနဲ့ စနစ်တကျ သင်ယူပြီးမှ ထိုင်ရတယ်တဲ့၊ အဲသလိုမဟုတ်ရင် ရူးတတ်တယ်တဲ့" ဟူ၍ ပြောသည်။

"ဦးပဍ္ဍင်း အသက်ငယ်ပါသေးတယ်။ ဘုန်းကြီးဝတ်နဲ့ ပျင်းရင်ပြော၊ လူထွက်မယ်ဆိုရင် အမေ အင်္ကျီလုံချည် ပို့ပေး လိုက်မယ်"ဟုလည်း ပြောသည်။

ဤအရှင်က—

"လူထွက်ဖို့မရှိဘူး ဒကာမကြီး၊ ဦးပဍ္ဍင်းပိုင်တဲ့ ပစ္စည်း တွေ ဒကာမကြီးတို့ ထုခွဲရောင်းစားပစ်ကြပါ။ ဦးပဍ္ဍင်းအတွက် ဘာမှ မလိုဘူး။ ဘာကိုမှလည်း မလိုချင်ဘူး။ နောက်ပြီး ရွာထဲက ကောင်မလေးတွေကိုလည်း ကျောင်းကို ခဏခဏ မလာခိုင်းနဲ့။ ဒကာမကြီး ငရဲကြီးလိမ့်မယ်" ဟူ၍ ပြောလိုက်သည်။

## ပရိယတ္တိအလုပ် စ၍လုပ်

သည့်နောက်မှာတော့ ဤအရှင်သည် ပရိယတ္တိစာပေကို သင်ယူဖို့ ဆုံးဖြတ်လိုက်သည်။ ပရိယတ္တိစာပေ အခြေခံရှိမှ ဖြစ် မည်။ ပရိယတ္တိစာပေ အခြေခံရှိမှ အကျင့်ပိုင်းဆိုင်ရာ၌ ပိုင်းခြား စိတ်ဖြာ နားလည်နိုင်မည် မဟုတ်လား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထို့ကြောင့် ပရိယတ္တိစာပေ သင်ယူရန်အတွက် ဤအရှင်သည် ဦးပဥ္စင်းတစ်ပါးနှင့် ရန်ကုန်ကို လိုက်လာခဲ့သည်။ သဃ်န်းကျွန်းမြို့နယ်၊ ဝေဓကျောင်းကိုရောက်ပြီး ပရိယတ္တိစာပေများကို အခြေခံမှစ၍ လေ့လာခဲ့သည်။ တစ်နှစ်ပဲ နေရသည်။ အမေက လွမ်းသည်ဆိုပြီး ပြန်ခေါ်သဖြင့် ရွာကို ပြန်ခဲ့ရသည်။ သည့်နောက်တော့ ကျောက်ဖြူမြို့၊ ယပ်လှဲပရိယတ္တိစာသင်တိုက်မှာ ပရိယတ္တိစာပေများကို ဆက်လက်သင်ကြားခဲ့သည်။

ကျောင်းပိတ်သည့်အခါ ရန်ကုန်မဟာစည်ရိပ်သာ၊ မိုးကုတ်ရိပ်သာတို့ကို သွားပြီး လေ့လာသင်ယူသည်။ ဤသို့ဖြင့် ပရိယတ်ဘက်ကလည်း မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း စာတွေ ပြီးခဲ့သည်။ သို့သော် ပရိယတ်အလုပ်ကို ဆက်မလုပ်ဖြစ်တော့၊ လုပ်လည်း မလုပ်ချင်တော့၊ ကျန်းမာရေးကြောင့် ဖြစ်သည်။ နဂိုက နှလုံးကမကောင်း၊ ယခု အစာအိမ်ရောဂါပါ ရလာသည်။

နောက်ဆုံးတော့ ဤအရှင်သည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်သည်။

"သာသနာ့ဝန်ထမ်း ရဟန်းဆိုတာ ပရိယတ်၊ ဒါမှမဟုတ် ပဋိပတ် တစ်ခုခု လုပ်ရမယ်။ ပရိယတ်ဆက်မလုပ်နိုင်မယ့်အတူတူ ပဋိပတ်ပဲ လုပ်တော့မယ်" ဟူ၍ ဖြစ်သည်။

ထိုသို့ရှိစဉ် ဖခင် (ခမည်းတော်) ဆီက စာတစ်စောင် ရောက်လာသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**သားရဟန်း–**

တပည့်တော် စာရေးလိုက်တယ်။ မိကျောင်းမင်း ရေခင်းပြလို့ မမှတ်ပါနှင့်။ လောကီအာရုံ ကာမဂုဏ်နယ်ကို စိတ်ပြန်မလည်ပါနဲ့။ တပည့်တော်ကဲ့သို့ မယားကျွန်၊ သားကျွန်ဘဝမျိုး မဖြစ်ပါစေနဲ့။ မူလက ဦးပဥ္စင်းရည်ရွယ်ထားသလို တရားအားထုတ်တဲ့ အလုပ်ကို စွမ်းစွမ်းတမံ လုပ်ပါ။ တပည့်တော် ရဟန်းပြုပေးရကျိုး နပ်ပါတယ်။

**ဦးစိန်အောင်** (မအီ)

ဖခင်(ခမည်းတော်)၏ စာကို ဖတ်ရင်း ဤအရှင်သည် မျက်ရည်လည်ခဲ့ရသည်။ ထိုစာကလေးကို ဤအရှင်သည် မြတ်မြတ်နိုးနိုး သိမ်းထားသည်။ လုပ်ကိုင်ရင်း စိတ်ဓာတ်တွေ လျော့ပါးလာသည့်အခါတိုင်း ထိုစာကိုဖတ်ပြီး အားမွေးရသည်။ သဒ္ဓါတွေ ပြန်တက်အောင် နှိုးရသည်။

## မခွဲနိုင် မခွာရက်

ဖခင်(ခမည်းတော်)ဆီက စာရသည့်နေ့က အိမ်နှင့် လမ်းခွဲခဲ့သည့် နေ့ကိုလည်း မှတ်ဉာဏ်ထဲ ပြန်ပေါ်လာသည်။

ရဟန်းပြုတော့မည်ဟု အမေ၊ အဖေတို့၏ ခြေဖမိုးကို နဖူးနှင့်ထိအောင် ကန်တော့စဉ်က မျက်ရည်ကျကြရသည့် အဖြစ်ကို ဖြစ်သည်။ ထိုနေ့က ဤအရှင်သည် အမေ့ရင်ခွင်မှာ နဖူး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တင်ပြီး ငိုခဲ့သည်။ ဤအရှင်ငိုတော့ အမေကလည်း ငိုသည်။ သားအမိနှစ်ယောက် ဖက်ပြီး ငိုကြသည်မှာ မြင်သူတိုင်း မျက်ရည်ကျကြသည်။

ဤအရှင်သည် ညီမလေးနှစ်ယောက်ကိုလည်း သိပ်ချစ်သည်။

သူတို့က အနားလာပြီး "အစ်ကိုလေး၊ နင် ဘုန်းကြီးလုပ်ရင် အိမ်ကို မပြန်လာတော့ဘူးလား"ဟု မေးကြသည်။

သူတို့၏ အမေးကို ဤအရှင် ပြန်ဖြေဖို့ ကြိုးစားသည်။ သို့သော် နှုတ်ကထွက်မရ။ ထို့ကြောင့် ခေါင်းကိုသာ ခါပြလိုက်ရသည်။ ထိုအခါ ညီမလေးနှစ်ယောက်က ငိုပြီး ဤအရှင်ကို ဖက်ကာ ငိုကြသည်။

နောက်တော့လည်း ဘဝဇာတ်ခုံပေါ်က ဇာတ်လမ်းတစ်ပုဒ် အနေဖြင့် မြင်လိုက်ပါသည်။ အဖေ၊အမေ၊ညီ၊ အစ်ကို၊ မောင်နှမ စသည်တို့သည် ဤအရှင်၏ ဘဝဇာတ်ခုံပေါ်က ဇာတ်လမ်းပါ။ သရုပ်ဆောင်အစိတ်အပိုင်း အနည်းစုမျှသာဖြစ်သည်။ ကံဇာတ်ညွှန်းဆရာ ဒါရိုက်တာက စီမံသလို ပါဝင်ကပြနေကြရခြင်းဖြစ်သည်။ ကံဇာတ်ဆရာကြီးက ဘယ်အချိန်မှာ ဘယ်သူနှင့် တွေ့ရမည်။ လွဲရမည်။ ကံဇာတ်ဆရာအလိုအတိုင်း တွေ့ကြရ၊ ဆုံကြရ၊ ပြီးတော့ လွဲကြရ လုပ်နေရခြင်း မဟုတ်ပါလား။ ထို့ကြောင့် လောကီပညာရှိကြီးများက ကံသာအမိ၊ ကံသာအဖ ဟူ၍ ဆိုကြပြောကြခြင်း ဖြစ်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကံကပဲ မျက်ရည်ကျအောင်လုပ်သည်။ လွမ်းအောင်ဆွေး အောင်လည်းလုပ်သည်။ ချစ်အောင်လည်း လုပ်သည်။ မုန်းအောင် လည်း လုပ်သည်။ ထိုကံဇာတ်ဆရာ အလိုအတိုင်း လိုက်လုပ်နေ ရလျှင် ဇာတ်လမ်းတစ်ပုဒ်ပြီးတစ်ပုဒ် ဆက်နေတော့မည်။ နားရ ရပ်ရမည် မဟုတ်တော့။ ထို့ကြောင့် "ကံသာအမိ၊ ကံသာအဖ အစား၊ ဉာဏ်သာအမိ၊ ဉာဏ်သာအဖ" ဖြစ်အောင် လုပ်ရမည်။

စာသင်နေရာမှ တောထွက်ပြီး တရားပဲကျင့်တော့မည်ဟု ပရိယတ္တိ စာသင်ဆရာ ယပ်လှဲဆရာတော်ကြီးကို သွားရောက် လျှောက်ထားသည့်အခါ ဆရာတော်ကြီးက ခွင့်မပြု။

ဤအရှင် တောင်းပန်တိုင်း ဦးခေါင်းကိုသာ ယမ်းနေတော့ သည်။

လျှောက်လွန်းမက လျှောက်သည့်အခါ–

"အေး– မင်းသွားချင်ရင် သွားပေါ့ကွာ။ မသွားခင် ငါ့ကို အရင်သတ်သွားကွ" ဟူ၍ မိန့်သည်။ ဆရာတော်၏ စကား ကြောင့် ဤမျှလည်း တုန်လှုပ်သွားသည်။ တော်တော်လည်း စိတ်မချမ်းမသာ ဖြစ်ခဲ့ရသည်။ နဂိုက စိတ်ဓာတ်ပျော့ညံ့သူပီပီ မျက်ရည်လည်း ကျခဲ့ရသည်။

နောက်တော့ ဆရာတော်က ငွေ ၂၀၀ ကျပ် ထုတ်ပေး ပြီး–

"ဆေးသွားကုပြီး ပြန်လာခဲ့"ဟု မိန့်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤအရှင်ကလည်း "အကြောင်းညီညွတ်တဲ့အခါ ပြန်လာပါမယ် ဘုရား"ဟု လျှောက်ခဲ့လိုက်သည်။ ထိုနေ့က သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးပိုက်ပြီး ထွက်လာခဲ့သည်ကိုလည်း မှတ်မှတ်ရရ ရှိနေသည်။

## ကြက်ဖတိန်ညင် တောကိုဝင်

အတောင်သာလျှင် ဝန်ရှိသော ငှက်ကဲ့သို့ ဤအရှင်သည် သပိတ်တစ်လုံး၊ သင်္ကန်း သုံးထည်ဖြင့် တောရဆောက်တည်ရန် အမ်းမြို့ဘက်ထွက်ခဲ့သည်။ ဤအရှင်သည် ရှေးရှေးသော အရိယာသူတော်ကောင်းများ ဆောင်လေ့ရှိသည့် ဓုတင်အကျင့်ကိုလည်း အာရုံကျ။ ရှေးရှေးသူတော်ကောင်းကြီးများကိုလည်း အားကျပြီး ထိုသူတော်ကောင်းကြီးများ လမ်းစဉ်အတိုင်း ကျင့်မည်ဟု ရှေးမဆွကတည်းက ဆုံးဖြတ်ထား၏။

ဓုတင် ဆိုသည်မှာ ကိလေသာကို ခါတွက်ကြောင်း ခေါင်းပါးစေသည့် အကျင့်တရားများ ဖြစ်သည်။ အကျဉ်းအားဖြင့် ဓုတင် ၁၃ ပါး ရှိသည်။

၁။ ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို စွန့်လျက် ပံ့သကူသင်္ကန်းကိုဆောင်ခြင်းဟူသော ပံ့သကူ ဓုတင်၊

၂။ လေးထည်မြောက်သင်္ကန်းကိုစွန့်လျက် သုံးထည်သော သင်္ကန်းကိုသာ ဆောင်ခြင်းဟူသော တိစီဝရိတ်ဓုတင်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၃။ လာဘ်ပို လာဘ်လျှံကို ပယ်၍ ဆွမ်းခံ၍ရသော ဆွမ်းကိုသာ သုံးဆောင်ခြင်း (ပိဏ္ဍပါတ်ဓုတင်)

၄။ လျှပ်ပေါ်လော်လီ အိမ်စဉ်ကျော်၍ ခံယူခြင်းကို ပယ်လျက် အိမ်စဉ်မကျော်မလှပ် ရပ်၍ ရသော ဆွမ်းကို သုံးဆောင်ခြင်း (သပဒါနစာရီဓုတင်)

၅။ နေရာအထူးထူး၌ စားခြင်းကို ပယ်လျက် တစ်ထိုင် တစ်နေရာတည်း၌ စားခြင်းကို ဆောင်ခြင်း (ဧကာသနိက် ဓုတင်)

၆။ နှစ်ခွက်မြောက်သော ဆွမ်း၊ ဟင်းကို ပယ်၍ တစ်ခွက်တည်းနှင့်သာ သုံးဆောင်ခြင်း (ပတ္တပိုဏ်ဓုတင်)

၇။ ဆွမ်းစပြီး စားနေစဉ် ကပ်လာသော ဘောဇဉ်ကို တော်ပြီတန်ပြီဆိုပြီး ကပ်ယူစားခြင်းကို ပယ်ခြင်း (ခလုပစ္ဆာဘတ္တိကဓုတင်)

၈။ ဂါမဝါသီ ကျောင်းသခ်မ်းကို ပယ်၍ တောရကျောင်း၌ နေခြင်းကို ဆောက်တည်ခြင်း (အာရညိကင်ဓုတင်)

၉။ အမိုးအကာရှိသော ကျောင်းကိုပယ်၍ လွင်တီးခေါင်၌ နေခြင်း (အဗ္ဘောကာသိကဓုတင်)

၁၀။ သုသာန်မဟုတ်သော နေရာကို ကပ်လျက် သုသာန်၌ နေခြင်း (သုသာန်ဓုတင်)

၁၁။ အမိုးအကာရှိသော ကျောင်းကိုပယ်လျက် သစ်ပင်ရင်း၌ နေခြင်း (ရုက္ခမူဓုတင်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၁၂။ နေရာကောင်း ကျောင်းဆောင်ကို ပယ်၍ ဖြစ်စဉ် အတိုင်း နေခြင်း (ယထာသန္တတိဓုတင်)

၁၃။ အိပ်ခြင်းကို ပယ်၍ ထခြင်း၊ ထိုင်ခြင်း၊ စင်္ကြံသွားခြင်းကို ဆောင်ခြင်း (နိသဇ္ဇိဓုတင်)တို့ ဖြစ်၏။

ဤ ဓုတင်များကို ဆောင်ခြင်းဖြင့်—

(၁) အသက်မွေးစင်ကြယ်ခြင်း၊

(၂) ချမ်းသာကျိုးရှိခြင်း၊

(၃) အပြစ်မရှိ၊

(၄) သူတစ်ပါးတို့အား ဒုက္ခမပေး၊

(၅) ဘေးမရှိ၊

(၆) သူတစ်ပါးကို မနှိပ်စက်၊

(၇) အမှန်ကြီးပွား၏၊

(၈) ကုသိုလ်တရား မဆုတ်ယုတ်၊

(၉) မာယာစဉ်းလဲခြင်း မရှိ၊

(၁၀) သေခြင်းကို စောင့်တတ်၏၊

(၁၁) တောင့်တတိုင်း ပေး၏၊

(၁၂) သတ္တဝါအားလုံးကို ဆုံးမတတ်၏၊

(၁၃) စောင့်စည်းသော အကျိုးရှိ၏၊

(၁၄) လျောက်ပတ်သော အကျင့်ဖြစ်၏၊

(၁၅) ကိလေသာတို့ မမှီမကပ်နိုင်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၁၆) ကိလေသာမှ လွတ်၏၊
(၁၇) ရာဂ ကုန်၏၊
(၁၈) ဒေါသ ကုန်၏၊
(၁၉) မောဟ ကုန်၏၊
(၂၀) မာန်တက်မှုကို ပယ်၏၊
(၂၁) ဝိတက်ကို ဖြတ်၏၊
(၂၂) ယုံမှားသင်္ကာမှ ကူးမြောက်၏၊
(၂၃) အပျင်းကို ပယ်ဖျောက်၏၊
(၂၄) မမွေ့လျော်ခြင်းကို ဖျောက်၏၊
(၂၅) သည်းခံတတ်၏၊
(၂၆) အတုမရှိ မြတ်သောအကျင့်တည်း၊
(၂၇) မန္တိုင်းယှဉ်အပ်သော ဂုဏ်ရှိ၏၊
(၂၈) နိဗ္ဗာန်သို့ ရောက်၏–ဟူသော အကျိုးထူး အကျိုးမြတ်များကို ရနိုင်ခြင်းကြောင့်လည်း ဤမြတ်သော ဓုတင်အကျင့်များကို ကျင့်ရန် ဆောင်ရန် လျှို့ဝှက်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

## မြင့်သောသစ်ပင်တို့သည် လေတိုက်ပိုခံရ၏

စစ်တွေမြို့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သီတင်းသုံးနေစဉ်ကဖြစ်သည်။ တစ်ခါမှ္မ သိကျွမ်းဖူးခြင်းမရှိသော ဆရာတော်တစ်ပါး ကျောင်းမှာ ရောက်နေသည်။ သူ ဘုရားခန်းထဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝင်နေသည်ကို ဤအရှင်က မသိ၊ ဤအရှင်က မိမိထုံးစံအတိုင်း ရှေးအရိယာ သူတော်ကောင်းကြီးများ၏ အားကျဖွယ်၊ အတုယူဖွယ်၊ ကြည်ညိုဖွယ်တွေအကြောင်းကို ပြောနေမိ၏။ ရှေးအရိယာ သူတော်ကောင်းများ ကျင့်ကြံကြိုးကုတ်ခဲ့သည့် အကျင့်မြတ် အကျင့်ကောင်းတွေအကြောင်းကိုလည်း ပြောနေမိ၏။

ထိုစဉ် ထို အာဂန္တုဆရာတော်က ထွက်လာပြီး—

"ဟိုးဟိုး ကိုယ်တော်၊ အရိယာစကားတွေ နည်းနည်းလျော့၊ ခုအချိန်က အရိယာ မဖြစ်နိုင်တော့ဘူး၊ ကျင့်လို့လည်း မရနိုင်တော့ဘူး"ဟု ပစ်ပစ်ခါခါ ဝင်ပြောသည်။

ဤအရှင်က—

"ဆရာတော်ဘုရား၊ ဆရာတော်က တပည့်တော်ထက် စာရင် သာမှာပါ၊ ဘုရားရှင်ရဲ့ တရားတော်တွေအလိုအရ ယခုခေတ်မှာလည်း အရိယာဖြစ်နိုင်ပါတယ်၊ ဘုရားပရိနိဗ္ဗာန်သုတ်မှာ သုဘဒ္ဒရဟန်းကို မိန့်တော်မူခဲ့ဖူးပါတယ် ဘုရား။ မဂ္ဂင်ရှင်ပါး ကျင့်တရားကို ကျင့်နေသရွေ့ ကာလပတ်လုံး ရဟန္တာပုဂ္ဂိုလ် မဆိတ်သုဉ်းပါဘူးဆိုတာပါ ဘုရား၊ ဘုရားရှင်က အကြောင်းမဲ့ မဟောခဲ့ပါဘူး ဘုရား၊ အဲဒီစကားအရ ဒီခေတ်မှာလည်း အရိယာနွယ်ဝင်တွေ ရဟန္တာအရှင်ကောင်း၊ အရှင်မြတ်တွေ ရှိပါတယ် ဘုရား၊ ဘုရားရှင် အလိုတော်အတိုင်း ကျင့်လျှင် ရနိုင်ပါတယ် ဘုရား"

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ဒါဆို ကိုယ်တော်က ရဟန္တာလား"

"မဟုတ်ပါဘုရား၊ ရဟန္တာအရှင်မြတ်တွေ ကျင့်သွားတဲ့ နည်းကို ယူပြီး ကျင့်ကြံအားထုတ်နေသူပါ ဘုရား"

ထိုအခါ ဆရာတော်က လှောင်သလိုလို ရယ်ရင်း–

"ဟင်း ဟင်း၊ ဟိုတစ်ခါက ဦးပဥ္စင်းတစ်ပါးလည်း သူ့ကိုယ်သူ ရဟန္တာလိုလို ပြောနေလို့ နယ်နှင်လိုက်ရပြီးပြီ။ ကိုယ်တော်လည်း အဲဒီ လမ်းစဉ်ထဲကနဲ့တူတယ်" ဟူ၍ ပြောသည်။

ဘာဖြစ်သည်တော့ မသိ။

နောက်နေ့မှာပဲ ထိုဆရာတော်က သူ့စကားအတွက် လာရောက် တောင်းပန်သွားသည်။

ဘုန်းကြီးရဟန်းဆိုသည်က အမှားရှိလျှင် ချက်ချင်းဝန်ခံ တောင်းပန်တတ်ကြပါကလားဟူ၍ ဤအရှင်လည်း ဝမ်းသာ ကျေနပ်မိသည်။

## သုသာန်ဓုတင်ဆောင် အတွေ့အကြုံ

ဤအရှင်သည် သုသာန်ပေါင်း ၂၀ မှာ တရားအားထုတ် ခဲ့ဖူးသည်။ ဤအရှင်သည် ကြောက်တတ်သူဖြစ်သည့်အတွက် "လန့်ဖွယ် ထိတ်ဖွယ် ပုံသဏ္ဌာန်တွေ အသံတွေ မကြားရ မမြင်ရပါစေနဲ့"ဟု အဓိဋ္ဌာန်တင်ပြီး တရားအားထုတ်ခြင်းဖြစ် သည်။ တရားအားထုတ်သည့်အခါ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုလည်း အထူးအာရုံစိုက်ပြီး လုပ်သည်။ အချိန်လည်း ပေးသည်။ တရားအားထုတ်သူများ တွေ့ကြုံရလေ့ရှိသည့် အမျိုးမျိုးသော အာရုံများ တွေ့ရမည်ဟုလည်း တွက်ဆထားပြီးဖြစ်သည်။ ပေါ် လာသည့် အာရုံမှန်သမျှကို အဖျက်တွေဟုသိပြီး မသိမ်းပိုက်ထား မိဖို့ ကမ္မဋ္ဌာန်းနည်းပြဆရာများ၏ ဆုံးမသွန်သင်မှုများကလည်း နားထဲ စွဲနေသည်။ (၂၉-၉-၀၇)

သုသာန်တစ်ခုနှင့်တစ်ခု ခုတင်ဆောင်ခဲ့သော ကာလကမူ မတူ။ တချို့သုသာန်၌ ခုနစ်ရက်၊ တချို့သုသာန်၌ ဆယ်ရက်၊ တချို့သုသာန်၌ ဆယ့်ငါးရက်၊ အချို့မှာ တစ်လ စသည်ဖြင့် ရှိသည်။

လန့်စရာ ထိတ်စရာ အာရုံတွေ အသံဗလံတွေ မမြင်ရ မကြားရပါစေနဲ့ဟု အဓိဋ္ဌာန်ထားသော်လည်း မြင်ရသည့် အာရုံ တွေကလည်း များလှသည်။ ညည်းညူနေသံ၊ ညည်းတွားအော် ဟစ်သံတွေကလည်း အော်ဂလီဆန်ချင်စရာ ကောင်းသည်။ မြင်ရ သည့် အာရုံတွေကလည်း ထိတ်လန့်ချောက်ချားစရာဖြစ်သည်။

မည်းမည်းအကောင်ကြီးတွေ သုသာန်တိုင်းလိုလိုမှာ တွေ့ ရသည်။ လူလိုလိုအကောင်တွေ၊ အချို့က ခေါင်းမပါ၊ အချို့က ခေါင်းသာမြင်ရသည် ကိုယ်ကို မတွေ့ရ၊ ရုပ်ဆိုးအကျည်းတန် သတ္တဝါတွေလည်း မျိုးစုံသည်။ အဝတ်မပါ ဗလာ လူယောကျ်ား၊ လူမိန်းမတွေ စုံသည်။ မိန်းမတွေက ဆံပင်ဖားလျားချလို့၊ ဤ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အနှင်း၏ရှေ့မှ ဖြတ်သွားဖြတ်လာ လုပ်ကြသည်။ အချို့က တိုတို၊ အချို့က ရှည်မျောမျော၊ အပေါ်ပိုင်းခန္ဓာ ရှည်ပြီး အောက်ပိုင်း ခြေထောက်တွေတိုတို ပုံမျိုးပါလို့၊ အပေါ်ပိုင်းခန္ဓာက ပုတိုတို အောက်ပိုင်း ခြေတံရှည်လျားလျားလည်း ပါသည်။

ခန္ဓာကိုယ်က အချွန်အတက်တွေ ထွက်နေသော သတ္တဝါတွေလည်း တွေ့ရသည်။ တွေ့ရသမျှ သတ္တဝါများသည် ဤအရှင်အား ကျောခိုင်းထိုင်နေကြသည်သာ များသည်။

နွားတွေလို ချိုနှစ်ချောင်းနှင့် သတ္တဝါတွေလည်း ပါသည်။ အချို့အကောင်များ၏ မျက်လုံးတွေက စကောလောက်ကြီးသည်၊ အချို့အကောင်တွေ၏ ပါးစပ်က တအားကျယ်သလောက် အသံကျတော့ သေးသေးလေးဖြစ်သည်၊ တချို့အကောင်တွေ၏ ပါးစပ်ကျပြန်တော့ သံမှိုပွင့်လောက်ပဲရှိသည်။

တစ်ခါတစ်ရံ ဤအရှင်၏အနားမှ မြေကြီးထဲက ထိုးထွက်လာသလိုမျိုး တွေ့ရသည်။ သစ်ပင် ပင်စည်ကြီးထဲ လူခေါင်းတွေ ပြူထွက်လာပြီး ဤအရှင်အား မျက်လုံးပြူးကြည့်နေသည်ကိုလည်း မြင်ရသည်။

သုသာန်တစ်ခုမှာတော့ သင်္ချိုင်းဂူကြီးတစ်လုံးက လှုပ်လာပြီး မည်းမည်းအကောင်ကြီးတစ်ကောင် ထွက်လာသည်။ ဤအရှင်အား လာကြည့်ပြီး သူ့ဂူထဲ ပြန်ဝင်သွားသည်။ ဂူထဲမှ ထွက်လာတော့လည်း အပေါက်ဟူ၍မရှိ၊ ပြန်ဝင်သွားတော့လည်း အပေါက်မတွေ့။

သင်းပိုင်းအစုတ်နှင့် ဘုန်းကြီးလိုလို ပြိတ္တာကြီးကိုလည်း မြင်တွေ့ရဖူးသည်။ ထိုဘုန်းကြီး၏ ပါးစပ်မှာ လောက်တွေက အပြည့်၊ နှာခေါင်းအရင်းကနေ မေးလောက်အထိ လောက်တွေက တဖွားဖွား ကိုက်စားနေသည်။

ဤမကောင်းသော အနိဋ္ဌာရုံတွေကို မြင်တိုင်း မြင်တိုင်း ဤအရှင်သည် ဘဝသံသရာ အဆက်ဆက်က ဆွေမျိုးတော်စပ် ခဲ့ဖူးသူများ ဖြစ်လေမလားဟု ဆင်ခြင်မိ၏။

"သစ္စာမသိ၊ ဒိဋ္ဌိမကျ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားဗြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖောက်လွဲပယ်ရှာ၊ ရောက်မြဲသာတည်း"

ဒိဋ္ဌိ မပြုတ်သေးသရွေ့ အပါယ်ဘေးမှ မလွတ်နိုင်ကြောင်း ဘုရားရှင်က ဆိုမိန့်ခဲ့သည်။ ထို့ကြောင့် ပုထုဇဉ်တို့၏ အမြဲနေရမည့် စံအိမ်သည် အပါယ်လေးဘုံသာ ဖြစ်သည်ဟု နှလုံးပိုက်ထားဖို့ သင့်ကြသည် မဟုတ်လား။

ဤအရှင် နားလည်မိသည်မှာ ပြုမှားမိခဲ့သော အကုသိုလ်ကံတွေက "ခေါင်း" အမျိုးစုံအောင် ပြောင်းလဲပေးနေခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင် ဟောကြားခဲ့သော ပေတဝတ္ထုတိုတွေထဲမှာလည်း ပါသည်။ နေ့စံ၊ ညခံ၊ နေ့ဘက်မှာ သုခ စံရသူတွေ ဒုနှင့်ဒေးဖြစ်သည်။ ယခု ဤအရှင်ကိုပြသော အာရုံတွေကို ကြည့်။ အမျိုးမျိုး အဖုံဖုံ ဆင်းရဲဒုက္ခတွေက ကြီးလွန်းလှသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤအရှင်သည် ပေါ်လာသမျှသော အနိဋ္ဌာရုံ အာရုံများကို ပေါ်တိုင်းပေါ်တိုင်း ဖျောက်ပစ်ပါ၏။ အချို့သော အာရုံများက ဤအရှင် မေတ္တာပို့ အမျှဝေလိုက်သည့်အခါ ချက်ချင်းပျောက်သွား၏။ အချို့က မပျောက်၊ အတော်ကြီးကြာကြာ မေတ္တာပို့ အမျှဝေတော့မှ ပျောက်သွားသည်။ အာရုံများက ပျောက်သွားကြသည်။ အသစ်အသစ် အာရုံတွေလည်း တိုး၍တိုး၍ ပေါ်လာသည်။ တရားအမှတ်ပျက်လောက်အောင်ဖြစ်သည်။ မေတ္တာပို့ အမျှဝေလိုက်၊ ပျောက်သွားလိုက် ပေါ်လာလိုက် မေတ္တာပို့လိုက် လုပ်နေရသည်။

တစ်ခါတစ်ရံတော့လည်း ဤအရှင်သည် ပေါ်လာသမျှသော အာရုံများကို သံသရာဆွေမျိုးတွေဖြစ်မည်၊ အမျှဝေတာကို သာဓုခေါ်ချင်လို့ လာကြတာဖြစ်မည်ဟူသော အတွေးနှင့် “တရားဟောပေးမည်၊ တရားနာလာကြကုန်လော့”ဟု ဖိတ်ကြားကာ ပရိတ်ကြီး ၁၁ သုတ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသတို့ကို ရွတ်၊ သရဏဂုံပေးပြီး ပြုခဲ့သမျှသော ကုသိုလ်တို့ကို အမျှပေးဝေခဲ့သည်၊ သံသရာဆွေမျိုးတွေကို ကျေးဇူးဆပ်ခွင့် ရနေသည့်အတွက် ဤအရှင်မှာ ကျေနပ်နေပါသည်။

အချို့သုသာန်တွေက အတော်ကြမ်းသည်၊ အနံ့အသက်တွေကလည်း မကောင်း၊ အသက်ရှူရခက်လောက်အောင် ဖြစ်သည်။ မြင်ရသည့် အာရုံတွေကလည်း ဆိုးမှဆိုး၊ စစ်တွေသုသာန်မှာ ကြုံရသည်က တစ်မျိုးဖြစ်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူလေးယောက် လူသေခေါင်းကြီးတစ်ခုကို ရှေ့နှစ်ယောက် နောက်နှစ်ယောက် ထမ်းလာနေကြသည်။ ဤအရှင်နား ရောက်သည့်အခါ အခေါင်းကြီးကိုချပြီး "ကောက်ထည့်ကွာ၊ ကောက်ထည့်"ဟု တစ်ယောက်က အမိန့်ပေးသည်။ ဤအရှင်ကို "အခေါင်း"ထဲ ကောက်ထည့်ခိုင်းခြင်းဖြစ်သည်။ အမိန့်သာပေးသည် တစ်ယောက်မှ ကောက်မထည့်၊ နောက်တော့ "မထည့်လျှင်လဲ နေကွာ"ဆိုပြီး ထိုအခေါင်းကြီးကို ပြန်ထမ်းသွားကြသည်။

တစ်ရက်မှာလည်း ဤအရှင် တရားမှတ်နေတုန်း လက်မောင်း တစ်ဖက်ကို အေးစက်စက်အရာကြီးနှင့် အကပ်ခံလိုက်ရသလို ဖြစ်သည်။ ရှည်လျားသော လျှာကြီးနှင့် အယက်ခံလိုက်ရသလို ခံစားလိုက်ရခြင်းဖြစ်သည်။ ဤအရှင် တရားအမှတ်ပျက်လောက်အောင်ပင် ဖြစ်ရသည်။

ဤအရှင်အား ကျောက်တုံးကြီးနှင့် ဖိသတ်ရန်လာသော ပြိတ္တာကြီးတစ်ကောင်ကိုလည်း တွေ့ဖူးသည်။ ကျောက်တုံးကြီးတစ်တုံးကို လိမ့်ကာ လိမ့်ကာနှင့် လာနေခြင်းဖြစ်သည်။ ဤအရှင်နား ရောက်လာသည်။ မေတ္တာပို့ပြီး အမျှဝေတော့ ပျောက်သွားသည်။

တွေ့ရသမျှ၊ မြင်ရသမျှသော အာရုံများကို ရေးရလျှင် များစွာရှိသေးသည်။ အကုသိုလ်၏ အကျိုးပေးကို သံဝေဂယူနိုင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြစေရန် ရည်ရွယ်ပြီး အနည်းငယ် ဖော်ထုတ်ရေးပြလိုက်ခြင်း ဖြစ်ပေသည်။

## ဘဝကြမ်းကြမ်း ခရီးလမ်း

၁၉၈၈ ခုနှစ်က ဖြစ်ခဲ့သော အရေးအခင်းကာလအတွင်း တွေ့ကြုံခဲ့ရသည်ကိုလည်း ဤအရှင်သည် မှတ်မှတ်ထင်ထင်ရှိနေသည်။

ထိုစဉ်က ဤအရှင်သည် မြောက်ဦးမြို့၊ ရတနာမာန်အောင်ကျောင်းမှာ သီတင်းသုံးနေသည်။ ဤအရှင်၏ ကျောင်းအနီးရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှ ဘုန်းကြီးတစ်ပါးက ဤအရှင်ကို ဆန္ဒပြပွဲမှာ လိုက်ပါဖို့၊ တရားဟောဖို့ လာခေါ်သည်။

ဤအရှင်က လူကြားထဲမှာ စကားပြောရတာကို ကြောက်သည်။ နောက်ပြီး ဤအရှင်က လောကီလူတို့၏ လှေ့စရိုက်သဘာဝကို သိပ်နားမလည်။ လူကြားထဲ လူစကားမပြောတတ်။ ဆန္ဒပြပွဲမှာ ပြောရမှာက နိုင်ငံရေးစကား၊ နိုင်ငံရေးလည်း ဤအရှင် နားမလည်။ ထို့ကြောင့် ဤအရှင်က ငြင်းလိုက်၏။

သုံးရက်တိတိ ထိုဘုန်းကြီးက လာခေါ်သည်။

"ကိုယ်တော့်မှာ ဒကာ၊ ဒကာမတွေ အများကြီးရှိတယ်၊ နောက်ခံအားကောင်းတယ် လိုက်ခဲ့ပါ"ဟု ခေါ်သည်။ ဤအရှင်က မလိုက်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"တပည့်တော် မလိုက်လို့ ဒကာ၊ ဒကာမတွေ လာမကြည် ညိုတော့ဘူးဆိုရင်လည်း တပည့်တော် ဒီနေရာက ထွက်သွားရုံ ပါပဲ ဘုရား"ဟု ပြောလိုက်တော့ ထိုဘုန်းကြီးလည်း လာမခေါ် တော့။

ထိုစဉ်က ဤအရှင်ကျောင်းတွင် တရားအားထုတ်ရန် ရောက်နေကြသော ဒကာ၊ ဒကာမ နှစ်ဆယ်အစိတ်ခန့် ရှိနေ သည်။ ထိုဒကာ၊ ဒကာမတွေကို အကြောင်းပြု၍ဖြစ်မည်။

"ရတနာမာန်အောင်ဘုန်းကြီး သပိတ်မှောက်ဖို့ကိစ္စ လူသူ စုရုံးနေတယ်"ဟု ရဲစခန်းသွားတိုင်ကြောင်း သိရသည်။

ည ၇ နာရီလောက်မှာ ရဲစခန်းက စခန်းမှူးနှင့် ရဲတွေ ရောက်လာကြသည်။

"လူတွေကို စုရုံးပြီး သပိတ်မှောက်ဖို့ ကြိုးစားနေတယ် ဆိုတာ မှန်ပါသလား"တဲ့။ ဤအရှင်ကို စစ်မေးသည်။

ဤအရှင်က မမှန်ကြောင်း၊ နိုင်ငံရေးကို စိတ်မဝင်စား ကြောင်း၊ ဘုန်းကြီးသိတာက တရားထိုင်မယ်၊ တရားပြမယ်၊ တရားဟောမယ်၊ အဲဒါကိုပဲသိကြောင်း၊ အဲဒါကိုပဲ လုပ်နေကြောင်း ပြောလိုက်သည်။ ရဲတွေလည်း တွေတွေဝေဝေဖြစ်သွားသည်။ သို့သော် ပြန်တော့ ပြန်သွားကြသည်။

နောက်တစ်ပတ်ခန့်အကြာတွင် စစ်သားတွေ ကျောင်းကို လာဝိုင်းသည်။ "သူပုန်တွေရောက်နေကြောင်း သတင်းရလို့တဲ့"။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤအရှင်က အခြေအနေအမှန်ကို ရှင်းပြလိုက်သည်။ သူတို့လည်း လှည့်ပြန်သွားကြသည်။ ဤမျှနှင့် ကိစ္စက မပြီးသေး၊ နောက် သုံးရက်ခန့်အကြာ ည ၈ နာရီခန့်တွင် ရဲနှင့် စစ်တပ် ကျောင်းကို လာဝိုင်းကြပြန်သည်။ ဤအရှင်က တရားထိုင်သည့် ဂူထဲမှ အထွက် သူတို့နှင့်တိုးသည်။ ဗိုလ်ကြီးဆိုသူက—

"ရတနာမာန်အောင် ဆရာတော်လား"ဟု မေးသည်။

"ဟုတ်ပါတယ် ဒကာကြီး"

"အရှင်ဘုရားကို သူပုန်တွေနဲ့ဆက်သွယ်တဲ့၊ သပိတ်မှောက်ဖို့ လူတွေကို စည်းရုံးနေတယ်လို့ သတင်းရလို့ လာတာပါဘုရား"

ဤအရှင်က—

"ဒကာကြီးတို့ ဒီကိုလာတာ သုံးခါရှိပြီ၊ ဒကာကြီးတို့ ထင်ထားသလို၊ ဒကာကြီးတို့ သတင်းရထားသလို မဟုတ်ပါဘူး၊ အခု ဦးပဥ္စင်း တရားထိုင်ပြီးလို့ ထွက်လာတာပါ။ ဂူထဲလည်း ဒကာကြီးတို့ ရှာနိုင်ဖွေနိုင်တယ်၊ ဦးပဥ္စင်းကျောင်းကိုလည်း ဒကာကြီးတို့ ရှာနိုင် ဖွေနိုင်တယ်၊ ရှိတဲ့ ဒကာ ဒကာမတွေကိုလည်း မေးမြန်း စစ်ဆေးသွားကြပါ၊ ဦးပဥ္စင်းဟာ နိုင်ငံရေးလည်း နားမလည်ဘူး၊ ကိုယ်နားမလည်တဲ့ အလုပ်ကိုလည်း ဝင်မလုပ်ဘူး၊ ဦးပဥ္စင်းအလုပ်က တရားထိုင်မယ်၊ ဒကာ ဒကာမတွေလာရင် တရားဟောမယ်၊တရားပြမယ်၊ ဒီအလုပ်ကလွဲပြီး ဦးပဥ္စင်း ဘာမှ မဟုတ်တတ်ဘူး၊ လုပ်လည်း မလုပ်ဘူး"ဟူ၍ ပြောလိုက်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဗိုလ်ကြီးဖြစ်သူလည်း သံသယရှင်းသွားပုံရသည်။ ကျောင်းဝင်း၊ ကျောင်းပြင် စစ်ဆေးရှာဖွေကာ ပြန်ထွက်သွားသည်။ သည့်နောက် ဆန္ဒပြရန်လာခေါ်သော ဘုန်းကြီးကျောင်းဘက်ရှိရာ ထွက်သွားကြသည်။ နောက်ကျမှ သိရသည်မှာ ထိုဘုန်းကြီးကို သပိတ်ခေါင်းဆောင်မှန်း သိသွားသဖြင့် ထိုဘုန်းကြီးလည်း ထွက်ပြေးတိမ်းရှောင်သွားသည်ဟု သိရသည်။

တခြားဘုန်းတော်ကြီးတစ်ပါးကိုလည်း အာရုံထဲမြင်ယောင်လာသည်။ ဤအရှင်တို့ ကျောင်းနားမှာရှိသည့် ဘုန်းကြီးကျောင်းမှ ဘုန်းကြီးဖြစ်သည်။ ဤအရှင် ဆွမ်းခံကြွသည့်အခါ သူ့ကျောင်းရှေ့မှ ဖြတ်ဖြတ်သွားရသည်။ တစ်နေ့မှာ ထိုဘုန်းကြီးက "ဟော့ဂေါတမလေး"ဟု လှမ်းခေါ်သည်။ ဤအရှင်က လှည့်အကြည့်–

ပရိတ်တရားနာတစ်ခုတွင် ထိုဘုန်းကြီးနှင့် ဤအရှင် ဆုံရသည်။ ထိုဘုန်းကြီးက ဤအရှင်အား "ဘာဖြစ်လို့ သာသနာတော်ကို ဖျက်နေတာလဲ"ဟု မေးသည်။

ဤအရှင်က မိမိထက် အသက်လည်းကြီး၊ ဝါလည်းကြီးသော ဆရာတော်ဖြစ်၍ ရိုသေစွာပင် "တပည့်တော် သာသနာမဖျက်ရပါဘုရား"ဟု လျှောက်သည်။ ထိုအခါ ဘုန်းကြီးက–

"ဖျက်နေတာပေါ့ဟ၊ ဘာဖြစ်လို့ ဝါတွင်း ရဟန်းခံရှင်ပြုပေးရတာလဲ။ ဝါတွင်းမှာ ငှက်တောင် အသိုက်မတင်ဘူး ကိုယ်တော်"ဟု ပြောသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤအရှင်က—

"ဆရာတော်ဘုရား တပည့်တော် ရဟန်းခံရှင်ပြုပေးတာ ကုသိုလ်လုပ်တာပါဘုရား၊ တပည့်တော်မွေးနေ့ အထိမ်းအမှတ် အဖြစ် ရဟန်းခံရှင်ပြု ကုသိုလ်လုပ်တာပါ"ဟု ပြန်လျှောက်လိုက် သည်။

ထိုကိစ္စကို ဤအရှင်သည် မေ့မေ့ပျောက်ပျောက် ထားလိုက် သည်။ နောက်ပိုင်း၌ ထိုဘုန်းကြီးကိုလည်း မတွေ့ရတော့။ ဟုတ် မဟုတ်တော့ မသိ။ မာတုဂါမတစ်ဦးနှင့် လူထွက်သွားသလိုလို ကြားလိုက်ရသည်။

အမှန်ဝန်ခံရလျှင် ဤအရှင် ဖြတ်သန်းခဲ့ရသည့် ခရီးက ကြမ်းတမ်းလှသည်။ သို့သော် အခက်အခဲများလေ ပါရမီပြည့် လေဟု သဘောပိုက်ကာ အဆိုးလောကဓံမှန်သမျှကို ကြံ့ကြံ့ခံ ခဲ့သည်။

အိန္ဒိယနိုင်ငံ ဒုက္ကရစရိယတောင်မှာ ဤအရှင် (၁၁)လကြာ တရားအားထုတ်ဖူးသည်။ တောင်ထိပ်ပေါ်တက်ပြီး ဤအရှင် တရားအားထုတ်နေစဉ် ထူးထူးခြားခြား ပြိတ္တာကြီးတစ်ကောင်ကို တွေ့ရဖူးသည်။ သူမထွက်လာမီ ရှေးဦးစွာ ကျောက်တောင်ကြီး အောက်ထဲမှ အသံကြီးတစ်သံ ကြားရသည်။ ထိုအသံကြီးသည် တဖြည်းဖြည်း အပြင်ကိုထွက်လာပြီး ကြည့်လိုက်သည့်အခါ ပြိတ္တာ ကြီးတစ်ကောင် ကျောက်တောင်ကို ဖောက်ထွက်လာနေခြင်းဖြစ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သည်။ ပုံသဏ္ဍာန်က ခေါင်းမှာ ဒူးရင်းသီးဆူးလိုမျိုးတွေနှင့်ဖြစ် သည်။ သူ့ကိုယ်က တီကောင်လိုပျော့စိစိကြီးဖြစ်သည်။ တီကောင် တွေကလည်း တစ်ကိုယ်လုံးကို ထိုးနေသည်။

"ရဟန်းကြီး၊ ငါက ဘုရားရှင်လက်ထက်တော်က လယ် သူဌေးဖြစ်ခဲ့ဖူးတယ်။ ဘုရားဝတ္တကမြေက တစ်လံလောက် ကျောက်တိုင်စိုက်ပြီး ခိုးယူခဲ့မိလို့ ယခုလို ကျောက်ပြိတ္တာ ဖြစ် နေရတာပါ"ဟု ပြောသံကိုလည်း ကြားမိသည်။ မေတ္တာပို့ပြီး အမျှဝေခြင်း မပြုမီမှာပင် ကျောက်တောင်ထဲ ပြန်ဝင်သွားသည်။

ဤအရှင်သည် "နှလုံးသွင်းမှား၊ အပါယ်သွား၊

နှလုံးသွင်းမှန်၊ နိဗ္ဗာန်စံ" ဟူသော စကားကို သတိရ လိုက်သည်။

"လူတစ်သိန်းသေလို့ လူတစ်ယောက် ပြန်ဖြစ်ဖို့ ခဲယဉ်း သလို၊ နတ်တစ်သိန်းသေလို့ နတ်တစ်ယောက်ပြန်ဖြစ်ဖို့ ပို၍ ခက်ခဲသည်" ဟူသော စကားရှိသည် မဟုတ်လော။

မပြောမဖြစ် ပြောချင်သည့် အကြောင်းတစ်ခုကိုလည်း တင်ပြလိုပါသေးသည်။ အခြားမဟုတ် မာရ်နတ်၏ သမီးများ ဖြစ်ကြသော တဏှာ၊ ကရတိ၊ ရဂါနတ်သမီး သုံးပါးတို့၏ အသင်းအပင်း မာတုဂါမများနှင့်လည်း ကြုံရ၏။

ဤအရှင်မှာ ဓမ္မရှိ၏။

သူတို့က အဓမ္မနှင့် တိုက်၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အစမ္မကို ဓမ္မနှင့် ဤအရှင်သည် အောင်နိုင်ခဲ့ပါ၏။

ဗာရာဏသီ မိဂဒါဝုန်မှာ သီတင်းသုံးခဲ့စဉ်က ဖြစ်သည်။

မှတ်မှတ်ရရ နန္ဒိယသူကြွယ် ကျောင်းပျက်နေရာမှာ တရားအားထုတ်နေစဉ်ဖြစ်သည်။ ဤအရှင်ရှိရာသို့ ထိုမာတုဂါမသည် ရောက်လာ၏။ ရဲတင်းလှ၏။ ဖြားယောင်းမှုကလည်း ရိုင်းလှ၏။

ဤအရှင်သည် တရားအာရုံကိုသာ စူးစိုက်၍ ထားလိုက်၏။ ထိုမာတုဂါမသည် ရှေ့မတိုးတော့ဘဲ တန့်သွား၏။ ပြီးတော့ တစ္ဆေသရဲကို တွေ့သလိုလို နောက်ပြန်လှည့်၍ ပြေးသွား၏။

အစမ္မကို ဓမ္မဖြင့် အောင်မြင်ခဲ့ခြင်းအတွက် ဤအရှင်သည် ကျေနပ်လှသည်။

# ၇။ သီလအခြေခံသော မေတ္တာရင်ခွင်

## မေတ္တာသည် ငြိမ်းအေးစေသော လက်နက်တစ်ခု

ရေသည် အညစ်အကြေးကို နိုင်သည်။ ဆေးသည် ရောဂါကို နိုင်၏။ အဒေါသ မေတ္တာ သမထ စွမ်းအားသည် အမျက်ထွက်သူ စိတ်ဆိုးစိတ်ကောက်ရှိသူကို နိုင်၏။ ဝိပဿနာစွမ်းအားသည် အပါယ်လေးဘုံကို ရောက်စေတတ်သော အကုသိုလ်ကိလေသာကို နိုင်၏။

မြတ်စွာဘုရားရှင်၏ မေတ္တာရင်ခွင်ကို ခိုနားခွင့်ရသော ရောဇမလ္လပုတ္တသည် အရိယာဘဝထိ ရောက်ခဲ့ရသည်။

တစ်ခါတစ်ရံ မေတ္တာသည် အံ့သြလောက်အောင် စူးရှသည်။ လွန်ခဲ့သော ၁၈ နှစ်ခန့်က ဤအရှင်သည် မြောက်ဦးမြို့အနီး သင်းကျက်တော်ဘုရားနှင့် ခပ်လှမ်းလှမ်းမှာ တောရဆောက်တည်ခဲ့စဉ် တောခြောက်ခံရဖူး၏။ သစ်ပင်မှန်သမျှ လဲကျလိုက်၊ ပြန်ထောင်လိုက်နှင့် အသံတွေ ဝုန်းဒိုင်းကြဲအောင် ဆူညံနေ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တောစောင့်နတ်၊ တောင်စောင့်နတ်မှအစ နာနာဘာဝ သတ္တဝါ တွေဆီ စိတ်လွှတ်ပြီး မေတ္တာပို့ အမျှဝေလိုက်၏။ အုံ့ညြရလောက် အောင် အသံဗလံတွေ တိတ်ဆိတ်ငြိမ်သက်သွားသည်ကို ဤ အရှင် မှတ်မိနေသည်။

ထူးထူးခြားခြား မှတ်သားထားမိသော အကြောင်းအရာ တစ်ခုမှာ နောက်တစ်နေ့ တောခြောက်ချိန်တွင်ဖြစ်၏။ ဤအရှင် နှင့် ဝါးနှစ်ပြန်အကွာ သစ်ငုတ်တိုပေါ်တွင် မျောက်ကြီးတစ်ကောင် ရောက်နေ၏။ ထိုမျောက်ကြီးမှာ လူလောက်ကြီးသည်။ အရောင် က အဝါရောင်ဖြစ်သည်။ ထိုအကောင်ကြီးက တောခြောက်သည့် အသံများလာရာကို မျက်နှာမူပြီး ကျယ်လောင်သော အသံဖြင့် အော်လိုက်သည်။ ချက်ချင်းပဲ တစ်တောလုံး ငြိမ်ကျသွားသည်။ ဤအရှင်လည်း ထိုမျောက်ကြီးကို ကျေးဇူးတင်မိသည်။ မိမိကို လာရောက်စောင့်ရှောက်သူအဖြစ်မှတ်ယူပြီး သူ့ကို အထူးမေတ္တာပို့ အမျှဝေလိုက်သည်။

ဤအရှင် တောရဆောက်တည်သည့် ကာလများတွင် ကျားများနှင့်လည်း ကြုံရ၏။ အဆိပ်ပြင်းသော မြွေများလည်း ဤအရှင်တရားမှတ်ရာသို့လာဖူးကြ၏။ ဤအရှင်အား အန္တရာယ် ပြုခြင်း မရှိဘဲ ရှောင်၍ရှောင်၍ သွားကြ၏။

ဤအရှင်သည် တောရဆောက်တည်စဉ် ပဲခူးနာရဏီသိမ် တောရ၊ ပဲခူးကျောက်တန်းတောရ၊ ပဲခူး ဒေးစွန်ပေါ် ဆင်ပုန်း တောရ၊ သထုံမူလမင်းကွန်း၊ ရေးမြို့နယ် မဇင်းတောရ၊ ထားဝယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြို့ ဓမ္မစကြာရိပ်သာ၊ လောင်းလုံမြို့နယ် မင်းရပ်ချောင်တောရ စသည်တို့တွင် တောရဆောက်တည်ခြင်း၊ ယာယီသီတင်းသုံးခဲ့ခြင်း ရှိသည်။

ထားဝယ်မြို့ ဓမ္မစကြာရိပ်သာတွင် တရားထိုင်၊ တရားဟောခဲ့စဉ် ဤအရှင်အား ကိုအောင်နိုင်+မစန်းစန်းယုတို့က သိက္ခာထပ် ပူဇော်ကြသည်။ ဤအရှင်၏ မှတ်တမ်းတွင် ထိုသိက္ခာထပ်ပူဇော်ပွဲသည် ဤအရှင်အတွက် အကြိမ် (၂၀၀)မြောက် ပူဇော်ပွဲ ဖြစ်သည်။

ထားဝယ်မြို့ ဓမ္မစကြာရိပ်သာမှာ သီတင်းသုံးခိုက် တစ်ခုသော တရားပွဲတွင် မြောက်ဦးရှိ ရတနာမာန်အောင်ကျောင်းကို ရောက်ဖူးသော၊ ကျောင်းအတွက် အလှူငွေ ထည့်ဝင်ခဲ့ဖူးသော ဒေါ်ပိုနွဲ့ဆိုသည့် ဒါယိကာမကြီးနှင့် ဆုံဖြစ်သည်။ ထိုဒါယိကာမကြီး၏ နှီးဆော်မှုကြောင့်ပင်ဖြစ်မည်။ ဤအရှင်ကား ဦးအောင်ဝင်းကို+ဒေါ်ပိုနွဲ့၊ ဦးဌေးဝင်း+ဒေါ်လှထွေး၊ ဦးဝင်းတင့်+ဒေါ်ကြူရီ၊ ဒေါ်သီတာမိုး၊ မယဉ်ယဉ် စသည့် ဒါယကာ၊ ဒါယိကာမများသည် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေကို လိုက်ပါပို့ဆောင်ပေးကြသည်။ မင်းရပ်ချောင် တောရ၌လည်း (၂၀၁)ကြိမ်မြောက် သိက္ခာထပ်ပူဇော်ပွဲကို ကျင်းပပေးကြသည်။

မင်းရပ်ချောင် တောရသည် လွန်ခဲ့သည့် နှစ် (၈၀)ကျော်က ရဟန္တာဟု မြန်မာနိုင်ငံတစ်လွှားကျော်ကြားခဲ့သော ဘုန်းတော်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြီး ဦးသီလ နေသွားခဲ့သော နေရာထူးဖြစ်သည်။ ကမ္မဋ္ဌာန်း ကျောင်းသေးပေါင်း ၃၀၀ ကျော်လောက် ရှိခဲ့သည်ဟု သိရသည်။ ယခုပင် ကျောင်းအဆောင် ၁၀၀ ကျော် ရှိနေသေးသည်။

ဤအရှင် အားထုတ်ခဲ့သမျှသော တောရမှန်သမျှထဲတွင် ဤ မင်းရပ်ချောင်တောရသည် ဤအရှင် အကြိုက်နှစ်သက်ဆုံး ဖြစ်သည်။ ရိပ်သာဆရာတော်က အတ္တစွဲမရှိ၊ မိမိတို့ ဆန္ဒရှိသည့် နည်းဖြင့် တရားအားထုတ်ခွင့်ပြုထား၍ ဖြစ်သည်။ နည်းမရသေး ပါက စိတ်ကို တင်ပါးနှင့် ကြမ်းပြင်ထိနေသည်ကို စိတ်က ကပ်၍ ထိတယ်၊ ထိတယ်၊ ထိတယ်၊ သိတယ်၊ သိတယ် စသည် ဖြင့် အခြေခံကစ၍ မှတ်ပြီး ဖြစ်ပျက်မြင်အောင် ရှုပွားနိုင်ကြောင်း ရှုနည်းကလွယ်ပြီး တရားတိုးတက်မြန်ကြောင်း ဆင်ခြင်မိသည်။

မမြင်ရသည့် ပုဂ္ဂိုလ်တွေကလည်း အတော်များများဟန်ရှိသည်။ ဤအရှင် သီတင်းသုံးသည့် ကျောင်းတွင် တံမြက်စည်းလှည်းသံ လိုမျိုး တရှဲရှဲအသံတွေ၊ ခြေသံတွေ၊ တံခါးဖွင့်သံ ပိတ်သံတွေ ကြားရသည်။ ထိုထိုသော မမြင်ရသည့် ပုဂ္ဂိုလ်များ၏ အရိပ် အယောင် အသံဗလံ၊ အနံ့အသက်တို့ကို ကြားရ၊ မြင်ရ၊ နမ်းရှူရ မိတိုင်း သံသရာအဆက်ဆက်က ဆွေတော်မျိုးတော်များဟု အမှတ်ပြုလိုက်ပြီး တတ်နိုင်သမျှ သူတို့ကုသိုလ်ရကြစေရန် ဤ အရှင်သည် သီလလည်း ပေး၏။ သရဏဂုံလည်း ဆောက်တည် စေ၏။ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နှင့် ပရိတ်တရားတော်များ ချီးမြှင့်ရွတ်ဖတ် ပူဇော်ပေးသလို မေတ္တာပို့ခြင်း၊ အမျှဝေခြင်းကိုလည်း အထူးအလေးအနက်ထား၍ ပြုခဲ့၏။ ထို့ကြောင့်လည်း ဤအရှင် တောရဆောက်တည်ခဲ့သည့် ကာလများတွင် ဘေးမရှိ၊ အန္တရာယ်မရှိခဲ့ကြောင်း ဆင်ခြင်မိသည်။

ထိုသတ္တဝါများ၏ အရိပ်အယောင်၊ အသံဗလံများကို ကြားမိ၊ သိမိတိုင်း ဤအရှင် ဆင်ခြင်မိသည်မှာ လောကကြီးသည် သိပ်ဆန်းကြယ်သည်။ မြင်ရသည့် ပုဂ္ဂိုလ်တွေရှိသလို၊ မမြင်ရသည့် ပုဂ္ဂိုလ်တွေလည်း အများကြီးရှိမည်။ မြင်ရသည့် ပုဂ္ဂိုလ်တွေက နည်းပြီး မမြင်ရသည့် ပုဂ္ဂိုလ်တွေက များနိုင်သည်ဟူ၍ ဖြစ်သည်။

လောကကြီးမှာ ကုသိုလ်ပြုသူက မပြောပလောက်သာရှိပြီး အကုသိုလ်ပြုသူတွေက မရေမတွက်နိုင်အောင် များလွန်းလှသည် မဟုတ်လား။ ထို့ကြောင့်လည်း ကုသိုလ်ဆိတ်သုဉ်းသူများအတွက် သံသရာလောကကြီးက အမိုက်မှောင်ကြီး ဖြစ်နေပါကလား။

မစဉ်းစားမိလျှင်တော့ လောကကြီးသည် ပျော်စရာကောင်းနေသည်။ ဉာဏ်နှင့် စဉ်းစားကြည့်ပါက မိတ်ထားသည့် မျက်စိမဖွင့်ရဲအောင် ကြောက်စရာကောင်းလှသည်။ ဖွင့်ထားသည့် မျက်စိပြန်မမိတ်ရဲအောင် ကြက်သီးထဖွယ်၊ ကြောက်မက်ဖွယ်၊ ထိတ်လန့်ဖွယ်လည်း ကောင်းလှသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူတွေ ဘာကြောင့် သတိလက်လွတ် ဖြစ်နေကြပါလိမ့်၊ မေ့မေ့လျော့လျော့နှင့် ဘာကြောင့် လောကကြီးကို ပျော်စရာဟု မှတ်နေကြပါလိမ့်။ အဝိဇ္ဇာ၊ တဏှာ၏ ဖိအား၏ သိပ်ကြီးမား လေးလံလွန်းလှပါတကား။ တကယ့်ချမ်းသာစစ်ကို ရှာဖို့ စိတ် မကူးကြဘဲ ချမ်းသာတု၊ ပျော်စရာတုနှင့် ဘာကြောင့်များ ကျေနပ်ပြီး အချိန်ဖြုန်းနေကြပါလိမ့်။

တစ်ခုတော့ရှိသည်။ ချမ်းသာစစ်၊ ချမ်းသာမှန်ကို ပို့ဆောင် ပေးသော တရားက တိမ်ယောင်ယောင်နှင့် နက်သည်။ လွယ် ယောင်ယောင်နှင့် ခက်သည်။ သဒ္ဓါ၊ ဝီရိယ စသော ဗိုလ်ငါးပါး ကို ရှေ့တန်းတင်ပြီး အားထုတ်နိုင်ဖို့တော့လိုသည်။ ဇွဲလုံ့လ၊ ဝီရိယ၊ သတ္တိ၊ ဗျတ္တိတော့ ရှိရမည်။ စွန့်စားနိုင်ရမည်။ နိဗ္ဗာနဓာတ် ကို မရအရ ယူမည်ဟူသော ပြင်းပြထက်သန်သော စိတ်ရှိဖို့လည်း လိုသည်။ အရိုးကြေကြေ၊ အရေခန်းခန်း၊ နောက်မဆုတ်တမ်း အားထုတ်ဖို့တော့လိုသည်။ ကံလမ်းနှင့် သွား၍မရ၊ ဉာဏ်လမ်း ဉာဏ်စခန်းဖြစ်သည်။

ရှေးက အရိယာ သူတော်ကောင်းကြီးများက ကံလမ်းကို စွန့်၍ ဉာဏ်လမ်းနှင့် လိုက်ခဲ့ခြင်းကြောင့် နိဗ္ဗာနဓာတ်ကို ရခဲ့ကြ ကြောင်း သက်သေသာဓကတွေ ထားခဲ့ကြသည်။ သူမတူအောင် စွန့်၊ သူမတူအောင်ကျင့်မှ သူမတူသည့် တရားထူးတွေ ရနိုင် ကြောင်းလည်း အလုပ်နှင့် သက်သေပြသွားကြသည်။

တစ်ဘဝတည်း သည်းခံပြီး စွန့်စွန့်စားစား အားထုတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သွားမည်ဆိုလျှင် သံသရာတစ်လျှောက်လုံး မည်သည့်အခါမှ ဒုဂ္ဂတိဘဝကို မကျရောက်ဘဲ သုဂတိဘဝကိုသာ ရောက်မည်ဖြစ်သည်။ အိုရမည့်ခန္ဓာ၊ နာရမည့်ခန္ဓာ၊ သေရမည့်ခန္ဓာဆိုးကြီးနှင့် မတွေ့မကြုံ မဆုံတော့ဘဲ တစ်ထောင့်ငါးရာ ကိလေသာ အပူ ဓာတ် အလောင်ဓာတ် ချုပ်ငြိမ်းသည့် နိဗ္ဗာန်ကြီးမျက်မှောက်ပြုရမည် ဖြစ်သည်။

ယခု လူတိုင်း လူတိုင်း ကိုယ်တွေ့ကြုံကြ၊ သိကြပါသည့် ခန္ဓာဝန်ထမ်းနေရတာ ဘယ်လောက်ပင်ပန်းရသနည်း။ ထိုင်နေရင်းလည်း ညောင်း၊ ထသွားလျှင်လည်း ညောင်း၊ အိပ်နေရင်လည်း ညောင်း၊ ရပ်နေလျှင်လည်း ညောင်း၊ ဒုက္ခကြီးလိုက်သည်မှာ ဆိုဖွယ်ရာမရှိ။ ဒါကို မြင်အောင် ကြည့်တတ်ဖို့တော့လိုသည်။ ကြည့်တတ်လျှင် မြင်ပါသည်။ မကြည့်တတ်လျှင် ကြည့်နည်းကို ပြပေးပါမည်။

စာဖတ်ပြီး ခန္ဓာကိုယ်ကို ခဏပြန်ကြည့်ပါ။ ဖြည်းဖြည်း ဖတ်ပါ။ လောပြီး မဖတ်စေချင်ပါ။ တရားဆိုသည်က သတိကပ်ပြီး ဉာဏ်ဖြင့် ကြည့်တတ်မှရတာ။

"တရားပျောက် ခန္ဓာကိုယ်မှာရှာ၊ တရားရှာ ခန္ဓာမှာတွေ့" ဟူ၍ ရှေးသူတော်ကောင်းကြီးများ မိန့်ကြားခဲ့ကြဖူးပါသည်။ တရားအသိထူး ပေါ်လွင်အောင် ခန္ဓာနှင့် တိုက်ကြည့်။ အပြောသမား မဟုတ်ရလေအောင် စာအုပ်မှာ လမ်းမဆုံးဘဲ သူများပါးစပ်မှာ လမ်းမဆုံးရအောင် ဘဝမြှင့်တင်ရေး၊ အပါယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တံခါးပိတ်ရေးကို ရှေးရှုပြီး ဖတ်ပါ၊ မှတ်ပါ၊ ကြည့်ပါဟု အကြံပြုချင်ပါသည်။

တရားအားထုတ်နည်း သုံးနည်း ရှိသည်ဟုလည်း ဆိုချင်ပါ၏။ ယင်း သုံးနည်းမှာ–

၁။ တရားနာသည့်အခါ ခန္ဓာကိုယ်ကို ဉာဏ်ကစိုက်ပြီး စူးစူးစိုက်စိုက် နာယူခြင်း (သို့မဟုတ်) တရားစာအုပ် ဖတ်သည့်အခါ ခန္ဓာကို အကဲခတ်၍ ဖတ်ခြင်း။

၂။ မိမိ မရှင်းလင်းသည်ကို ရိုးသားဖြောင့်မတ်စွာ မေးမြန်း ဆွေးနွေးခြင်း၊
"တရားစည်ကြီး၊ ရိုက်ဆော်တီး၊ မြည်ဟီးဘဝဂ်တိုင်၊ ကိလေသာနား၊ ပိတ်ကာထူး၊ လုံးဝ မကြားနိုင်" ဟူ၍ မှတ်ယူကြစေလိုပါသည်။

၃။ လက်တွေ့ကိုယ်တိုင်ကျင့်သုံးခြင်းတို့ ဖြစ်သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၈။ ဝိပဿနာဆိုတာ

**ပညတ္တိ**။ ထပေတွာ အနိစ္စာဒိ အာကာရေန ဝိသေသန ပဿတီတိ ဝိပဿနာ။

ငါသိ စာသိ သုတမယအသိ စိန္တာမယအသိ သညာသိ ဝိညာဏ်သိတို့ကို ကျင့်ထား၍ မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော ကိုယ်ပိုင် ဘာတစ်ခုမှ မရှိတဲ့သဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် လှမ်းပြီးတော့ မြင်တဲ့သဘောကိုမှ ဝိပဿနာလို့ဆိုတယ်။ ဒီနေရာမှာ စာသံပေသံနဲ့ပြောမှ အရသာရှိတယ်။ ဘာကြောင့်လည်းဆိုတော့ ဤအရှင်တို့ သင်လာခဲ့တဲ့ စာပေစကားလေးတွေကို အသုံးပြုပါမှ ပရိယတ္တိသင်လာတာ ကျေးဇူးရှိတယ်၊ ဘုရားနဲ့ ဆရာသမားကို ကျေးဇူးဆပ်ရာရောက်တယ်လို့ ကိုယ့်စိတ်ထဲမှာ အားရတယ်။ များများမဟုတ်တောင်မှ နည်းနည်းလည်း ဓမ္မအရသာပေါ်လွင်တယ်ပေါ့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ပညတ်ကိုဖောက် ပရမတ်ရောက်

**သစ္စံဂယှတိ ပုဗ္ဗဘာဂေ ဘာဝနာယ ပန ဝဍ္ဎမာနာယ**
**ပညတ္တိံ သမတိက္ကမိတွာ သဘာဝေယေဝ စိတ္တံတိဋ္ဌတိ**

(ဝိသုဒ္ဓိမဂ် မဟာဋီကာ ၁-၂၆၆)

ပုဗ္ဗဘာဂေ၊ ဝိပဿနာဉာဏ်၏ ရှေ့အဖို့ကာလ၌။ သစ္စံဂယှတိ၊ ပညတ်ကိုယ်ကောင်ကြီးကို ယူအပ် ရှုမြင်အပ်သည် မှန်ပေ၏။ ပန၊ ထိုသို့ ပညတ်ဖြင့် နှလုံးသွင်းကြပါသော်လည်း။ ဝဍ္ဎမာနာယ၊ ဉာဏ်အဆင့်ဆင့် တိုးပွားဖြစ်ပေါ်လာသော။ ဘာဝနာယ၊ ဝိပဿနာ ဘာဝနာဉာဏ်ဖြင့်။ ပညတ္တိံ၊ ရှေးကယူ၍ မှတ်သားထားသော ငါသိ စာသိ သုတမယအသိ သညာသိ ဝိဉာဏ်သိဆိုတဲ့ ပညတ်အသိကို။ သမတိက္က မိတွာ၊ လွန်မြောက်စေ၍။ ဝါ၊ ကျော်လွန်စေ၍။ စိတ္တံ၊ ခန္ဓာ၏ ထင်ရှားနေသော အာရုံကို သတိဉာဏ်ကပ်၍ နှလုံးသွင်းရှုမှတ်သော စိတ်သည်။ သဘာဝေယေဝ၊ သဘာဝအစစ် ပရမတ်ဖြစ်သော ပထဝီ တေဇော အာပေါ ဝါယော ဆိုတဲ့ ဓာတ်၌သာလျှင်။ ဝါ၊ ခန္ဓာငါးပါး ရုပ်နာမ်တရား၌သာလျှင်။ ဝါ၊ ခန္ဓာ၏ ဖြစ်ပျက်နေမှု၌သာလျှင်။ တိဋ္ဌတိ၊ တည်ရှိလေ၏။ ဝါ၊ ဉာဏ်ဖြင့် လှမ်းတွေ့နေ၏။ ဒါက စာသံ စကားတွေ မြန်မာလိုပြောရင် နံပါတ်တစ်ပညတ်ကို ခန္ဓာမှာ စောစောပိုင်း တွေ့မယ်၊ ဘာတွေလည်းဆိုတော့—

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

- **အပေါင်းအစုတွေကို မြင်နေတာ သမုတိပညတ်တဲ့၊**
- **သက်ရှိ သက်မဲ့ မှန်သမျှတွေကိုတော့ ဥပါဒါန်ပညတ် လို့လည်း ခေါ်တယ်၊**
- **ပုံပန်းသဏ္ဌာန်အမျိုးစုံတွေ့နေရတာကိုတော့ သဏ္ဌာန ပညတ်၊**
- **အစိုင်အခဲ အတုံးကြီး စသည်ဖြင့် တွေ့ရတာက ဃန ပညတ်၊**
- **ပုဂ္ဂိုလ်အသီးသီး တွေ့နေရတာကိုတော့ ပုဂ္ဂလပညတ်၊**
- **မနေ့ကလည်း ဒီလူ၊ ယနေ့လည်း ဒီလူပဲဟူ၍လည်း ကောင်း–**

ဒီမီးပုံကြီးဟာ အရင်ကလည်း ဒီလိုတောက်နေတယ်၊ ခုလည်း ဒီလိုတောက်နေတာပဲ ဟူ၍လည်းကောင်း၊ ဒီသစ်ပင်ကြီး ဟာ အရင်ကလည်း ဒီလို၊ အခုလည်း ဒီလို၊ ဒီအဘိုးကြီး အဘွားကြီးဟာ တို့ငယ်ငယ်တုန်းကလည်း ဒီလို၊ ယခုလည်း ဒီလို စသည်ဖြင့် မြင်တွေ့နေရခြင်းကို သန္တတိပညတ်လို့ ခေါ်တယ်။ အပ္ပမာဒ ဆိုတဲ့ သတိမဂ္ဂင်ဖြင့် ကပ်ပြီး ဉာဏ်ဖြင့်ကြည့်မှသာ ပညတ်ပေါ်မှာ ပရမတ်ထင်လာမယ်။

ဒါကြောင့် ရှေးဆရာတော်ကြီးများက 'ဟော့– ပညတ်မှာ ပရမတ်ရှိတယ်၊ ပရမတ်မှာ ပညတ်ရှိတယ်' လို့ မိန့်ကြားတယ်။ ကြည့်ကြပါ။ ဒီယောကျ်ား မိန်းမဟု ခေါ်ထားတယ်။ ပညတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပေါ်မှာ စူးစူးစိုက်စိုက်ကြည့်ရင် ယောကျ်ား မိန်းမတွေ့တာပဲ၊ တရွရွ တဖွဖွ တလှုပ်လှုပ် တဖြုတ်ဖြုတ်နဲ့ တောင့်ပြ တင်းပြ ထုံပြ ကျင်ပြ ကိုက်ပြ အောင့်ပြ ဇက်ကြောထိုးပြ စသည်ဖြင့် ဖောက်ပြန်နေတဲ့ ပရမတ်ဓာတ်သားကို ဉာဏ်မှာ ထင်လာမယ်။ အတုံးအခဲ ဒြပ်ပုံသဏ္ဍာန်ပျောက်ပြီးတော့ ဖောက်ပြန်နေတာနဲ့ သိနေတာ ဒီနှစ်ခုကိုပဲ ဉာဏ်မှာ ထင်နေလိမ့်မယ်။

ထပ်ဆင့် ထပ်ဆင့် ကြည့်ပါ။

သဘာဝဓမ္မဆိုတဲ့ ရုပ်ဓာတ်ပေါ်နေတဲ့ ဖောက်ပြန်မှုအာရုံ ရုပ်နဲ့ လှမ်းပြီးကြည့်လို့ သိနေတဲ့ နာမ်ဓမ္မကိုသာ ထင်လာမယ်။ မရှင်းရင် ပြန်ကြည့်ပါ။ ရုပ်ဓာတ်ဆိုတာ ကိုင်ကြည့်လို့ မရဘူး။ သဘောကလေး၊ နာမ်ဆိုတာလည်း သဘောကလေး၊ ဒီ နှစ်ခုသာ တွေ့နေရင် သင်သည် ပညတ် ပရမတ် ကွဲလာပြီမှတ်ပါ။ ပညတ် ရုပ်၊ ပရမတ်ရုပ်တော့ ရှိတယ်နော်။ ဝိပဿနာဉာဏ် ဖြစ်ဖို့ အတွက် ဒီ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ဖို့ လိုအပ်တယ်။ သံသရာ တစ်လျှောက်လုံးမှာ ငါထင် သူထင် ပုဂ္ဂိုလ်ထင် သတ္တဝါထင်ပြီး လာခဲ့တာ ရေတွက်မကုန်တော့ဘူး။

ယခုကြည့်လေ၊ စာဖတ်နေတာ ဘယ်သူလဲ၊ ကိုယ့်ကိုယ် ကို ပြန်ကြည့်၊ ယောကျ်ားမဟုတ်ဘူးနော်၊ မိန်းမ မဟုတ်ဘူး၊ မျက်စိဆိုတဲ့ ရုပ်ပသာဒဓာတ်နဲ့ စာအုပ်ဆိုတဲ့ ရူပါရုံရုပ်ရယ် အာလောက အလင်းရောင်ရယ်၊ မနသိကာရ နှလုံးသွင်းမှုရယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီ လေးခုတိုက်မှ ဖြစ်တာ။ မျက်စိရုပ်၊ စာအုပ်၊ အဆင်းရုပ်၊ အလောက အလင်းရောင်ရုပ် တိုက်ဆိုင်တော့ မနသိကာရ နာမ်၊ ကဲ– ကြည့်ပါ။ မျက်စိ စာအုပ် အာလောက ဒီရုပ်တွေ တိုက်ဆိုင်မှုဖြစ်မှ နာမ်ဆိုတဲ့ အသိစိတ်ကလေး ဖြစ်လာတယ်။ ဒါ ဉာတပရိညာဏ်စခန်းကို ပြောနေတာပါ။ တရားအားထုတ်ဖို့ ဒီရုပ်နာမ် အသိကို ခွဲတတ်ပြီဆိုရင် ခန္ဓာမှာ ခွာတ်ခွဲတတ်ပြီး တရားမှတ်တတ်ပြီ။

တရားအားထုတ်တဲ့ ယောဂီဟာ အစွဲဖြုတ်ရမယ်နော်။ ဉာတပရိညာနဲ့၊ ဒိဋ္ဌိကို ဦးစွာဖြုတ်ဖို့ လိုတယ်။ တချို့ အရင်တုန်းက အစွဲနည်းနည်းသာ ရှိခဲ့တယ်။ တရားရိပ်သာတွေသွားပြီး အစွဲတွေများလာကြတယ်။ နေရာကိုတောင် ငါ့နေရာ ငါအမြဲထိုင်နေကျနေရာ၊ ဒါ အိပ်နေကျနေရာ ဘယ်သူမှ မနေရ၊ မထိုင်ရဘူး၊ အစွဲတိုးတက်လာပြီး ငါ့ဘုန်းကြီးကမှ ကောင်းတယ်။ နင့်ဘုန်းကြီးက အချိုးမကျ၊ မကောင်းဘူး။ ဘုန်းကြီးတွေကို လင်ပါဘုန်းကြီး၊ မယားပါဘုန်းကြီး လုပ်ကုန်ကြပြီ။ ကြောက်စရာ၊ ကြောက်စရာ။ အဲဒါ ငါတို့ကျောင်း၊ ငါတို့ရိပ်သာကမှ တရားစစ်တာ၊ နင်တို့ရိပ်သာက တရားမစစ်ဘူး။ ဘုရားတရားတွေက ငါ့တရား၊ သူ့တရား ဖြစ်ကုန်တယ်။ တို့က တို့ဆရာတော် ဟောတဲ့ တရားကို မကြိုက်၊ ဟိုနည်း ဒီနည်း ဟိုရိပ်သာ ဒီရိပ်သာတွေအပေါ်စွဲ၊ ဟိုနည်း ဒီနည်းတွေ စွဲနေကြလို့ လူတွေ တရားမရကြတာပါ။ တရားထိုင်ပေမယ့် တရားမတွေ့တာ ဒီ

နည်းစွဲတွေက ခံနေလို့၊ ပိုးသာကုန် မောင်ပုံ စောင်းမတတ်ဆိုသလို ဖြစ်နေပြီ။ တချို့ရိပ်သာတွေရဲ့ နည်းတွေနဲ့ပတ်သက်ပြီး ငြင်း၊ ပြဿနာလုပ်နေကြပြန်တယ်။ မြို့တစ်မြို့မှာ ဌာန သုံးခုလေးခု ဖြစ်လာတော့ သူ့အဖွဲ့၊ ငါ့အဖွဲ့ အသင်းတွေကွဲကြ၊ ဆရာတော်တွေ ပြဿနာဖြစ်ကြ၊ ဟိုတိုင် ဒီတိုင် သူ့ကိုငါတိုင်၊ ငါ့ကို သူတိုင်၊ ဟာ– တရားသမားတွေ ဘာဖြစ်နေကြပါလိမ့်။ မတရား လုပ်ကုန်ပြီ။ ဒါ အစွဲနော်။

ဒါ တို့ဘုရားက သက္ကာယဒိဋ္ဌိတဲ့၊ အတ္တဒိဋ္ဌိတဲ့။ ဒယ်အိုး နှုတ်ခမ်းကို ချော်နင်းနေကြပြီ။ ဟိုရိပ်သာကို ဒီရိပ်သာက အတင်းပြော၊ ဒီရိပ်သာမှာ အဆောက်အအုံအသစ်တွေ တိုးတက်ကြီးပွား လာတာကို ဟိုရိပ်သာက မကြိုက်၊ အဆောက်အအုံတွေ အပြိုင် အဆိုင် ဆောက်ကြ။ ဥက္ကဋ္ဌ, အတွင်းရေးမှူးလုပ်ကြ၊ ဒါကလည်း ဒုနဲ့ဒေး။ ဥက္ကဋ္ဌ, အတွင်းရေးမှူး, အဖွဲ့ဝင်ဆိုပြီး ငါတစ်လုံးနဲ့ ရဟန်းသံဃာ ကြွလာတာတောင်မှ အရေးမစိုက်၊ ခပ်တည်တည်၊ တချို့ သံဃာကို သူကအုပ်ချုပ်သေးတယ်။ ကိုယ်တော်တို့နော် စည်းကမ်းကို လိုက်နာပါ။ မလိုက်နာက ထွက်သွားကြ။ ဤ အရှင်က ဟာ– ဒကာကြီးရယ်၊ ဒီသံဃာကို ဒီလိုမပြောသင့်ဘူး နော်ဟု သူ့ကို သနားလို့ပြောမိတော့ ကိုယ်တော့အဖေကြောင့် နာတာလားတဲ့၊ အတ္တစွဲနော်၊ ငါစွဲနော်၊ ကြောက်စရာကောင်း လိုက်တာ။

တော်တော်ကြာ ဘယ်ဘုရားမှာ ငွေစာရင်း မရှင်းနိုင်လို့၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘယ်ရိပ်သာမှာ စာရင်းမကျလို့ ငွေစားမှုတွေက အပါယ်စားလုပ်နေကြတယ်။

လှူနိုင်တဲ့သူတွေကလည်း တို့ကတော့ သူတစ်ပါးပစ္စည်းကို အပ်တို ချည်မျှင်မှအစ မသုံးဘူးဟော့၊ ကိုယ်သာလှူတာ စသည်ဖြင့် အတ္တဒိဋ္ဌိကို အရှေ့ကတင်ပြီး သံသရာလောကကြီးမှာ လျှောက်လှမ်းတာ တွေ့ရတော့ လူကြားထဲ နေချင်စိတ်မရှိသလောက်။

ရှေးအရိယာတွေ တောရဆောက်တည်ပြီး ရာသက်ပန်နေသွားကြတာ၊ ဒီအနှောင်အဖွဲ့တွေကို ကြောက်လို့ပေါ့။ လွတ်ရာကျွတ်ရာကို သွားနေကြတာ။ လူတွေက ငှက်ပျောပင်တောထဲမှာ အနှစ်ရှာနေကြတယ်။

လက်ပံပင်နဲ့ အိမ်ဆောက်နေကြတယ်။ ကြောက်စရာကောင်းတဲ့ လောကကြီးပါလားလို့ မဟာသံဝေဂဉာဏ်ပေါ်ဖို့လိုတယ်။

ထားဝယ်မြို့ ဘုမ္မော်ရပ် ဓမ္မစကြာ ပဋိပတ်ရိပ်သာကျောင်းမှာ ခေတ္တရောက်ခိုက် တစ်နေ့ ကိုမျိုးမျိုးဆိုတဲ့ ဒကာလေးတစ်ယောက် ဤအရှင်နားကို ရောက်လာတယ်။ ဆရာတော်ဘုရား တပည့်တော် တစ်ခုမရှင်းမလင်းလို့ မေးကြည့်ချင်ပါတယ်။ ခွင့်ပြုပါ ဘုရားတဲ့။

တပည့်တော် တရားနဲ့ပတ်သက်ပြီး လေ့လာနေပါတယ်။ ရိပ်သာတွေမှာလည်း တရားအားထုတ်ပါတယ်ဘုရား။ ရိပ်သာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လေးခုလောက် ရောက်ပါပြီ။ တရားစခန်းတွေဝင်လာရင်း မျက်စိ တွေ လည်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

ဆရာတော် ဖြေရှင်းပေးပါ ဘုရား။

ဘာဖြစ်လို့ မျက်စိလည်ရသလဲဆိုတော့ မိုးကုတ်က တစ် မျိုး၊ မဟာစည်က တစ်မျိုး၊ ဖားအောက်က တစ်မျိုး၊ ဦးသန်း က တစ်မျိုး၊ မြေဇင်းတောရက တစ်ဖုံနဲ့ဟာ ဘုရား၊ ဘာကို မှတ်ရမှန်း မသိတော့ဘူး။

နိဗ္ဗာန်အကြောင်းတွေကလည်း တစ်ဦးနဲ့တစ်ဦး မတူဘူး ဘုရား။ တပည့်တော် နိဗ္ဗာန်ကိုလည်း မလိုချင်သလိုလို ဖြစ်လာ ပြီတဲ့။

အရှင်ကပြောတယ်။ ကိုမျိုးမျိုးရေ– မိုးကုတ်, မဟာစည်, လယ်တီ, ဖားအောက်ဆိုတာ မှတ်ထား၊ အဲဒါ ပညတ်တွေကွ၊ မင်းတို့က အရေအတွက်တွေကိုလိုက်နေတာကို၊ အမှန်က မိုးကုတ် ဆရာတော်၊ မဟာစည်ဆရာတော်၊ လယ်တီ ဦးသန်း၊ ဖားအောက် ဆရာတော်တွေဟာ ဘုရားနည်းတစ်ခုတည်းကို ဟောနေကြတာ ပါ။ ဘုန်းကြီးဆိုရင် ဆယ်နည်းလောက် ရိပ်သာတွေသွားပြီး လေ့လာထားတယ်။ အားလုံး အတူတူပါပဲဗျာ။

ဥပမာ လူတစ်ယောက်ကို မနက်ဘက်မေးတယ်၊ ဦးလေး ဘာဟင်းနဲ့စားလာသလဲ။ "ဆီနဲ့ ဆားနဲ့ပေါ့ကွ"၊ နောက် ညနေ တွေ့ပြန်တော့ ထပ်မေးတယ်၊ ဦးလေး ဘာဟင်းနဲ့ စားလာသလဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ဆားနဲ့ ဆီနဲ့ပေါ့ကွ"၊ ဒီအတိုင်းဘာပဲဗျာ။ နည်းနည်း လွဲနေကြတာ၊ အောက်ဉာဏ်ပိုင်းအရာမှာ နည်းနည်း စရိုက်ခြင်းမတူလို့ လွဲနေတာပါ။ ဥဒယဗ္ဗယဉာဏ်ရောက်ရင် အားလုံး ဖြစ်ပြီး ပျက်နေတာကို မြင်အောင်ရှုမှတ်ပြီး နိဗ္ဗာန်ကို သွားကြသူတွေချည်းပါပဲ။ ဥပမာတစ်ခု ပြောပြဦးမယ်။ ညအခါ လပြည့်ဆိုတော့ လူကြီးလူငယ် လသာသာနဲ့ အပြင်ထွက်ပြီး 'ဟာ– ဟိုမှာ လမင်းကြီး လှလိုက်တာ'ဆိုပြီး လူတွေ လက်ညှိုးထိုးနေကြတယ်။ ခင်ဗျားက လက်ညှိုးတွေကို လိုက်မကြည့်နဲ့ဗျာ၊ လမင်းကိုသာ ကြည့်ပါ။ အားလုံး လမင်းကို လက်ညှိုးထိုးနေကြတာ။ ထို့အတူ ပါပဲအားလုံး သစ္စာလေးပါးကို မြင်အောင် ကြည့်နေကြတာ။ နောက်ဆုံး နိဗ္ဗာန်ဆိုတဲ့ လမင်းကို ကြည့်နေကြတာပါ။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရဖို့သာ ပဓာန အားလုံးအတူတူပါပဲ။ နည်းနည်း အပြောလွဲနေကြတာ၊ နားမရှုပ်ပါနဲ့၊ ရှင်းရှင်းနေပါ။ ကိုယ့်စိတ်ထဲမှာ ဟိုနည်း ဒီနည်းလို့ မယူထားပါနဲ့။ ဘုရားရှင် အဆုံးအမပါလားလို့ သိပါစေ။ ရှင်းပြီလား။

"ဟာ– ဘုန်းဘုန်းနဲ့တွေ့မှ ရှင်းသွားတယ်ဘုရားတဲ့"

အရှင်ဘုရားက ဘယ်နည်းနဲ့ ပြတာလည်းဆိုရင် ဘုရားနည်း တစ်ခုတည်းကိုသာ စိတ်ကညွတ်ပြီး ဟောနေတာပါ။ ဘယ်သူ့နည်းမှ မဟုတ်၊ ပုဂ္ဂိုလ်စွဲနည်း မဟုတ်၊ ဓမ္မသက်သက်ပါပဲ။

ပြီးတော့ နိဗ္ဗာန်ဆိုတာ ဆင်းရဲငြိမ်းအေးတဲ့ တရားပဲ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အနာဂါမ် ရဟန္တာနဲ့ဆိုင်တဲ့ နိဗ္ဗာန်ကိုသွားပြီး မဝေဖန်ပါနဲ့။ ကိုယ်နဲ့တန်တဲ့ နိဗ္ဗာန်ကိုသာ နားထောင်ရမယ်။ ကိုယ်က သောတာပန်ဖြစ်ဖို့ သောတာပန်တို့သိအပ်တဲ့ နိဗ္ဗာန်ကိုသာ စဉ်းစားရမယ်။

သောတာပန်ဟာ ဒိဋ္ဌိတစ်ခုသာပြုတ်သေးတယ်။ ကိလေသာ ၁၀ ပါးထဲက ဒိဋ္ဌိကိလေသာ တစ်ခုသာ ပြုတ်ပါသေးတယ်။ လောဘ၊ ဒေါသ၊ မောဟ အားလုံးငြိမ်းတဲ့ အနာဂါမ် ရဟန္တာတို့နဲ့သာဆိုင်တဲ့ နိဗ္ဗာန်ကို ဝေဖန်ရင် ရူးသွားနိုင်တယ်။ ဒါကြောင့် ရှေးဆရာတော်တွေက "ကိုယ်နဲ့မတန် အနာဂါမ် ချန်၍ထားပါဦး"လို့ မိန့်ကြားတယ်။ တရားရတယ်ဆိုတာ အသိလေးတစ်ခုနည်းနည်းထူးခြားပြီး သိသွားတာကို ဆိုလိုတယ်။

ဒါပေမဲ့ လူတွေဟာ သိပ်ကြောက်စရာကောင်းတယ်။ အထင်ကြီးလွယ်တယ်။ မိမိခန္ဓာကိုယ်ကို တရားအားထုတ်ပြီး အသိထူးရအောင် အားထုတ်ထား၍ အထင်ကြီးတာမဟုတ်ဘဲ သူတစ်ပါးကို အထင်ကြီးကြပါ။

တချို့တွေ့ရတယ်။ ဘုန်းကြီးက ငွေပုံပေါ်ထိုင်ပြီး လှူလာသမျှ နဝကမ္မကို သူကိုယ်တိုင် ကိုင်ပြီး သိမ်းဆည်းပြီးနေတာကို တွေ့ခဲ့တယ်။ ဒါပေမဲ့ ဒီဆရာတော်က တရားဟောကောင်းတယ်။ တရားဟောတတ်လို့ သူ့ကို အနာဂါမ်လိုလို ရဟန္တာလိုလို အထင်ကြီးနေကြတယ်။ သီလဝန္တတောင် မဖြစ်သေးဘူး။ ရိုးရိုးပုထုဇဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပါပဲ။ တချို့က ငွေမကိုင်ရင်ဘဲ ရဟန္တာလိုလို၊ ဟာ– သိပ်ကြောက်စရာကောင်းတာပဲ။

(၁၀)နှစ်လောက်က တောင်ကုတ်မြို့မှာ တွေ့ခဲ့တယ်။ မှင်သန်းဆရာတော်ဆိုပြီး သင်္ကန်းကိုတောင် စနစ်တကျမရုံတတ်၊ (၆)ဝါလောက် ရသေးတယ်။ တောမှာနေတယ်ဆိုပြီး လူတွေသွားလိုက်ကြတယ်။ ရဟန္တာတဲ့၊ ဤအရှင်နဲ့ ဘုရားကြီးမှာ သွားဆုံတယ်။ သူ့အနားမှာ လူတွေဝိုင်းနေကြတယ်။ ကိုယ်ကတော့ ရိုးရိုးသင်္ကန်းကိုရုံပြီး သူနဲ့ခပ်နီးနီး ပေ (၅၀)လောက်မှာ ထိုင်နေတယ်။ လာတောင် ရှိမခိုးဘူး။

လူတွေကတော့ လာကန်တော့ကြတယ်။ ဤအရှင်ထက် (၁၂)ဝါငယ်တယ်။ နောက်တစ်ခါကျတော့ မိန်းမယူပြီး ရန်ကုန်ဘက်ကို ထွက်ပြေးသွားသတဲ့။ ကြည့်စမ်းပါ။ လူတွေဟာ ပူဇော်သင့်တဲ့ ပုဂ္ဂိုလ်ကို မပူဇော်တတ်ကြဘူး။ ပရိယာယ်မာယာလုပ်ပြတာကို ကြည်ညိုတတ်ကြတယ်။ တရားတစ်လုံးနှစ်လုံး ဟောတတ်ရင် အထင်ကြီးတတ်ကြတယ်။ ပရိယတ္တိသင်နေကြတဲ့ စာချစာသင်တွေ ဘယ်လောက်ပူဇော်သင့်လဲ။ စစ်မှန်တရားပြနေကြတဲ့ ဆရာတော်တွေ၊ သာသနာအတွက် ကျေးဇူးများတဲ့ သံဃာတွေကို ဘေးဖယ်ပြီး ခဏ ဘာမသိ၊ ညာမသိဘဲ စာတစ်လုံးမှ မသင်ဖူးတဲ့ ရမ်းတုတ်မှန်းတုတ်တွေ များလာလို့ သာသနာကွယ်လာတာပါ။ အရည်အချင်းကို မသိဘဲ အရေအတွက်ကို မကြည့်ကြဖို့ အသိပေးအပ်ပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်ဘဝ တစ်နပ်စာ မကြည့်ဘဲ တစ်သံသရာလုံးအတွက် ကြည့်တတ်ကြပါစေ။ ငါ့နည်း၊ သူ့နည်း မကွဲကြပါနဲ့။ ငါ့တရား၊ သူ့တရား မကွဲကြဘဲ ဘုရားဟောပျောက်ပြီး အာစရိယ (ဝါ) နည်းကိုစွဲမထားကြပါနဲ့။ အရိယာအသိကို သိဖို့ရအောင် ကျင့်ကြပါကုန်စို့။ အသိဉာဏ်ကို ဖြန့်ထားကြပါ။ တရားအားထုတ်သူတိုင်းဟာ သတိပဋ္ဌာန်တရားကို အခြေခံတဲ့ သစ္စာလေးပါးမှ တစ်ပါး ဘာမှမရှိဘူး။ ကာယ၊ ဝေဒနာ၊ စိတ်၊ ဓမ္မလေးဖြာ သတိပဋ္ဌာန် ခြေရာမှန်သမျှတို့သည် ဆင်ခြေရာထဲရောက်ရင် အာလုံး ပျောက်သလိုပဲ။

တရားကျင့်စဉ်တွေ ဘယ်လောက်များများ သတိခြံရုံတဲ့ သစ္စာလေးပါးတည်းဟူသော ဓေကာ ဓမ္မောပါပဲ။ ဒီသတိပဋ္ဌာန်လေးပါးကို အကျဉ်းမှတ်ပြန်တော့ မဂ္ဂသစ္စာသာ ဖြစ်သွားရတာပဲ။ သမ္မာသတိမဂ်ဖြင့် ခန္ဓာအစဉ်ကို ဉာဏ်ယှဉ်ပြီး ကြည့်တတ်ဖို့ လိုတယ်။ တရားထိုင်တဲ့ ယောဂီဟာ ဦးစွာပထမ ခဏိကသမာဓိ ဖြစ်ဖို့အတွက် ဝင်လေ ထွက်လေကိုပဲ မှတ်မှတ်၊ ဖောင်းပိန်ကိုပဲ မှတ်မှတ် စိတ်ကို နှာသီးဝမှာပဲထားထား၊ ဝမ်းဗိုက်မှာပဲထားထား ရင်ချိုင့်မှာပဲထားထား၊ ငယ်ထိပ်မှာပဲထားထား၊ တင်ပါးနှင့် ပျဉ်ချပ်တို့ နှစ်ခုထိမှုအပေါ် ထိသိမှာပဲထားထား၊ ဘယ်နေရာပဲထားထား ဒါက အဓိကအချက် မဟုတ်ဘူး။ ဝိပဿနာ မဟုတ်ပါဘူး။ ဝိပဿနာဉာဏ် ထင်ရှားဖို့အတွက် သမာဓိအားစုနေတာပါ။

စိတ်တည်ကြည်မှုရထားမှ ခန္ဓာ၏သဘာဝတရားကို စိုက်ကြည့်လို့ မြင်မှာပါ။ ဘုရားရှင်ကလည်း သမာဓိ ဘိက္ခဝေ ဘာဝေထ၊ ချစ်သားတို့ သမာဓိတရား ရအောင်ကျင့်ကြတဲ့၊ သမာဟိတော ယထာဘူတံ ပဇာနာတိ၊ စိတ်ကလေး တည်တည်ငြိမ်ငြိမ်ကလေး ရလာရင် ခန္ဓာ၏ ထင်ရှားမှုတွေကို ထိုးထိုးထွင်းထွင်း မြင်လာတယ်ပေါ့။

## ဘာတွေကို မြင်မှာလဲ

ရူပံ ပဇာနာတိ ရုပ်တရားတို့၏ ဖောက်ပြန်နေတာတွေကို တွေ့လာမယ်။ သတိမဂ္ဂင်ကို ကိုင်ထားစောင့်ကြည့်၊ ဤခန္ဓာကြီးကို ကြည့်ရတာ မဟုတ်ဘူးနော်။ (၃၅)ပိဿာ (၄၀)အလေးချိန်ရှိတဲ့ ခန္ဓာကိုယ်ကြီးကို ကြည့်ရတာမဟုတ်ဘူး။ ခွေးဟောင်ခံရတဲ့ ခန္ဓာကိုယ်ကြီးကို ကြည့်ရတာမဟုတ်ဘူး။ စိတ်ကလေးလျှော့ပြီး ချမ်းသာသော အာရုံကိုယူပြီး လေကလေး မှန်မှန်ရှူ၊ မမြန်နဲ့။ မနှေးနဲ့။ ခပ်အေးအေးလေးထားပြီး ကြည့်နေတော့ ရုပ်ခန္ဓာက ဟိုနားကတစ်မျိုး၊ ဒီနားကတစ်မျိုး၊ ဒီနားတစ်ဖုံ တလှုပ်လှုပ် တဖြုတ်ဖြုတ် တရွရွ တမွမွ ပူလိုက် အေးလိုက်၊ တောင့်မှု တင်းမှု၊ ကိုက်မှု၊ ဇက်ကြောတက်မှုလိုလို ထပြေးချင်လောက်အောင် တစ်ခါတစ်ရံ သံပူပြားကြီးနဲ့ ကပ်ထားနေရသလို၊ အပ်တွေနဲ့ ဝိုင်းထိုးခံရသလို၊ သံချောင်းကြီးနဲ့ ချည်ထားသလို ပြောပြ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လို့ မရလောက်အောင် ဖောက်ပြန်လာတာကို တွေ့ရ မြင်ရမည်။ ဒီတော့ ယောဂီဟာ ဘုရားမိန့်တဲ့အတိုင်း ရုပ်တရား၏ ဖောက်ပြန်မှုကို သိပါ။ ယောကျ်ား မိန်းမ မယူလိုက်ပါနဲ့။ ငါဖောက်ပြန်လို့ ဘာများဖြစ်သွားမလဲလို့ ရုပ်ကို မခွဲပါနဲ့။ လေများဖြတ်သွားမလား စသည်ဖြင့် သက္ကာယအပေါ် အစွဲမဖြစ်ပါနဲ့။ အရှိခန္ဓာက အရှိအတိုင်း ပြလာပါလားဟု အသိဉာဏ်ကလေးနဲ့ ကြည့်ပေးနေရုံပါ။

သို့သော် ဖောက်ပြန်နေတာ ရုပ်တစ်ခုတည်းပါ။ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ အတ္တဇီဝ မဟုတ်။ ဖောက်ပြန်တတ်တဲ့ ရုပ်သဘောလေးပါ။ ရုပ်ကိုမြင်ပြီးရင် ဘုရားက ဝေဒနာ ဘိက္ခဝေပဇာနာတိ၊ ချစ်သားတို့ ခံစားတတ်တဲ့ ဝေဒနာကို သိပါစေ။ ဟော– အခု ခန္ဓာရုပ်က အမျိုးစုံ ဖောက်ပြန်လာနေပြီ၊ တစ်ခါတစ်ရံ ခပ်ကြမ်းကြမ်း ခပ်လျော့လျော့ ခံစားနေရတယ်။ ခံစားနေရတာဟာ ယောကျ်ား မိန်းမ မဟုတ်ဘူးနော်။ ရုပ်တရား၏ ဖောက်ပြန်ခြင်းကိစ္စကြောင့် ဝေဒနာက္ခန္ဓာဆိုတဲ့ ခံစားမှုဖြစ်နေတာ၊ ငါ နာတယ် မယူစွဲနဲ့။ စွဲရင် ဒိဋ္ဌိ။ ငါ ဘာများဖြစ်သွားမလဲ၊ လေများဖြတ်သွားမလား၊ ဒုက္ခပါလားလို့ ဝေဒနာအပေါ် ငါကပ်သွားရင် သက္ကာယဒိဋ္ဌိ စိတ်ကို လျှော့ထားပါ။ မျက်စိမှိတ်လိုက မှိတ်၊ ဖွင့်လိုက နည်းနည်းဖွင့်ထား၊ ဒီခံစားနေတဲ့ နေရာကို သတိနဲ့ ကပ်ကြည့်၊ ဖောက်ပြန်နေတာ၊

ဒီဖောက်ပြန်သဘောကို စိတ်ဆိုတဲ့ ဝေဒနာက ခံစားနေတာ၊ ပုဂ္ဂိုလ် သတ္တဝါ မပါပါဘူး။ ကိုင် ကြည့်လို့မရဘူး၊ သူ့သဘော သူဆောင်ပြနေတဲ့ သဘောကလေးမှာသာ စောင့်ကြည့်နေတဲ့ စိတ် နာမ်နော်။ ဒါ ခံစားမှု ဝေဒနာနော်။ ဆက်ပြီး ဘုရားက သညာ ဘိက္ခဝေ ပဇာနာတိ၊ ချစ်သားတို့ မှတ်သားမှု သညာက္ခန္ဓာကို သိပါစေ။ ကဲ- ထပ်ဆင့်ကြည့်၊ ဖောက်ပြန်နေမှု၊ ဖောက်ပြန်နေ တာကို ခံစားနေမှု၊ ထပ်ဆင့်ခံစားနေမှုအပေါ်မှာ တစ်ခုနဲ့တစ်ခု မတူတာတွေကို မှတ်သားမှုသညာဆင်းရဲနေတာဟုမှတ်။ ချမ်းသာ နေတာကို မှတ်။ ကောင်းတာ မကောင်းတာ မှတ်။ ခန္ဓာက ပြလာမှုတွေကို မှတ်သားနေမှုကို သညာဝါ သညာက္ခန္ဓာပြန်စစ်။ ယောကျာ်း မိန်းမ မပါ။ သူက မှတ်သားမှု စိတ်ကလေးမျှသာ။ ငါ မှတ်တယ် မစွဲနဲ့။ ငါ မှတ်ဉာဏ်ကောင်းတာ မလုပ်နဲ့။ ဒါ သက္ကာယဒိဋ္ဌိ ဝင်မယ်။ အရှိကို အရှိတိုင်းသာ ကြည့်ပါ။ အပို မကြည့်ပါနဲ့လို့လည်း မလိုစေနဲ့၊ သတိနဲ့ ဉာဏ်တွဲကြည့်ပါ။

ထပ်ပြီး ဘုရားက သင်္ခါရာ ဘိက္ခဝေ ပဇာနာတိ၊ ချစ်သား တို့ ပြုပြင်စေ့ဆော်ပေးနေရတဲ့ သင်္ခါရကိုကြည့်ပါ၊ (ဝါ) သင်္ခါရ ခန္ဓာကို မြင်ပါစေ။ သတိထားပြီး ထပ်ကြည့်ပါ။ ဖောက်ပြန်မှု၊ ဒီဖောက်ပြန်အာရုံတွေကို လှမ်းပြီး ကောင်းမကောင်း ခံစားနေရတဲ့ ဝေဒနာ၊ ဒီခံစားနေရတဲ့ သဘောကလေးကို တစ်ခုစီ မှတ်သား နေတဲ့ သညာ။ ဒီ မှတ်သားမှုအာရုံကို တစ်ခုနဲ့တစ်ခု ဆက်စပ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အောင် ဝီရိယတင်ပြီး ပြုပြင်ရတယ်။ စေ့ဆော်ပေးနေရတယ်။ တစ်ခုနဲ့တစ်ခု ပျောက်မသွားရအောင် လိုက်ပြီး စေ့စပ်ပေးနေတဲ့ သင်္ခါရပေါ့။ ဒီ သင်္ခါရဆိုတဲ့ စေတနာလေးဟာ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ မရှိ။ သဘောကလေးသက်သက် ကိုင်ပြစရာ မရှိ။ အတုံးအခဲ ဒြပ်သဏ္ဌာန်မရှိ။ ပြုပြင်ပေးနေမှု စေတနာ သင်္ခါရသာ ရှိပါတကားဟု သိပါ။ နောက်ထပ် ဘုရားရှင်က ဝိညာဏံ ဘိက္ခဝေ ပဇာနာတိ၊ ချစ်သားတို့ အာရုံကို သိတတ်တဲ့ ဝိညာဏ် (ဝါ) ဝိညာနက္ခန္ဓာ ကိုယ်လည်း သိပါစေ၊ မြင်ပါစေတဲ့၊ ကဲ– ပြန်နွေးလိုက်ပါ။ ဖောက်ပြန်ပြနေတဲ့ ရုပ်ရယ်၊ ဖောက်ပြန်မှုသဘောကို ခံစားနေတဲ့ ဝေဒနာ၊ ဒီခံစားမှုအပေါ် တစ်ခုစီ တစ်ခုစီ ခွဲခြားပြီး မှတ်သားနေတဲ့ သညာ။ ဒီ မှတ်သားနေတဲ့ အာရုံကလေးကို တစ်ခုနဲ့တစ်ခု ဆက်စပ်နေအောင် စေ့ဆော်ပေးနေတဲ့ စေတနာသင်္ခါရ၊ ဒီ စိတ်စေ့ဆော်မှုအပေါ် အားလုံး သိသိနေတဲ့ ဝိညာဏ်၊ ဒီအာရုံမှန်သမျှတွေကို သိပေးနေတဲ့ ဝိညာဏ်ပါ။ ဝိညာနက္ခန္ဓာမှာကော ယောက်ျား မိန်းမ ပါသလား။ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ ဘယ်မှာလဲ၊ မရှိဘူးနော်။ သိတာ ငါပဲ၊ ငါ သိတာပဲဆိုရင် သက္ကာယမှာ ဒိဋ္ဌိကပ်သွားပြီ။ အရိယာမျက်လုံး ပိတ်ပြီး၊ အရိယာမျက်စိ သာသနာအတွင်းမျက်စိ တပ်ကြည့်ပါ။ ဖောက်ပြန်နေတာ ရုပ်ဓာတ်သဘောလေးပါ။ ကောင်းမကောင်း ဆင်းရဲချမ်းသာတာ ခံစားနေတဲ့ နာမ်၊ ပေါ်လာတဲ့ အာရုံတွေကို

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှတ်သားနေတဲ့ သညာဟာလည်း နာမ်၊ ရုပ် ဝေဒနာ သညာ သင်္ခါရ တရားတို့ကို အကြောင်းခံ၍ သိတတ်တဲ့ နာမ်ဓာတ်။

ဒီခန္ဓာငါးပါးလုံးကို ကြည့်တတ်ပြီး ကြည့်ရင်း ပုဂ္ဂိုလ် သတ္တဝါ ရှာမတွေ့ဘဲ အော်– ဖောက်ပြန်နေတဲ့ ရုပ်တရားနှင့် ခံစား မှတ်သား ပြုပြင် သိမှုဆိုတဲ့ နာမ်တရားပါလား။ အကျဉ်း ချုပ်ကတော့ ရုပ်ဓာတ်သဘောနှင့် နာမ်ဓာတ်သဘော နှစ်ခုပါ လားလို့သိရင် ယောဂီဟာ ရုပ်မှာလည်း စွဲစရာမရှိ၊ နာမ်မှာလည်း စွဲစရာမရှိဘဲ သဘာဝအမှန်တရားကို တွေ့လာမယ်။ အပ္ပမာဒ ဆိုတဲ့ သတိနဲ့ ဉာဏ်ကို တွဲကြည့်သော ယောဂီမှာ ဘာတွေမြင် သလဲဟု မေးရင် ခန္ဓာငါးပါး ရုပ်နှင့် နာမ်ကိုသာ မြင်ပါသည်ဟု အဖြေထွက်လာပါမည်။

## ဒီ ရုပ်နာမ်ကို ဘယ်လို မြင်ရဦးမှာလဲ

ကမ္မဋ္ဌာန်းခွင် လုပ်ငန်းဝင်တဲ့ ယောဂီဟာ မိမိခန္ဓာငါးပါး ရုပ်နာမ်တရားတို့အပေါ်မှာ နာမရူပပရိစ္ဆေဒဖြင့် မြင်လာတော့ ဘယ်အာရုံပဲပေါ်ပေါ် နာမ်တရားတွေပါလား၊ မြင်စိတ်ပေါ်လာ ရင် မြင်တာရုပ်၊ သိနေတာနာမ်၊ ကြားစိတ်တစ်ခု ပေါ်လာရင် ကြားနေတာရုပ်၊ သိနေတာနာမ်၊ နံတာကလည်း ထို့အတူပဲ၊ နံတာရုပ်၊ သိနေတာနာမ်၊ စားတာက ရုပ်၊ သိနေတာက နာမ် စသည် စသည်ဖြင့် အာရုံ ၆ ပါးကိုဖြစ်စေ၊ အာယတန ၁၂ပါး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုဖြစ်စေ၊ ဓာတ် ၁၈ ပါးကိုဖြစ်စေ အားလုံးခန္ဓာမှာ ပေါ်လာတာ မှန်သမျှ ရုပ်ဓာတ်တွေဖြစ်ပြီး ပေါ်လာတဲ့ အာရုံတွေကို သိနေတဲ့ နာမ်ဓာတ်အတွင်း အာရုံ ၆ ပါး ကြည့်ပြန်တော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတဲ့ ၅ ပါးက ဖောက်ပြန်တတ်သော ကြောင့် ရုပ်၊ အာရုံကို ကြံစည်တွေးတောတတ်သောကြောင့် နာမ်၊ ဘာတွေပေါ်ပေါ် ပေါ်လာသမျှ အာရုံနိမိတ်တွေက ရုပ်၊ ဒီပေါ် လာတာတွေကို စိတ်ကလေး သိနေတယ်၊ ဒီသိမှုက နာမ်၊ အားလုံး အကျဉ်းချုပ်ရင် ခန္ဓာသည် ရုပ်နှင့် နာမ်မှတစ်ပါး ဘာတစ်ခုမှ မရှိဘူးဆိုတာ ပြတ်ပြတ်သားသား တွေ့ပြီဆိုရင် ထပ်ဆင့် ဝိပဿနာထင်အောင် ကြည့်ပါ။ ဒီဖောက်ပြန်နေတာ သိနေတာ ပေါ်နေတာ သိနေတာ တခြားစီ တွေ့လိမ့်မယ်။ မြင်တာကတခြား သိနေတာတခြား၊ ကြားတာကတခြား သိနေ တာ တခြား၊ နံတာတခြား သိတာ တခြား၊ စားတာ သိတာ ယားယံတာ နာကျင်တာ၊ ကိုက်တာ ထုံတာက တခြား၊ သိနေ တာက တခြား၊ ကြံစည်တာက တခြား သိနေတာ တခြား၊ အကုန်လုံး တခြားစီ တခြားစီ တွေ့လာမယ်။ ခန္ဓာက တခြား သိတာက တခြား၊ ကြံစည်တာ တခြား သိနေတာ တခြား၊ အကုန်လုံး တခြားစီ တခြားစီ တွေ့လာမယ်။ ခန္ဓာက တခြား သိတာက တခြား၊ ရုပ်နာမ်တို့၏ တခြားစီကို မြင်ပြီး ဒီရုပ် နာမ်တို့သည် အလိုအလျောက် ရခြင်းမဟုတ်ဘဲ အဝိဇ္ဇာ သင်္ခါရ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြောင့် ရုပ်နာမ်ခန္ဓာ ရနေပါလား၊ သမုဒယကြောင့် ဒုက္ခ ဖြစ်နေရပါလား၊ မျက်စိနှင့် အဆင်းတိုက်ဆိုင်ခြင်းအကြောင်း ကြောင့် မြင်သိစိတ်အကျိုး ဖြစ်ရပါကလားဟုဖြစ်လာရင် ဒါပစ္စယ ပရိဂ္ဂဟဉာဏ်ထင်ပြီ။

နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ် ရုပ်နာမ် တို့၏ အကြောင်းအကျိုး ဆက်စပ်မှုကိုသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးသာ ရှိနေမယ်ဆိုရင်—

ဣမိနပနဉာဏေန သမန္နာဂတော ဗုဒ္ဓသာသနေလဒ္ဓဿာ သော လဒ္ဓပရိဋ္ဌော နိယတဂတိကောစူဠသောတာပန္နော နာမ ဟောတိ (ဝိသုဒ္ဓိမဂ်)၊ မိမိရဲ့ ဉာဏ်စွမ်းအားသတ္တိဟာ အခြေခံ ဉာဏ်နှစ်ပါး ကိန်းသွားပြီဆိုရင် စူဠသောတာပန်နေရာသို့ တက် သွားပြီ၊ ကလျာဏပုထုဇဉ်နယ်မှ စူဠသောတာပန်ဖြစ်ရင် မဟာ သောတာပန်ဖြစ်ဖို့ နီးကပ်သွားပြီပေါ့။ ဒီအသိစွမ်းအားရှိလာတဲ့ ယောဂီဟာ ရုပ်နာမ်ကို ဝိပဿနာထိုက်အောင် ကြည့်ရတော့ မယ်။ ကြည့်ရမှာကတော့ ဘုရားရှင်က ကြည့်ဖို့ကို ဒီလိုမိန့် တယ်။

## “ရူပံ ဘိက္ခဝေ အနိစ္စတော ပဿနာတိ”

ချစ်သားတို့၊ ဖောက်ပြန်နေတဲ့ ရုပ်တရားအပေါ်မှာ မမြဲတဲ့ သဘောကို မြင်ပါစေတဲ့၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘိက္ခဝေ အနိစ္စတော ဒုက္ခတော အနတ္တတော ယထာဘူတံ ပဇာနာတိ။

ချစ်သားတို့ သင်တို့ခန္ဓာမှာ ဖောက်ပြန်သော ရုပ်တရားတို့ အပေါ်မှာ ခံစားနေတဲ့ ဝေဒနာ၊ မှတ်သားနေရတဲ့ သညာ၊ ပြုပြင် စေ့ဆော်ပေးနေတဲ့ စေတနာ၊ သင်္ခါရအာရုံကို သိမှု ဝိညာဏ်တို့၏ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောတွေကို သဘာဝအတိုင်း ဟုတ်တိုင်းမှန်စွာ မြင်အောင်ကြည့်ကြ၊ တွေ့ အောင်ကြည့်ကြလို့ မိန့်တယ်။

ယနေ့ တရားအားထုတ်နေကြတဲ့ တို့ယောဂီများရဲ့ ဉာဏ် မှာ ထင်ထင်ရှားရှား ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားတွေ့ ဖို့က အရေးကြီးပါတယ်။ တရားက မခက်ဘူးနော်။ ဘာကြောင့် တရားက ခက်သလဲ။ သဒ္ဓါတရား ဆုတ်ယုတ်နေလို့ တရားက ခက်နေတာ၊ သဒ္ဓါတရားကို ဗိုလ်ဖြစ်အောင် ကြိုးစားလိုက်မယ် ဆိုရင် အနည်းငယ်သော အချိန်ကလေးအတွင်းမှာ တွေ့ကြမှာ ပါ။

အဆင်တဘ်လျှင် မဆန်းပဲနဲ့ လှတယ်။
အသင်တတ်လျှင် မပင်ပန်းပဲနဲ့ ရတယ်။

တရားကျင့်မှတ်စရာ နည်းတွေ ဘယ်လောက်ပြနေကြပေ မယ့် အမှန်က အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တွေကို သိဖို့ မြင်ဖို့သာ ပဓာနပါ။ ကဲ- ကြည့်ကြစို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခန္ဓာကြီးတည်းဟူသော မြေပေါ်မှာ သဒ္ဓါတည်းဟူသော မျိုးစေ့ကို စိုက်ပြီး သတိ ပညာတည်းဟူသော တွေးချိန်ဆပြီး လောင်းဖန်များလာခဲ့ရင် ဝိပဿနာတည်းဟူသော အပင်ပေါက်ပြီး မဂ်ဖိုလ်အသီးကို အားပါးတရ စားသုံးရမှာပါ။ သဒ္ဓါ စေတနာကို ရှေ့ထားပြီး သတိဆိုသောစွမ်းအားကို ဉာဏ်နဲ့တွဲပြီး ကြည့်ပါ။

ပင်ကိုခန္ဓာက ဖောက်ပြန်တတ်တာကြောင့် နည်းနည်းကလေး ထိုင်လိုက်တယ်ဆိုရင်ပဲ ဟိုအနားကတစ်မျိုး၊ ဒီအနာကတစ်ဖုံ၊ အမျိုးစုံ ဗွီဒီယိုထဲမှာ စက်ခလုတ်ကို နှိပ်လိုက်တာနဲ့ ပုံစံမျိုးစုံ ပေါ်နေသလိုနော်၊ ဖီးလာပြီး ခလုတ်နှိပ်မှလာတာနော်။ ဒီခန္ဓာမှာလည်း သတိခလုတ်နှိပ်ပြီး လေကလေးကို မှန်မှန်ရှူပြီးတော့ ကြည့်နေတော့ ပေါ်လာတဲ့ အာရုံတွေဟာ သူ့သဘောသူ ပေါ်လာနေပြီး သူ့သဘောသူ ချုပ်ပျောက်သွားနေတာကို ဉာဏ်မျက်စိမှာ ထင်ရှားစွာတွေ့နေရမယ်။ ခန္ဓာရဲ့ ဖောက်ပြန်ပြောင်းလဲနေတာတွေကို တွေ့တယ်။ ထပ်ဆင့်ထပ်ဆင့် လေကို မြန်မြန်မရှူနဲ့၊ မနှေးစေနဲ့။ ခပ်မှန်မှန် ရှူပြီး စိတ်ကိုလျှော့ပါ။ ခန္ဓာကို တင်းကြပ်ပြီးမထားနဲ့။ စိတ်ဟာ အမြဲတမ်း ချမ်းသာပြီး ဒီခန္ဓာ၏ ထင်ရှားစွာ ပေါ်နေတဲ့ အပေါ်ခန္ဓာကိုယ်ကို သတိနဲ့ ဉာဏ်တွဲပြီး ကြည့်ရင် ဒီပေါ်မှုသဘောကလေးဟာ တည်တံ့ခိုင်မြဲခြင်းမရှိဘဲ တဖျတ်ဖျတ် ဖြစ်ပြီး ပျက်စီးနေတဲ့ အနိစ္စဘက်ကို တွေ့လာမယ်။ ကြည့်နေရတော့ ခံစားမှုက ကာယိက ဒုက္ခဝေဒနာဆိုတော့

ဆင်းရဲမှုကို တွေ့ပြီး အမြဲမပြတ် ဖြစ်ပျက်နေတဲ့ ဒုက္ခဓာတ်ကို တွေ့လာမယ်။ တစ်ဖန် ဒီအမြဲမပြတ် ဖြစ်ပျက်နေတဲ့ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ ဒုက္ခတွေဟာ ကိုယ်ကပေါ်စေချင်လို့ ပေါ်လာတာမဟုတ်။ သူ့သဘောအတိုင်း ဖြစ်ပေါ်နေပြီး သူ့သဘာဝ အတိုင်း ပျောက်ပျောက်သွားနေတာတွေ၊ မပေါ်ပါစေနဲ့လို့လည်း တားမရ။ ပေါ်ပါစေလို့လည်း ဆုတောင်းလို့ဖြစ်လာတာလည်း မဟုတ်။ သူ့ကိစ္စသူ ဖြစ်ပြီး ပျက်နေတာကို မြင်ပြန်တော့ ဘာ တစ်ခုမှ အစိုးရစရာ အတ္တမရှိဘဲ မမျှော်လင့်တဲ့နေရာ ပေါ်လိုက်၊ ပျောက်ပျောက်နေလိုက်နဲ့ ကြည့်နေရ၊ မြင်နေရတာကို လူပြော သူပြော မဟုတ်ဘဲ မိမိကိုယ်တိုင် လက်တွေ့ဉာဏ်မှာ ထင်ထင် ရှားရှား ကွင်းကွင်းကွက်ကွက် မြင်ဖန်များလာတော့ တစ်ချိန်က အထင်မှား အမြင်မှားတွေဟာ အလိုလိုပျောက်လာပြီး ယထာ ဘူတဉာဏ်လမ်းပေါ်သို့ ရောက်လာတယ်။

သူတစ်ပါးက ပြောပြလို့တော့ မဟုတ်ဘူးနော်။ ကိုယ်တိုင် ကိုယ်ကျ မြင်တွေ့ရလို့ သဘောကျလာတယ်။ ကျေနပ်စရာဖြစ် လာတယ်။ တစ်ခါတစ်ရံ သမာဓိအားကြောင့် ကမ္မဋ္ဌာန်းနိမိတ် တွေကို မြင်တတ်တယ်။ ဘုရားဆင်းတု စေတီ အရိုးစု အသေ ကောင် အရောင်အလင်းတို့ အလွန်သဘောကျစရာ စိတ်တွေ၊ တစ်ခါမှ မတွေ့ဘူးတဲ့ အာရုံတွေ၊ သာယာစရာတွေ၊ ဝမ်းသာ စရာတွေကြောင့် တစ်ယောက်တည်းရယ်နေတတ်တယ်။ ဝမ်းနည်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စရာ ဟာတာတာ အပျက်တွေကို မြင်ဖန်များလို့လည်း ငိုမိတတ်တယ်။ ရှိုက်ကြီးတငင်ငင် တက်ပြီး ငိုနေတတ်တယ်။ ဒါတွေဟာ သမာဓိ တိုးတက်လာလို့ ဖြစ်တဲ့သဘော၊ မကြောက်နဲ့၊ မလန့်နဲ့၊ စိတ်ကူးမဝင်သွားစေနဲ့၊ ပြန်သတိထားလိုက်ပါ။ အမှတ်သတိ လွတ်သွားလို့ ဒီလိုဖြစ်တာ။ ကိုယ်ခန္ဓာ၏ အထင်ရှားဆုံးနေရာကို ပြန်သတိကပ်ပါ။ ဒါမှမဟုတ် မူလကမ္မဋ္ဌာန်းဖြစ်တဲ့ ဝင်လေ ထွက်လေ သို့မဟုတ် တစ်ခုခု မိမိမှတ်နေကျ အလေ့အကျင့်များတဲ့ မူလကမ္မဋ္ဌာန်းအာရုံအိမ်ဆီ သည်စိတ်ကို ပြန်ကောက်ပါ။

ခန္ဓာ၏ အထင်ရှားဆုံး နေရာမှာလည်း စက္ကန့်မလပ်မိနစ်မလပ် တဖျတ်ဖျတ် အစားထိုးပေါ်လိုက် ချုပ်ပျောက်လိုက်နဲ့ ခန္ဓာကြီးဟာ ထမင်းအိုးမှ မီးပူကြောင့် ရေပွက်တွေ ဆူပွက်နေတာကို ကြည့်နေသလို တဖြုတ်ဖြုတ် ပေါ်လိုက် ပျောက်လိုက်နဲ့ ခန္ဓာမှာ မဖြစ်မပျက်တဲ့နေရာ ရှာမရဘဲ အပ်ဖျားတစ်ထောက်လောက်မှ တည်ငြိမ်မြဲတဲ့နေရာ၊ ချမ်းသာတဲ့နေရာမရှိပါလား ဆိုတာကို ယောဂီ ရှင်းရှင်းလင်းလင်း တွေ့နေမယ်။ တွေ့ဖန်များတော့ ဉာဏ်တွေ တိုးတက်ပြီးလာချိန်မှာ ယောဂီသည် ခန္ဓာကိုယ်၏ ဖောက်ပြန်မှု ရုပ်တရားနှင့် အာရုံပေါ်တိုင်း လိုက်ပြီး သိမှတ်နေရတဲ့ ဉာဏ်အပေါ်မှာ အနတ္တတရားတွေကိုပဲ တွေ့လာမယ်။ ရုပ်ကိုကြည့်လည်း အနတ္တ ဝေဒနာ သညာ သင်္ခါရ၊

ဝိညာဏ်အပေါ်ကြည့်လည်း အနတ္တဟာ အားလုံး တစ်ကိုယ်လုံး ခန္ဓာတွေဟာ ကိုယ်ထင်သလို မဟုတ်တော့ပါလားလို့ ညာဏ်မှာ ထင်လာတယ်။

ဒါကို ဘုရားရှင်က ရူပံ ဘိက္ခဝေ အနတ္တာ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် အနတ္တာလို့ မိန့်တယ်။ ခန္ဓာငါးပါးဟာ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူးဟော့၊ သူ့သဘော သူဆောင်ပြနေတယ်။ ကြည့်ကြတဲ့။

ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံမာ အဟောသီတိ– ဟော့ – ခန္ဓာငြိမ်နေစမ်း၊ မဖောက်ပြန်နဲ့လို့ အမိန့်ပေးလို့လည်း မရဘူးကွာ။ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကလည်း မိမိစိတ်တိုင်းကျ ထားပေမယ့် မရဘူးဟော့လို့ ဘုရားရှင်က အနတ္တလက္ခဏသုတ်မှာ မိန့်ထားသည် မဟုတ်လား။ မြတ်စွာဘုရားက ခန္ဓာကဲမှာ အသက်ရှည်နေတဲ့ သဘောတွေကို ဟောပေးတာနော်၊ ဘုရားရှင်က မရှိတာကို ဟောခြင်းမဟုတ်၊ အရှိကို အရှိတိုင်းမြင်တတ်ဖို့ မိန့်တော်မူတာပါ။

တရားက တိုတိုလေးနော်၊ များများမဟုတ်ဘူး။ ယောဂီဟာ ဒီခန္ဓာ၏ အနတ္တညာဏ်တွေပဲ မြင်ဖန်များလာတော့ ညာဏ်စဉ်တွေက တိုးတက်ပြီး အဖော်ခန္ဓာ မလိုတော့ပြီ၊ နောက်ထပ်ခန္ဓာရလာမှာ ကြောက်လာတယ်။ သူနဲ့ ပေါင်းနေရတာ ဘီလူးတစ်ကောင်နဲ့ ပေါင်းနေရသလို တစ်နေ့နေ့မှာ သူဟာ အချိန်

မရွေး သတ်တော့မှာပါလားလို့ ဉာဏ်ထဲမှာ ထင်လာတယ်။ သူတစ်ပါးက ပြောရုံကြောင့် ငြီးငွေ့မှုမဟုတ်ဘဲ ကိုယ့်ဉာဏ်ဖြင့် မြင်ဖန်များလာသော ယောဂီအား ရုပ်ဝေဒနာ စသော ခန္ဓာ၏ အပေါ်မှာ ဘာတစ်ခုမျှ မြဲတာမရှိတော့ပါလား။ ဘာတစ်ခုမှ ခန္ဓာဟာ ချမ်းသာစရာ မရှိပါလား၊ ငါလည်းမဟုတ်ပါလား၊ ဒီခန္ဓာဟာ ငါ့ဥစ္စာမဟုတ်ပါလား။ ငါ့အလိုသို့ ဘာတစ်ခုမှ မလိုက်ပါလားလို့ မြင်လာခဲ့လေပြီ။ ဘုရားရှင်ကတော့ ပဥ္စဝဂ္ဂီ ငါးဦးကို "ဧတံ မမ ဧသော ဟမသ္မိ ဧသော မေ အတ္တာတိ"လို့ မေးလိုက်တယ်။ ချစ်သားတို့ သင်တို့သည် ဒီခန္ဓာကိုယ်ကို ဉာဏ်နဲ့ ကြည့်တိုင်း ကြည့်တိုင်း ငါကောဟုတ်ပါရဲ့လား၊ ငါပိုင်ဆိုင်တဲ့ ခန္ဓာကော ဟုတ်ပါရဲ့လား။ ငါ့အလိုကိုကော သူလိုက်ရဲ့လားလို့ မိန့်တော့ ရဟန်းတော်တွေက ခန္ဓာကိုယ်ကို သတိကပ်ပြီး ဉာဏ်ဖြင့် ဖြေကြတယ်။

"နောဟေတံ ဘန္တေ"တဲ့၊ မြတ်စွာဘုရား တပည့်တော်တို့သည် အရှင်ဘုရားဟောတဲ့ တရားကို နားက တရားနာ ခန္ဓာကိုယ် ဉာဏ်နဲ့ကြည့်တော့ ဒီခန္ဓာငါးပါးလုံးသည် ငါလည်း မဟုတ်ပါဘုရား၊ ငါပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာခန္ဓာ မဟုတ်ပါဘုရား။ မိမိအလိုကိုလည်း ဘာတစ်ခုမှ လိုက်လျောမပေးပါဘုရားလို့ "နေတံ မမ နေသော ဟမသ္မိ နမေသော အတ္တာတိ"လို့ ဖြေခဲ့သည် မဟုတ်လား။ တို့ခန္ဓာမှာလည်း သတိကပ်ပြီး ဉာဏ်မျက်စိ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖွင့်ပြီးကြည့်တိုင်းမှာ ငါအထင်ပျောက်ပြီးတော့ ဉာဏ်အမြင် ရောက်လာတယ်။ အမှောင်ပျောက်တော့ အလင်းရောက်တယ်။ ထပ်ဆင့် ထပ်ဆင့်ကြည့်ပါ။ အာရုံ ဒွါရ တိုက်ဆိုင်တိုင်း မည် သည့် သဘောလေးပေါ်ပေါ် ဖြစ်ပေါ်တိုင်း သိလာလို့ မဖြစ်တော့ ဘူး ထင်တဲ့ ဉစ္ဆေဒဒိဋ္ဌိ ခံလာတယ်။ ဖြစ်ပေါ်ပြီး ပျက်သွားတာ ကို မြင်ပြန်တော့ ယောဂီဟာ အမြဲတမ်း တည်တံ့ခိုင်မြဲခြင်းမရှိတာ သိလာတော့ အားလုံး ခန္ဓာတွေဟာ ပျက်စီးနေကြပါလားလို့ တွေ့လာရင် သဿတဒိဋ္ဌိ စင်လာတယ်။ ဩော်–ခန္ဓာမှာ ဖြစ် သမျှ ပျက်ကြရတာပဲ၊ မွေးလာရင် သေကြရတာပဲ၊ ရုပ်လောက နာမ်လောက သက်ရှိသက်မဲ့ မြင်ရသမျှ ကြားရသမျှ အရာဝတ္ထုတို့ သည် စက္ကန့်မလပ် မိနစ်မလပ် တဖျတ်ဖျတ်ဖြစ်ပြီး တဖျတ်ဖျတ် ပျက်နေတာကို မြင်ပြန်တော့ ယောဂီ အယူမှားတွေ အားလုံး ပျောက်ဆုံးလို့ သက္ကာယဒိဋ္ဌိကို အသိဉာဏ်နဲ့ပယ်၊ အပွားဉာဏ်နဲ့ ပယ်ပြီး မှတ်ရင်း မှတ်ရင်း ဉာဏ်အမြင်ရှင်းပြီးတော့ ခန္ဓာအပေါ် တပ်မက်စရာကင်းပြီး ဝိမုတ္တိဆိုတဲ့ မဂ်ဖိုလ်အာရုံနီးပြီ။ ဖြတ်ဆို စိတ်ရော အာရုံရော ချုပ်ပျောက်ပြီး အသင်္ခတဓာတ်ကို ဉာဏ် ဦးလှည့်ကာ အပါယ်တံခါးပိတ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုပြီး သောတာပန်ဘဝကို ရောက်သွားရတာပါပဲ။

**အားလုံး တရားထူးတွေ့ပါစေ။**

# ၉။ ယောဂီများအတွက် ကျင့်သုံးဖွယ်ရာ ဝိပဿနာအခြေခံ

တရားအားထုတ်တော့မည့် ယောဂီပုဂ္ဂိုလ်သည် ထိုင်ပြီး တရားအားထုတ်တော့မယ်ဆိုတော့ မိမိခန္ဓာကိုယ်ကို ဖြောင့်အောင် ထားပြီးတော့ ထိုင်တတ်သလို ထိုင်လိုက်ပါ။ ယောကျ်ားထိုင်သည် ဖြစ်စေ၊ မိန်းမထိုင်သည်ပြစ်စေ ထိုင်ပြီး ခေါင်းကို တည့်တည့် မတ်မတ်ထားပြီး လက်ဝဲဘက်လက်ကို အောက်ကချပြီး လက် ကလေးကို ဖြန့်ထားလိုက်၊ လက်ယာဘက်လက်ကို လက်ဝဲဘက် လက်ပေါ်သို့ ဖြန့်တင်ထားလိုက်ပြီး လက်မချင်း နှစ်ခုကို ထိထား ကာ တစ်သံသရာလုံးက လွှတ်ထားလာခဲ့တဲ့ မိမိစိတ်ကလေးကို နှာခေါင်းဝမှာ ထားပြီး ရှူရှိုက်နေတဲ့ ဝင်လေ ထွက်လေမှာ စိတ်ကို ကပ်ထားကာ ရှူထုတ်လိုက်တဲ့ လေကိုလည်း သိ၊ ရှူ သွင်းလိုက်တဲ့ လေကိုလည်း အသိကပ်ပြီး ခဏိက–သမာဓိ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်အောင် ငါးမိနစ် ဆယ်မိနစ်ခန့်လောက် မှတ်ပေးလိုက်တော့ စိတ်ကလေးဟာ ငြိမ်လာခြင်းကို တွေ့ရလိမ့်မည်။ ပြီးတော့ ဉာဏ်ဖြင့် ဒီရှုရှိုက်နေတဲ့ ဝါယောဓာတ် ရုပ်တရား၊ ရှုရှိုက်နေတာကို သိနေတဲ့ နာမ်တရား ဟူ၍ ပိုင်းခြားစွာ ရုပ်နာမ်ကို သိလာပါလိမ့်မည်။ ဒီလိုသိလာတော့ ပညတ်တားတဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အသက်ဇီဝ လိပ်ပြာဆိုတဲ့ အခေါ်ခံပညတ် ပျောက်ပြီးတော့ ဝင်လေ ထွက်လေဆိုတဲ့ ဖောက်ပြန်မှု ရုပ်တရားနှင့် ဖောက်ပြန်နေတဲ့ ဝင်လေ ထွက်လေ စသော အမူအရာသဘောကို သိနေတဲ့ အသိစိတ် နာမ်တရား ဒီနှစ်ခုသည် ပရမတ်ဓမ္မများသာ ရှိပါလားဟု အမှတ်အတိုင်း သိမြင်လာပါလိမ့်မည်။

## ရုပ်နာမ်ဓမ္မ ထူးခြားကြ

ရုပ်နာမ်ဓမ္မတို့ရဲ့ ဖောက်ပြန်မှုတွေကို မြင်ဖန်များလာတော့ ရှုသွင်းခြင်း ဝင်လေဟာ ဖြစ်ပေါ်လာပြီး ခပ်နှေးနှေးဖြင့် ချုပ်ပျောက်သွားတာကို မြင်လာမည်။ ဝင်လေဖြစ်ပြီး ကြည့်နေရင်း ပျက်သွားတာတွေ၊ ထွက်လေကလေးဟာလည်း ကြည့်နေရင်း ဖြစ်ပြီး ပျက်နေမှုတွေ၊ ဝင်လေ ထွက်လေဟာ သူ့သဘောသူ ဖြစ်ပေါ်လာပြီး သူ့သဘောသူ ပျက်နေတာကို မှတ်ဖန်များလေ မြင်လာလေပဲ။

ဒီလို ရှုရှိုက်နေတဲ့ ဝင်လေ ထွက်လေတို့၏ အဖြစ်အပျက်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကို မြင်နေရင်း ခန္ဓာကိုယ်တစ်နေရာရာက ဖောက်ပြန်မှု ထူးထူး ခြားခြား ပေါ်လာတော့ ပေါ်နေတဲ့ နေရာကလေးကို ဉာဏ်လှည့် ပြီး စူးစူးစိုက်စိုက် ကြည့်နေတော့ ခံစားနေရတဲ့ ဝေဒနာသဘော ကို ကြောင့်ကြစိုက် ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း အိုးကင်း ထဲမှ နှမ်းများပေါက်ဘိသကဲ့သို့ တဖြုတ်ဖြုတ် ဖြစ်ပျက်နေတာ တွေကို ထူးခြားစွာ ဉာဏ်ဖြင့် မြင်လာပါလိမ့်မည်။

မှန်တာပေါ့၊ ယောဂီ သတိထား၊ ဝီရိယစိုက်၊ ပညာနှင့် ရှုမှတ်လေလေ ရုပ်နာမ်ဓမ္မတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းသဘောတွေ ထင်ရှားလေလေပေါ့။ ထင်ရှားနေခြင်း တစ်ခါတစ်ရံ မျက်စိအာရုံ မှာ အလင်းရောင်တွေ ပုံသဏ္ဌာန်နိမိတ်တွေ ရုပ်ထု ဆင်းထု ရဟန္တာပုံများ စေတီပုထိုးများ ပိုးစုန်းကြူးများကဲ့သို့ အဝေးမှ အဆင်းအမျိုးမျိုးများ အသုဘကောင်များ စသော ထူးထွေစွာ မြင်ရင်လည်း ဒီ မြင်သိစိတ်ကလေးကို သတိမဂ္ဂင်ဖြင့် ကြောင့်ကြ စိုက်ပြီး ရှုမှတ်လိုက်တော့ ဒီသဘောတွေဟာ သူ့သဘောသူ ဖြစ်ပြီး ပျက်စီးနေတာတွေကို ကိုယ်တိုင်မြင်ရပါလိမ့်မည်။

သိပ်မှန်တာပေါ့။ ခန္ဓာပေါ်တက်တဲ့ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ယားမှု နာမှု ကောင်းမှု စိတ်တောင့်တင်းမှု မာကြောခက်ထန် ကြမ်းတမ်းမှုတွေရော စိတ်ကူးကြံစည် စိတ်ကူး မှုတွေရော ပေါ်တိုင်း ပေါ်တိုင်း အာရုံများကို ထင်ရှားအောင် စောင့်ရှုပေးရပါမည်။ ကြောင့်ကြစိုက်ပြီး ရှုမှတ်ဖန်များလာလေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ ခန္ဓာသဘောဟာ အကောင်အထည် ဒြပ်သဏ္ဌာန် ပုံဟန် နိမိတ်တွေပျောက်ပြီး ဖောက်ပြန်မှုသဘောနှင့် သိမှုသဘောတို့ကို မြင်တွေ့တော့ သုံးဆယ့်ငါးပိဿာ လေးဆယ် အလေးချိန်ရှိတဲ့ ခန္ဓာပျောက်ပြီး ရှာမတွေ့တဲ့ ရုပ်ဓာတ်သဘော နာမ်ဓာတ်သဘော မျှကိုသာ ထင်ရှားစွာ မြင်တွေ့ပြီး ဖြစ်ပျက်နေတဲ့ ဓာတ်သဘော ဒုက္ခသစ္စာကို ဉာတပရိညာဖြင့် သိမြင်ကာ ငါတည်းဟူသော သက္ကာယဒိဋ္ဌိပြုတ်ပြီး မမြဲတာတွေ ဆင်းရဲနေတာတွေ ဘာတစ်ခုမျှ မပိုင်ဆိုင်တာတွေကို ထင်ရှားစွာ မြင်တွေ့ရပါလိမ့်မည်။

ဒီ လက္ခဏာယာဉ်သုံးပါးကို တစ်ခုခုမြင်ရင် ဖြစ်ပျက်မြင်တာပဲ၊ ဖြစ်ပျက်ကိုမြင်နေရင် အနိစ္စ ဒုက္ခ အနတ္တကို မြင်နေတာပဲ၊ တစ်ခုမြင်ရင် ယထာဘူတဉာဏ်ဖြစ်ပြီး နိဗ္ဗိန္ဒဉာဏ်ဆိုတဲ့ ငြီးငွေ့လာကာ မဂ်ဉာဏ်ဆိုတဲ့ ဖြစ်ပျက်တွေဆုံးတဲ့ နိဗ္ဗာန်ကို ရရှိမှာ သေချာပါတယ်။

ဒီတရားမှတစ်ပါး အားကိုးရာမရှိခြင်းကို အပြောမဟုတ်ဘဲ ကိုယ်တိုင်မြင်တွေ့လာရင် အားကိုးရာမှန်သွားတာ၊ အားထားရာမှန်ခဲ့ပါပြီ။ ဤတရားများသည် ထိုင်ပြီးမှတ်ခြင်း၏ အကျဉ်းမျှသာတည်း။

ယောဂီသည် ဣရိယာပုထ်ကို ဖြုတ်ပြီး ရပ်ပြီးမှတ်တဲ့အခါ မိမိခြေထောက်၏ ဆန့်မှု ကွေးမှု လက်အမူအရာ စသော ခန္ဓာကိုယ်အမူအရာ တစ်ခုခု ပြုလုပ်တိုင်းမှာ မှတ်စိတ်နှင့် အာရုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထင်တိုင်း ဆန့်မှု ကွေးမှု လှုပ်ရှားမှုတွေဟာ တဖြုတ်ဖြုတ် ဖြစ်ပျက်နေမှုတွေကို မြင်အောင် ရှုမှတ်ပေးပါ။ ထပ်တလဲလဲ ကြောင့်ကြစိုက်ပြီး လူမမာနှင့်တူစွာ ကျင့်ပြုသင့် ကိုယ်အမူအရာ ဆိုသည့်အတိုင်း သတိအထူးပြုထား ရှုမှတ်ရပါမည်။ ရပ်တဲ့အခါ ခန္ဓာဟာ တဖြည်းဖြည်း အပေါ်သို့ ကြွတက်လာပြီးဖြစ်နေချိန် မှာလည်း ခန္ဓာကိုယ်၏ အမူအရာတွေဟာ ဖြစ်ပျက်နေမှုတို့ ကြောင့်ကြစိုက်ကြည့်လေ မြင်လေလေပဲ။

ဖြောင့်မတ်စွာ ရပ်မိပြီဆိုတော့ လက်ကို နောက်သို့ ယှက် ၍လည်းကောင်း၊ ရှေ့သို့ယှက်၍လည်းကောင်း ထားကာ ထိုင်မှတ် တုန်းကလို ဝင်လေ ထွက်လေတို့၏ အဖြစ်အပျက်ကို ထင်ရှား သထက်မက ထင်ရှားအောင် စောင့်ကြည့်ပေးပါ။ စူးစိုက်မှတ် ပေးပါ။ ခဏခဏဆိုသလို ယိမ်းယိုင်တဲ့ သဘောကလေးတွေ ပေါ်လာမယ်။ ပေါ်လာရင်တော့ ပထမ ယိမ်းလိုက် ပျောက်လိုက်၊ ယိမ်းလိုက် ပျောက်လိုက်နှင့် တရိပ်ရိပ် ယိမ်းယိုင်လှုပ်ရှားနေတဲ့ သဘောလေးတွေဟာ သူ့သဘောသူ ပျက်နေခြင်းကို မြင်အောင် စိုက်ရှုပေးပါ။ သတိထား ဝီရိယစိုက်၊ ပညာနှင့် ထပ်ခါထပ်ခါ ကြည့်လေ သိမ်မွေ့နက်နဲမှုတွေကို သိလာလေတော့မည်။ သိရှိ ဖို့အတွက် စရဏကျင့်မှုတွေ များလေလေ ထူးထူးခြားခြား တွေ့ လာလေပေါ့။ ဒါကြောင့် သိမှုဖြင့်ကျင့်၊ ကျင့်ရင်း သိလာတော့မှ ရရှိလေ ဒီဘဝဟာ တန်ဖိုးကြီးမားသောဘဝဖြစ်အောင် သာသနာ တွင်းတရားကို ရအောင် ကြိုးစားပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## စင်္ကြံလျှောက်မှတ် တရားမြွတ်

စင်္ကြံလျှောက်မှတ်မယ့် ယောဂီသည် လမ်းလျှောက် မှတ်တော့မည်ဆိုတော့ ပထမ ခြေစုံရပ်ပြီးထားပါ။ ပြီးတော့ မိမိစိတ်ဟာ ရှေ့သို့ လှမ်းလိုစိတ် ဖြစ်လာပါလိမ့်မည်။ ပေါ်လာသည်နှင့် အမျှ ခြေဟာ ကြွတက်လာမှုဖြစ်လာပြီး တရိပ်ရိပ် ကြွတက်လာတာလေးဟာ တဖြည်းဖြည်းနှင့် အောက်ကိုချတဲ့ အမူအရာဆီသို့ တစ်ခုပြီးတစ်ခု တရိပ်ရိပ် အဟောင်းတွေကျန်ပြီး အသစ်ရောက်လိုက်၊ ချုပ်လိုက်နှင့်၊ ပေါ်လိုက် ချုပ်လိုက်နှင့် ခြေလှမ်းမှု အမူအရာဟာ မိမိဉာဏ်မှာ ထင်ရှားစွာ တွေ့လာမည်။ ဒါနဲ့ ယောဂီဟာ ကြွမှု ချမှု ဒီနှစ်ခုကို သေချာစွာ သဘောပိုင်ပြီဆိုတော့ နောက်ခပ်ဖြည်းဖြည်းလေး သတိနှင့် ထိမ်းပြီးတော့ ကြွတယ်ဆိုတဲ့ ခန္ဓာအမူအရာ၊ လှမ်းနေတဲ့ အမူအရာ၊ အောက်သို့ချနေတဲ့ အမူအရာ၊ ခြေဖျားနှင့် မြေနှင့် ခြေနှင့် ထိမှု အမူအရာကလေးတွေမှာ စူးစူးစိုက်စိုက် စောင့်ကြည့် မှတ်လေလေ ကြွလာတဲ့ ကိုယ်အမူအရာတွေဟာ ပေါ်တိုင်းပေါ်တိုင်း တဖြုတ်ဖြုတ် တစ်ခုချင်း တစ်ခုချင်း ကြွစ ကြွလယ် ကြွဆုံးတို့၏ ဖြစ်ပျက်မှုသဘောကလေးတွေကို အထူးမြင်လာအောင် ရှုပါ။ လှမ်းတဲ့အခါလည်း လှမ်းစ၊ လှမ်းလယ်၊ လှမ်းဆုံးတို့၏ တရိပ်ရိပ် ဖြစ်ပျက်နေတဲ့သဘော ခြေကလေးဟာ တဖြည်းဖြည်း အောက်ကို ချမှု ချစ ချလယ် ချဆုံး၊ အစ အလယ် အဆုံး စသော

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သဘောကို စိုက်ရှုမှတ်ပါ။ ခြေနှင့် မြေကြီးနှင့် ထိတဲ့အခါလည်း ထိစ ထိလယ် ထိဆုံး ထိတဲ့အခါ သိနေဆဲ သဘောတွေဟာ တဖြုတ်ဖြုတ် ပေါ်ချုပ် ပေါ်ချုပ်နေတယ်။ တစ်နည်း ဖြစ်ပျက်နေတယ်။ ဒီခန္ဓာကိုယ်ကြီးရဲ့ ဖောက်ပြန်လှုပ်ရှားနေတဲ့ အမူအရာ သဘောတွေ ခံစားနေရတဲ့ ဝေဒနာဖြစ်ပျက်သဘောတွေကို သတိထား ဝီရိယစိုက် ပညာဉာဏ်ဖြင့် အထူးမှတ်ပေးရပါမည်။ ယောဂီဟာ သုံးဆယ့်ငါးပိဿာ လေးဆယ်လောက်လေးတဲ့ အလေးချိန် ခန္ဓာကိုယ်ကို မမြင်စေဘဲ ရုပ်နာမ်ဓမ္မတို့၏ သဘောမျှကို မြင်အောင် ရှုမှတ်ပါ။ ဒီကိုယ်ကြီးကို အပြောခန္ဓာကိုယ် မမြင်ပါနှင့်၊ သဘောခန္ဓာကိုယ် မြင်အောင်စိုက်ရှုပါ။ သဘောပိုင်အောင်ရှုပါ။ တဖြုတ်ဖြုတ် ဖြစ်ပျက်နေခြင်းကို (ဝါ) မမြဲမှုတွေ ဆင်းရဲမှုတွေ မိမိသဘောအတိုင်း ဖြစ်ပျက်နေတဲ့ ခန္ဓာ ဒုက္ခသစ္စာကို မြင်အောင် သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ ညီမျှစွာ သုံးသပ်ပေးပါ။ သဒ္ဓါတရားလည်း မလွန်ကဲရပါဘူး၊ ပညာကလည်း မလွန်ရဘူး၊ ဝီရိယနှင့် သမာဓိကလည်း ညီမျှရပါမည်။ တစ်ခုခုလိုနေရင် တရား မရပါ။ ပိုနေရင်လည်း တရား မရနိုင်ပါ။ ဒါကြောင့် လောမကြီးနှင့်။ ဗျာမများနှင့်။ ပုံမှန်ကြိုးစားမှ ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိယောသေစ္စာ နိဗ္ဗာန်ကို ယခုဘဝမှာပင် မဂ်ပေါက် ဖိုလ်ဝင်၍ လက်ရှိရရှိနိုင်ပါမည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## လျောင်းအိပ်ရှုစား မြတ်တရား

ယောဂီသည် မိမိအိပ်ရာနေရာ စောင် ခေါင်းအုံး စသော မိမိသုံးဆောင်မှု ပစ္စည်းများကို ပြုလုပ်တိုင်း အမူအရာတွေမှာ ဖြစ်မှု ပျက်မှု သဘောစုကို အထူးဂရုစိုက် မှတ်နိုင်ရင်တော့ အနည်းငယ်မှပင် တရားထူးရနိုင်ပါတယ်။ စကားပြောချင်တဲ့ နာမ်တရား၊ ပြောလိုက်တဲ့ ရုပ်တရား၊ ရေချိုးတဲ့ခါ ဝတ်ထားတဲ့ အဝတ်အစားကို ပြုလုပ်တိုင်း အမူအရာမှန်သမျှကို အထူးသတိထားပြီး စောင့်ရှောက်နိုင်လေ တရားထူးရလာလေပေါ့။ အိပ်တဲ့ အခါ ညာဘက်စောင်း၍သော်လည်းကောင်း၊ ပက်လက်လှန်၍ သော်လည်းကောင်း ဣရိယာပုတ်ကို ပြင်ပြီး ဝင်လေထွက်လေ တို့၏ အဖြစ်အပျက်တို့ကို စိုက်ရှုမှတ်နေရမှာ။ ကြံစည်စိတ်ကူး ပေါ်ရင်လဲ သတိကြီးကြီးထားပြီး ရှုမှတ်ကြရမှာပါပဲ။ အရေးကြီး တာကတော့ ရုပ်ကပဲ ထင်ရှား နာမ်ဆိုတဲ့ စိတ်က ထင်ရှားနေတဲ့ ဓမ္မအာရုံ မှန်သမျှကို မလွတ်တမ်း မှတ်နိုင်အောင် ကြိုးစားပါ။

## အကျဉ်းချုပ်ကာ ဖော်ပြရာ

တရားမှတ်၍ သမာဓိအင်အား ကောင်းလာတဲ့အခါ ကြက်သီးမွေးညင်းထခြင်း၊ တစ်နေရာရာက အသားတွေ ခဏ ခဏလှုပ်ခြင်း၊ ခန္ဓာကိုယ်ကို ငြီးငွေ့မှုဖြစ်ခြင်း၊ တရားမမှတ်ချင် စိတ်၊ ပျင်းရိစိတ် ခဏခဏဖြစ်ခြင်း၊ အိမ်ပြန်လိုစိတ် ခဏခဏ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပေါ်ခြင်း၊ စိတ်တွေပြန့်လွင့်နေခြင်း၊ စိတ်ကူးအာရုံများပြားခြင်း၊ အာရုံနှင့် ဒွါရ တိုက်ဆိုင်လို့ တရားမှတ်ကောင်းလို့ သိပ်ဝမ်းသာခြင်း၊ ခဏခဏ ငိုချင်စိတ်ပေါ်လာခြင်း၊ ရင်ထဲက တလှိုက်လှိုက်နှင့် ခံစားရခြင်း၊ ခဏခဏ မျက်ရည်ကျခြင်း၊ ဓာတ်မီးထွန်းပြသလို အလင်းရောင်ဖြစ်ခြင်း၊ ဝေဒနာပြင်းလွန်း၍ ခန္ဓာကိုယ်ကြီးမီးတောက်သကဲ့သို့ ဖြစ်ခြင်း၊ တုန်လှုပ်တတ်ခြင်း၊ လည်ပင်းဟာလည်နေသလို တွေ့ခြင်း၊ ရှေ့တိုးနောက်ငင် နောက်ကိုရှေ့ ပြောင်းပြန် ဖြစ်ဘိသကဲ့သို့ တွေ့ရခြင်း၊ ခန္ဓာကိုယ်ကြီး အပေါ်သို့ မြှောက်ကြွနေသလို လှိုင်းများစီးနေရသလို ပခက်စီးနေရသလို တအိအိတငြိမ့်ငြိမ့် တွေ့နေရခြင်း၊ ခန္ဓာကိုယ် ရှေ့တိုးနောက်လန် ဖြစ်နေခြင်း၊ ယိမ်းတိုက်ပြီး ဖြစ်ပေါ်နေခြင်း၊ တစ်ခါတစ်ရံ စိတ်ဟာအာရုံတစ်ခုတည်းမှာ တည်ငြိမ်နေတတ်ခြင်း၊ နှလုံးခုန်သံ ခဏခဏ ကြားရခြင်း၊ အပြင်ကလူတစ်ယောက် စကားပြောသံကြားရခြင်း၊ မထင်မှတ်တာတွေ ကြားရခြင်းကြောင့် အမှတ်ပျက်သွားခြင်း၊ အသုဘ အလောင်းကောင်တွေ မြင်ရခြင်း၊ အရိုးစုပုံကြီးတွေ့တတ်ခြင်း၊ အမျိုးမျိုးသော သဏ္ဌာန်နိမိတ်တွေ မြင်တတ်ခြင်း၊ တရားစာများ ရွတ်နေတတ်ခြင်း၊ ပြုလုပ်မည့် အမှုကိစ္စတွေအပေါ် ရောက်ပြီး ပျံ့လွင့်နေခြင်း၊ ဒေါသအာရုံတွေ ပေါ်နေတတ်ခြင်း၊ အထက်ပါ အာရုံတွေနဲ့ တွေ့ကြုံလာတတ်ပါတယ်။ အားလုံးတော့ မဟုတ်၊ တစ်ခုတစ်ခု ခဏခဏ ဖြစ်နေတတ်တော့ ပေါ်နေတဲ့ ဒီအာရုံသို့ ဉာဏ်ဖြင့် ကြောင့်ကြစိုက်ပြီး သတိနှင့် စောင့်ကြည့်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ ပေါ်နေတဲ့ အာရုံကလေးဟာ သူ့သဘောသူဖြစ်နေပြီး ပျက်နေတာကို မြင်တွေ့လာလိမ့်မည်။ စူးစူးစိုက်စိုက် မှတ်ပေးပါ၊ ထင်ရှားအောင် ရှုမှတ်ပေးပါ။

ဒီလို ခန္ဓာရဲ့ ရုပ်ဓာတ်သဘော နာမ်ဓာတ်သဘောတွေဟာ မမြဲလို့ ဒီလိုဖြစ်ပျက်နေတာ၊ ဆင်းရဲလို့ ဖြစ်ပျက်နေတာ၊ ကိုယ်ပိုင် မဟုတ်လို့ ဖြစ်ပျက်နေတာပဲ။ ဒီတရားတွေကို မြင်လာလေ မှတ်ကောင်းလေပဲ။ အမှတ်တွေ ထင်ရှားမှုတွေ ထူးခြားလာတာ တွေ ဒီခန္ဓာကို မလိုချင်မှု ငြီးငွေ့မှု နောင်ရမှာကို ကြောက်ရွံ့ တုန်လှုပ်မှုတွေ များလာတော့ ဖြစ်ပျက်တွေဆုံးသွားတဲ့ အငြိမ်း ဓာတ် နိဗ္ဗာန်ကို ချက်ချင်းမျက်မှောက်ပြုရမှာ သေချာပါမည်။

ဖြစ်ပျက်နေတဲ့ အနိစ္စ ဒုက္ခ အနတ္တ မရှိတဲ့ တရားထူး တရားမြတ်ကို ယခုအချိန်သည် တရားထူးကို ရနိုင်ခေတ် ဒီခေတ် ပါပဲ။ ဒါကြောင့် သူတော်ကောင်းတို့အနေနှင့် ရခဲတဲ့ သာသနာ၊ ဓမ္မ အဆုံးအမသာသနာ၊ ခန္ဓာမှာ တည်ရှိအောင် (ဝါ) အပါယ် တံခါးပိတ်တဲ့ တရားကိန်းအောင်း ကျင့်ကြံအားထုတ်ကြပါ။ သာသနာတွင်းတရားကို တွေ့အောင် ရှာကြပါ။ နှလုံးသွင်းကြပါ လို့ အသိပေးလိုက်ရပေသတည်း။

တိမ်လျက် နက်တယ်၊ ကျဉ်းလျက်ကျယ်၊ တကယ် ကျမ်း မှာရှိ။

လွယ်လျက် ခက်တယ်၊ သိနိုင်ဖွယ်၊ တကယ် ဆရာရှိ။

## ဝိပဿနာတရား အားထုတ်ရကျိုး

ညည်းညူမရှိ သတိမမေ့ ချိန်နေ့သိပြန်
မျက်လှန်ကြောဆွဲ မရှိဘဲနှင့် သေလည်းမတောင့်တင်း
ပုပ်နံ့ကင်းသည် ကျိုးရင်းဝိပဿနာ တန်ခိုးတည်း။

## အရှုံးဘဝ

ဒုက္ခ ဒုက္ခ နှုတ်ကဆိုတာ
ပြုပြုသမျှ လောကတွက်သာ
မိမိကိုယ်ကျိုး တစ်မတ်ဖိုးမပါ
လူဖြစ်ရ ရှုံးလှ ဘဝတာ။

## သစ္စာ မသိသူ

မသိတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊
စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊
ရရှိ၍သေသော် မသာပေါ်။

## သစ္စာ သိသူ

သိတော့ မလိုချင်၊ မလိုချင် မစွဲလမ်း၊
မစွဲလမ်းမလုပ်၊ မလုပ်တော့ ငြိမ်း၊
ခန္ဓာသိမ်း၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ကြွက်ဥပမာ ပုဂ္ဂိုလ်လေးမျိုး

၁။ ပရိယတ္တိအလုပ်သာရှိ ပဋိပတ္တိအလုပ်မရှိသူသည် တွင်းသာ တူး၍ မအောင်းသောကြွက်နှင့် တူ၏။

၂။ ပဋိပတ္တိသာလုပ်၍ ပရိယတ္တိအလုပ်မရှိသူသည် အောင်းသာ အောင်း၍ တွင်းမတူးသောကြွက်နှင့် တူ၏။

၃။ စာလည်းမသင် တရားလည်း အားမထုတ်သူသည် တူး လည်း မတူး၊ အောင်းလည်း မအောင်းသော ကြွက်နှင့် တူ၏။

၄။ စာလည်းသင် တရားလည်းအားထုတ်သောသူသည် တူး လည်းတူး၊ အောင်းလည်းအောင်းသော ကြွက်နှင့်တူ၏။

စာသင်နေ တရားသာဟောနေ၍ ကိုယ်တိုင် အားမထုတ် သူသည် နွားကျောင်းသားသာဖြစ်၍ နွားနို့ပိုင်ရှင် မဖြစ်သေးပါ။

## ကျင့်သုံးဖွယ်ရာ ဤ ၆ ဖြာ

အမှုမများ စကားသိမ်းဆည်း စောင့်စည်းဣန္ဒြေ အိပ်နေ နိုးကြား အစားမကြီး တစ်ယောက်တည်းနေ၍ ဤခြောက်ထွေ ကျင့်လေ ယောဂီမှာ။

ပရိယတ် ပဋိပတ် မနှံ့စပ် ငြင်းတတ်ကြလေသည်။
နှံ့စပ်သူမှာ ငြင်းစရာ ဘယ်မှာမရှိခြင်း။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ငါကွ ကမ္ဘာ့ချန်ပီယံ

ငါ့လောဘရယ်၊ ငါ့ဒေါသရယ်၊ ငါ့မောဟရယ်၊ ငါ့ဒိဋ္ဌိရယ်၊ ငါ့မာနရယ်၊ ငါ့ကိုပြန်ပြီး နှိပ်စက်တယ်။

## အချိန်မကုန်ပါစေနဲ့

ကိလေသာမီး ညီးညီးလောင်ပြီ
တွန်လှန်နိုင်ရေး အားမရှိပြီ
မီးကိုနိုင်ရေး ထွက်ပြေးကြံစည်
ချိန်ကုန်သွား အင်အားမရှိပြီ။

## ဉာဏ်လိုမြင်မှ

ခန္ဓာကိုယ်၌ ဉာဏ်စိုက်ကြည့်လျှင်
အိုးကင်းလော်သည့် နှမ်း၏အသွင်
တဖြောက်ဖြောက်နှင့် ပျက်ကြတွင်တွင်
ရုပ် နာမ်က အနိစ္စ သည်လိုပင်။

## ချမ်းသာလိုသော်

နိဗ္ဗာန်ခရီး အားသည်းဖွဲ့သန်
လှမ်းကြ တက်ကြ မရနိုင်ပြန်
ရှေ့သို့သာလှမ်း ကြိုးပန်းမှန်မှန်
ရောက်အောင်ခဲ မလွဲပြည်နိဗ္ဗာန်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန်
လုံ့လအားနဲ့ မခဲမသန်
စွမ်းအင်သတ္တိ မရှိလေပြန်
ရောက်လိုလည်း ရောက်ဘဲပြည်နိဗ္ဗာန်။

## အကြီးဆုံး သင့်ရန်သူ သုံးဦး

၁။ ပစ္စည်းခန္ဓာ တပ်စွဲတာ မှန်စွာ လောဘတည်း။ လောဘနှင့်သာ သေသူမှာ သေခါ ပြိတ္တာ–သူရကာယ်တည်း။

၂။ ပြောဆိုမှုမှာ ကြမ်းတမ်းတာ မှန်စွာ ဒေါသတည်း။ ဒေါသနှင့်သာ သေသူမှာ သေခါ ငရဲတည်း။

၃။ တွေဝေများစွာ စဉ်းစားတာ မှန်စွာ မောဟတည်း။ မော်ဟနှင့်သာ သေသူမှာ သေခါ တိရစ္ဆာန်တည်း။

## အို–ယောဂီ

* အိုဘေားကိုထမ်း နာဘေားလမ်း ပြေးလှမ်းနေပြီ အို–ယောဂီ။
* နာဘေားကိုထမ်း သေဘေားလမ်း ပြေးလှမ်းနေပြီ အို–ယောဂီ။
* အိုနာသေဘေး ကင်းလွတ်ရေး ကျင့်ပေးကြမည် အို–ယောဂီ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ကြိုးစားလိုက်

- ✻ မသိမှုပယ်ကာ သိအောင်ပွားမှ နိဗ္ဗာန်တရားတော့ ရတော့မည်။
တို့ယောဂီရယ် မြန်စွာကျင့်လို့ မှန်စွာမဂ်ခရီး ရောက်လိမ့်မည်။
- ✻ လူ၏အကြိုက် ဆယ်ခါလိုက်လည်း မလိုက်တစ်ခါ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ စွဲမှတ်ယူ၏။
- ✻ အိုဘေးဒုက္ခ တွေ့ကြုံက သားက မကယ်ပြီ၊
- ✻ နာဘေးဒုက္ခ တွေ့ကြုံက သမီးက မကယ်ပြီ၊
- ✻ သေဘေးဒုက္ခ တွေ့ကြုံက မိဘ မကယ်ပြီ။

## မဂ် ဖိုလ် ဝေးကြောင်း

မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယလျှော့၊ အင်အားပျော့ကာ၊ လွန်စွာသူမှား၊ ဤငါးပါး၊ တရားမဂ်ဖိုလ် ဝေးကြောင်းတည်း။

## တရားရကြောင်း အင်္ဂါ ငါးပါး

ယုံကြည်ကျန်းမာ ဖြောင့်စွာစိတ်ထား ကြိုးစားတွင်တွင် ဖြစ်ပျက်မြင် ငါးအင် မဂ်ရကြောင်း။

ပြောသလိုလုပ် လုပ်သလိုပြော ဒါသူတော်ကောင်းသဘော။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပညတ်နိုင်ငံ မလွန်ဆန် နိဗ္ဗာန်မရပါ။ ပရမတ်နိုင်ငံ အယူ သန် လားရန် အဝီစိ၊ ပညတ် ပရမတ် ရောစပ် ယူအပ်ကြ ဖို့ပါ။

၁။ ကိုယ်နှင့်အသက် မငဲ့ကွက် ရက်စက်နိုင်ရမည်၊
၂။ မနားမရပ် ခြားမပြတ် ရှုမှတ် မြဲရမည်၊
၃။ ရှုစဉ်ပေါ်ရိုး ဆင်းရဲမျိုး လွှမ်းမိုးပါယ်ရမည်၊
၄။ လမ်းဆုံးမရောက် ဒူးမထောက် တောက်လျှောက်သွားရမည်။
၅။ လမ်းဆုံးရောက် လက်မမြှောက် တောက်လျှောက်သွားရမည်။

## တရားရှာလို့မလွယ်

၁။ အိုမင်းဇရာ ရောက်သောခါ တရားရှာလို့မလွယ်ပြီ၊
၂။ ရောဂါများစွာ ဖြစ်သောခါ တရားရှာလို့မလွယ်ပြီ၊
၃။ ငတ်မွတ်ခေါင်းပါး တွေ့ကြငြား တရားရှာလို့မလွယ်ပြီ၊
၄။ ဘေးဆိုးများစွာ ကြုံသောခါ တရားရှာလို့မလွယ်ပြီ၊
၅။ သံဃာကွဲပြား ဖြစ်တုံငြား တရားရှာလို့မလွယ်ပြီး။

**(အသမယသုတ်)**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မသိရှာကြ ဤလောက

ငါတို့ခန္ဓာအသက်ဟာ ရှည်မှာဘယ်မျှ မသိပါ။
ငါတို့ခန္ဓာဘယ်ရောဂါ ဖြစ်လာမည်ကို မသိပါ။
ငါတို့ခန္ဓာသေရက်မှာ ဘယ်ပုဂ္ဂိုလ်မှ မသိပါ။
ငါတို့ခန္ဓာ ဘယ်နေရာ သေမှာဘယ်သူ မသိပါ။
ငါတို့ခန္ဓာရုပ်ဒေသာ ဘယ်မှာသေမည် မသိပါ။

* လက်ရှိခန္ဓာ မတွယ်တာနှင့် နောင်လာဘဝ မတောင့်တပဲ၊ ကြောင့်ကြစွဲဖြင့် အမြဲမပြတ် ဝိပဿနာ လေ့လာကြိမ်ကြိမ် အာစိဏ္ဏကံ ဖြစ်ကြောင်းပန်မှု ထိုသည့်သူကား အယူအစွဲ ဂတိမြဲ၏။

* မီးစွဲလောင်မှ ရေကိုတသော် မရဖြစ်အင် ပုံနှိုင်းယှဉ်၍ မဂ္ဂင်သန္ဓေ တည်မြဲနေအောင် မသေခင်က ပြင်ဆင် တောက်လျှောက် မမေ့ပျောက်နှင့် ချွေးပေါက်ယိုစီး သေခါ နီးဝယ် အပြီးမုချ မဂ္ဂင်ရလိမ့် ကိစ္စမလျော် အကြောင်း ပေါ်၍ မတော်တဆ မဂ်ရဦး ဘဝအစွန်း တမလွန်တွင် ထူးချွန်အံ့လောက် နတ်ပြည်ရောက်၍ မဖောက်မပြန် သောတာပန်စစ် ဇကန်ဖြစ်မည် မလစ်ဝိပဿနာ အကျိုး ပေတည်း။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၁၀။ တရားအားထုတ်ရန် စည်းကမ်းချက်များ

သြကာသ၊ သြကာသ၊ သြကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား)တို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် တပည့်တော်တို့ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန သီလ စေတနာကံတို့နှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဝိပဿနာလမ်းညွှန်ဆောင်ပုဒ်

ထိုင်နည်း — ဘင်ပျဉ်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာ ဖြောင့်အောင် ထား၊ မလှုပ်ကြွေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေ မလွင့်ပါး။ မျက်စိမှိတ်ကာ ခေါင်းတည့်ပါ၊ နှာခေါင်းဝမှာ စိတ်ကိုထား။

ရှုမှတ်နည်း — ထွက်လေ ဝင်လေ စိတ်စိုက်နေ မှတ်လေ ယောဂီများ၊ မနှေးမမြန် ဝင်လေဟန် မှတ်ပြန် သတိထား၊ မနှေးမမြန် ထွက်လေဟန် မှတ်ပြန် သတိထား၊ စ, လယ်, အဆုံး သုံးပါးလုံး သိမ်းကြုံး သိအောင်ပွား၊ ဝင်လေရုပ် ထွက်လေရုပ် ငြိမ်မလှုပ် ပျောက်ချုပ် သတိထား။

အကျိုးရပုံ — သူငါမဟုတ် နာမ်နှင့်ရုပ် အဟုတ်သိအောင် ပွား။ နာမ်ရုပ်ထင်မြင် သူငါဝင် ပယ်ခွင်ငြိမ်းစေသား။

## တရားအားထုတ်ခါနီး ပရိကံပြုရန် စည်းကမ်းချက်

အဟံဘန္တေ သံသာဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဣမံ အတ္တာနံ ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အာစရိယဿ အတ္တာယ ဓိဝိတံနိယျာ ဒေမိပရိစ္စဇာမိ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲဘေးအပေါင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှု။ မောစနတ္တာယ၊ လွတ်မြောက်ပါရစေခြင်းအကျိုးငှာ။ ဣမံ အတ္တာနံ၊ ဤခန္ဓာငါးပါးကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအားလည်း ကောင်း။ ဓမ္မဿ၊တရားတော်မြတ်အားလည်းကောင်း။ သံဃဿ၊ သံဃာတော်မြတ်အားလည်းကောင်း။ အာစရိယဿ၊ ဆရာတော် မြတ်အားလည်းကောင်း။ အတ္တာယ၊ အကျိုးငှာ။ ဇီဝိတံ၊ အသက် ကို။ နိယျာဒေမိ၊ အပ်နှင်းပါ၏။ ပရိစ္စာမိ၊ လှူဒါန်း စွန့်ကြဲ ပါ၏ အရှင်မြတ်ဘုရား။

ဇီဝိတံသမာ နောပိသိက္ခာပဒါဟံ န စဇာမိ။

ဇီဝိတံ၊ အသက်ကို။ စဆမနောပိ၊ စွန့်လွှတ်ငြားသော် လည်း။ သိက္ခာပဒံ၊ ကိုယ်ကျင့်သီလတော်မြတ်ကို။ အဟံ၊ တပည့် တော်သည်။ န စဇာမိ၊ စွန့်လွှတ်ပါအရှင်ဘုရား။

အရှင်ဘုရား တပည့်တော်များသည် တရားအားထုတ်ဆဲ ခဏ၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ် ဆင်းရဲ စိတ်ဆင်းရဲကင်း၍ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ် သော ဒါနသီလ၊ စေတနာ၊ ကံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်ကို ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## တရားအားထုတ်ပြီး အနန္တငါးပါးတို့ကို ပူဇော်ကန်တော့ရန်

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ဓမ္မံ၊ တရားတော် မြတ်ကို။ သံဃံ၊ သံဃာတော်မြတ်အပေါင်းကို, မိဘ ဘိုးဘွား ဆရာသမားတို့ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

## ဆုတောင်းရန်

အဒ္ဓါဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။

ဣမာယ ပဋိပတ္တိယာ၊ မဂ်လေးတန်, ဖိုလ်လေးတန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ် ပဋိပတ်ကြောင့်။ ဇာတိ ဇရာ ဗျာဓိ မရဏမှာ၊ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှာ။ အဒ္ဓါ၊ မချွတ်ဧကန်။ ပရိမုစ္စိဿာမိ၊ လွန်မြောက်ရပါလို၏ အရှင်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မေတ္တာပို့

၁။ အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၂။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။

၃။ ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။

၄။ မြင်ဖူး မမြင်ဖူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၅။ ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ နီးနေ ဝေးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ် စိတ် မြဲပါစေ။

၇။ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။

၈။ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ကျန်းမာကြပါစေ။

၉။ မေတ္တာရန်သူ ဒေါသမှု အပူကင်းပါစေ။

၁၀။ မေတ္တာရေချမ်း ကိုယ်စီဖြန်း အေးချမ်းကြပါစေ။

၁၁။ ခန္တီနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။

၁၂။ သူတော်ကောင်းဓာတ် တရားမြတ် လွှမ်းပတ်ကမ္ဘာတည်ပါစေ။

၁၃။ သစ္စာလေးရပ် တရားမြတ် လှည့်ပတ်ကမ္ဘာတည်ပါစေ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၁၄။ တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။
၁၅။ တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ချမ်းငြိမ်းကြပါစေ။

## ဆုတောင်း အမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် အမတခေမံ ပြည်နိဗ္ဗာန်ကို ကောန်ထုတ်ချောက် ရောက်စေသော်။ ယနေ့ယခု အားထုတ်သမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာ စောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ရှိရှိသမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေ သာဓုခေါ်စေသောဝ်။

အမျှ - အမျှ - အမျှ ယူတော်မူကြပါကုန်လော့။

( သာဓု - သာဓု - သာဓု )

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## စာအုပ်အလှူရှင်များ

### ရဟန်းဒါယကာ ဒါယိကာမများ၊ ထားဝယ်မြို့

| | | ကျပ် |
|---|---|---|
| ၁။ | ဦးဝင်းကို – ဒေါ်ပိုနွဲ့ | ၁၃၀၀၀၀၀ |
| ၂။ | ဦးဝင်း – ဒေါ်မိထွေး | |
| ၃။ | ဦးဝမ်းတင် – ဒေါ်ကြူရီ | |
| ၄။ | ဦးအောင်နိုင် – ဒေါ်စန်းစန်းယု | |
| ၅။ | ဒေါက်တာတင်ဦးလွင်၊ ဒေါက်တာမျိုး | |
| ၆။ | ဦးကျော်ကျော်ဦး – ဒေါ်သီတာမိုး | |
| ၇။ | မယဉ်ယဉ်သိန်း | |

### ရဟန်းဒါယကာ ဒါယိကာမများ၊ ပဲခူးမြို့

| | | ကျပ် |
|---|---|---|
| ၁။ | ဦးမောင်အေး – ဒေါ်သန်းသန်းငွေး မိသားစု မိဘမေတ္တာစတိုး၊ ပဲခူးမြို့။ | ၂၀၀၀၀၀ |
| ၂။ | ဒေါ်ညို သပြေညိုရောင်းဝယ်ရေး မိသားစု၊ ပဲခူးမြို့။ | ၁၀၀၀၀၀ |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

| | | ကျပ် |
|---|---|---|
| ၃။ | ကိုအောင်အောင် ဘိုကလေး | ၁၀၀၀၀၀ |
| ၄။ | ဦးမြင့်စိန် – ဒေါ်လှကြည် မိသားစု<br>မြင်းကျားဆေးပေါ့လိပ်၊ ပဲခူးမြို့။ | ၁၀၀၀၀၀ |
| ၅။ | ဒေါ်စန်းမြင့် မိသားစု<br>မြို့သစ်၊ ပဲခူးမြို့။ | ၅၀၀၀၀ |
| ၆။ | ဒေါ်ကြည်ဟန် မိသားစု<br>ပင်လုံဆေးပေါ့လိပ်၊ ပဲခူးမြို့။ | ၅၀၀၀၀ |
| ၇။ | ဒေါ်တူး ယုဇနရွှေဆိုင်၊ ပဲခူးမြို့။ | ၅၀၀၀၀ |
| ၈။ | ဒေါ်မြင့်သိန်း၊ ဒေါ်သန်းငွေ<br>အုန်းဝင်တန်းလမ်း၊ ပဲခူးမြို့။ | ၅၀၀၀၀ |
| ၉။ | ဦးသန်းဖေ – ဒေါ်ခင်ဝိ မိသားစု၊ ပဲခူးမြို့။ | ၅၀၀၀၀ |
| ၁၀။ | ဦးတင်ရွှေ – ဒေါ်ကျင်လှိုင် မိသားစု<br>ရွှေသိန်းမုန့်တိုက်၊ ပဲခူးမြို့။ | ၃၀၀၀၀ |
| ၁၁။ | ဒေါ်နီ မိသားစု၊ ရွာသစ်၊ ပဲခူးမြို့။ | ၃၀၀၀၀ |
| ၁၂။ | ဦးကျော်သောင်း – ဒေါ်ယဉ်ယဉ်မြင့်<br>မိသားစု၊ ပဲခူးမြို့။ | ၃၀၀၀၀ |
| ၁၃။ | ဦးအေးနိုင် – ဒေါ်နန်းသင်းမြင့်ကြည်<br>မြင်းကျားဆေးပေါ့လိပ်၊ ပဲခူးမြို့။ | ၃၀၀၀၀ |
| ၁၄။ | ဒေါ်ကြည်ကြည်ဝင်း ညောင်ဝိုင်း၊ ပဲခူးမြို့။ | ၂၀၀၀၀ |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

| | | ကျပ် |
|---|---|---|
| ၁၅။ | ဒေါ်ကျင်ကျူး ပဲခူးမြို့။ | ၂၀၀၀၀ |
| ၁၆။ | ဦးတိုး – ဒေါ်ခင်ထား ရွာသစ်၊ ပဲခူးမြို့။ | ၂၀၀၀၀ |
| ၁၇။ | ဒေါ်ခင်နွဲ့သောင်း ရွှေသာလျောင်းပိုင်း၊ ပဲခူးမြို့။ | ၂၀၀၀၀ |
| ၁၈။ | ဦးအောင်နိုင် – ဒေါက်တာ မာမာမြိုင် မိသားစု၊ မြင်းကျားဆေးပေါ့လိပ်၊ ပဲခူးမြို့။ | ၂၀၀၀၀ |
| ၁၉။ | ဒေါ်အေးဌေး မြို့သစ်၊ ပဲခူးမြို့။ | ၁၅၀၀၀ |
| ၂၀။ | ဒေါ်လှမြင့် မိသားစု၊ ဟသ်ာစတိုး၊ ပဲခူးမြို့။ | ၁၀၀၀၀ |
| ၂၁။ | ဒေါ်အေးသန်း အမွှာဆန်ဆိုင်၊ ညောင်ဝိုင်း၊ ပဲခူးမြို့။ | ၁၀၀၀၀ |
| ၂၂။ | ဦးတင့်နိုင် – ဒေါ်အေးအေးမြင့် ထိပ်တန်းဆေးလိပ်၊ ပဲခူးမြို့။ | ၁၀၀၀၀ |
| ၂၃။ | (သား) ထက်အောင်ရှိုင်း အားရည်စူး၍ ဒေါ်ခင်စန်းကြူ မိသားစု၊ ပဲခူးမြို့။ | ၁၀၀၀၀ |
| ၂၄။ | ကိုမောင်တင့်နိုင် – မအေးမြင့်နိုင် မိသားစု၊ ပဲခူးမြို့။ | ၁၀၀၀၀ |
| ၂၅။ | ဦးတိုး – ဒေါ်ကြည်ကြည်သန်း မိသားစု မြန်နန္ဒာဟိုတယ်၊ ပဲခူးမြို့။ | ၅၀၀၀ |

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျပ်

၂၆။ မထက်အေးချမ်း မြင်းကျားဆေးပေါ့လိပ်၊
ပဲခူးမြို့။ ၅၀၀၀

၂၇။ မချစ်စု မြင်းကျားဆေးပေါ့လိပ်၊ ပဲခူးမြို့။ ၅၀၀၀

## ရဟန်းဒါယကာ ဒါယိကာမများ၊ ရန်ကုန်မြို့

၁။ ဦးမိုးနိုင် – ဒေါ်ငြိမ့်ငြိမ့်ကျော်
မိသားစု ၁၀၀၀၀၀ ၁၀၅၀၀၀
သမီး အိမ့်ဖူးဖူး ၅၀၀၀
ဖန်ဆင်းရှင်လက်မှုကမ္ဘာ၊ ရန်ကုန်မြို့။

၂။ ဒေါ်သိန်းသိန်း နှင့်
မောင်လှရွှေ – မစန်းစန်းနိုင်
မိသားစု၊ ရန်ကုန်မြို့။ ၃၀၀၀၀

၃။ ဦးခင်ဦး – ဒေါ်လှသာစိန်
သမီး မြတ်မြတ်နိုင် မိသားစု၊ ရန်ကုန်မြို့။ ၂၀၀၀၀

၄။ ဦးကိုကိုလေး – ဒေါ်သိန်းနုခိုင် မိသားစု၊
ရန်ကုန်မြို့။ ၅၀၀၀

၅။ ဦးစိန်ဝင်း – ဒေါ်သိန်းကျော့ မိသားစု၊
ရန်ကုန်မြို့။ ၅၀၀၀

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)